# ကြေးမုံ

The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်၊ စနေနေ့ (19-12-2015) (၈၄၁၉)


## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဉပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ စတင်ကျင်းပမည့်ရက် ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

(ကြေညာချက်အမှတ်၊ ၂/၂၀၁၅)

၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်
(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ စတင်ကျင်းပမည့်ရက် ကြေညာခြင်း**

၁။ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် နိုင်ငံတော်သမ္မတအနေဖြင့် ငြိမ်းချမ်းရေးဖော်ဆောင်ရန် စတင်ကမ်းလှမ်းဖိတ်ခေါ်ခဲ့ပြီးနောက် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement - NCA)ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၈)ဖွဲ့တို့အကြား လက်မှတ်ရေးထိုးခဲ့ပါသည်။

၂။ ၎င်းသဘောတူစာချုပ်ပါ ကတိကဝတ်များအတိုင်း နိုင်ငံရေးဆွေးနွေးပွဲများ စတင်ရန်အတွက် အခြေခံရမည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် (The Framework for Political Dialogue) ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ရေးဆွဲပြီးစီးခဲ့ပြီးဖြစ်ပါသည်။

၃။ ၎င်းမူဘောင်ကိုအခြေခံ၍ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးနှင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် ငြိမ်းချမ်းစွာအဖြေရှာနိုင်ရေး စတင်နိုင်ရန်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် စတင်ကျင်းပရန် ကြေညာလိုက်သည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်နိုင်ငံ စတန်းဖို့ဒ်တက္ကသိုလ်မှ ဧည့်သည်အဖွဲ့နှင့် ပြင်သစ်နိုင်ငံ အမျိုးသားလွှတ်တော် နိုင်ငံခြားရေးရာကော်မတီဥက္ကဋ္ဌတို့အား သီးခြားစီတွေ့ဆုံ**

စာမျက်နှာ - ၃



# ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက် စာရင်းအရ လုံးခင်း၊ ဖားကန့်ရတနာနယ်မြေမှာ တူးဖော်ရေးကုမ္ပဏီ ၆၂၇ ခုကို ပုဂ္ဂလိကလုပ်ကွက်ပေါင်း ၇၇၁၄ ကွက်နဲ့ ကုမ္ပဏီ ၂၃၁ ခုကို အကျိုးတူလုပ်ကွက် ၃၁၁ ကွက် စုစုပေါင်းဧရိယာ ၂၂၅၅၈ ဒသမ ၃၀ ဧကကို လုပ်ကိုင်ခွင့်ပြုခဲ့ပါတယ်

## သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ညွှန့်သိန်းနှင့် တွေ့ဆုံခြင်း

**တွေ့ဆုံမေးမြန်း - မောင်ဖိုးဇော်(ကလေး)**

**ကချင်ပြည်နယ် ဖားကန့်ဒေသရှိ ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းများတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ တရားဉပဒေစိုးမိုးရေးတို့အပြင် သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်နှင့် ကျန်းမာရေးထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ လူမှုမီဒီယာများတွင် ဝေဖန်မှုများထွက်ပေါ်နေမှုအပေါ် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ညွှန့်သိန်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။**

**မေး။ ဖားကန့်ရတနာမြေအကြောင်းနဲ့ အဲဒီမှာ ကျောက်စိမ်းတူးဖော်ရေးလုပ်ကွက်တွေ ခွင့်ပြုပေးနေတဲ့အခြေအနေကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ လုံးခင်း၊ ဖားကန့်ရတနာနယ်မြေကို အစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ သတ္တုတွင်းဝန်ကြီးဌာနက ၂၀၀၁ ခုနှစ် အောက်တိုဘာလ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၈၈/၂၀၀၁)နဲ့ ထုတ်ပြန်သတ်မှတ်ပေးခဲ့ခြင်းဖြစ်ပါတယ်။ ဧရိယာအကျယ်အဝန်းက ၁၇၅၂၀၆၄ ဧကရှိပါတယ်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**



လုံးခင်း၊ ဖားကန့်ဒေသတွင်
ကျောက်စိမ်းများ တူးဖော်ထုတ်လုပ်နေစဉ်။ (ဓာတ်ပုံ-သတ္တုတွင်း)




ပြည်တွင်းရေးရာ

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်နိုင်ငံ စတန်းဖို့ဒ်တက္ကသိုလ်မှ ပါမောက္ခ ဒန်အန်ကြူ ဦးဆောင်သည့် စီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့ သင်တန်းသား သင်တန်းသူများအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်နိုင်ငံ စတန်းဖို့ဒ်တက္ကသိုလ်မှ ပါမောက္ခ ဒန်အန်ကြူ ဦးဆောင်သည့် စီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့ သင်တန်းသား သင်တန်းသူများအား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လာရောက်ဂါရဝပြုတွေ့ဆုံသည့် စီးပွားရေးစီမံခန့်ခွဲမှု မဟာဘွဲ့ သင်တန်းသား သင်တန်းသူများက မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ၊ ငြိမ်းချမ်းရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ မေးမြန်းမှုများကို နိုင်ငံတော်သမ္မတက ရှင်းလင်းဖြေကြားသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးရဲထွဋ်၊ ဦးဇေယျာအောင်၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒေါက်တာကံဇော်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်နိုင်ငံ စတန်းဖို့ဒ်တက္ကသိုလ်မှ ပါမောက္ခ ဒန်အန်ကြူ ဦးဆောင်သည့် စီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့ သင်တန်းသား သင်တန်းသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။** (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြင်သစ်နိုင်ငံ အမျိုးသားလွှတ်တော် နိုင်ငံခြားရေးရာကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြင်သစ်နိုင်ငံ အမျိုးသားလွှတ်တော် နိုင်ငံခြားရေးရာကော်မတီဥက္ကဋ္ဌ မစ္စစ် အဲလိဇဘက် ဂီဂူ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ရွေးကောက်ပွဲလွန်ကာလ တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်နေမှု အခြေအနေများကို ဆွေးနွေးကြသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် မစ္စစ် အဲလိဇဘက် ဂီဂူ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး မစ္စတာ အိုလီဘာ ရစ်ချက်လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြင်သစ်နိုင်ငံ အမျိုးသားလွှတ်တော် နိုင်ငံခြားရေးရာကော်မတီဥက္ကဋ္ဌ မစ္စစ် အဲလိဇဘက် ဂီဂူနှင့် တွေ့ဆုံဆွေးနွေးစဉ်။** (သတင်းစဉ်)

# ယခုနှစ်၏အထူးခြားဆုံးနိုင်ငံ မြန်မာနိုင်ငံကို ရွေးချယ်

**ကိုရင်ဩ ဘာသာပြန်ဆိုသည်**

"ယခုနှစ်၏ အထူးခြားဆုံးနိုင်ငံ"အဖြစ် မြန်မာနိုင်ငံကို ရွေးချယ်ကြောင်း ဗြိတိန်နိုင်ငံ၏ အပတ်စဉ်ထုတ်မဂ္ဂဇင်းကြီးဖြစ်သော The Economist မဂ္ဂဇင်းက ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။ မြန်မာနိုင်ငံသည် လွန်ခဲ့သည့်နှစ်၏ အချိန်ကာလအများစုတွင် တိုးတက်မှုပြသနိုင်ခဲ့ကြောင်း အဆိုပါ မဂ္ဂဇင်းက ပြောကြားသည်။

ပိုမိုသာယာဝပြောသော ကမ္ဘာကြီးအဖြစ် ရပ်တည်နိုင်ရန် ကူပံ့ပေးသည့် မည်သည့်နိုင်ငံ တစ်နိုင်ငံအား နှစ်အလိုက် အထူးခြားဆုံးနိုင်ငံအဖြစ် ဂုဏ်ပြုသင့်သည်ကို ကျွန်ုပ်တို့ စဉ်းစားခဲ့ကြသည်ဟု အဆိုပါ မဂ္ဂဇင်း၏ အယ်ဒီတာများက ပြောကြားကြသည်။

တစ်စုံတစ်ယောက်က မျှော်မှန်းခဲ့သည်ထက်ပင် ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို မြန်မာနိုင်ငံက ပြုလုပ်နိုင်ခဲ့သည်ဟု အယ်ဒီတာများက ရေးသားဖော်ပြကြသည်။

လွန်ခဲ့သည့်ငါးနှစ်က အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ဓာတ်ပုံများကိုပင်လျှင် သတင်းစာများ၌ ဖော်ပြခွင့်ပိတ်ပင်ခဲ့သည်ဟု ၎င်းတို့က ထောက်ပြကြသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးရှုခင်း၌ တပ်မတော်က ကြီးမားသောအထူးအခွင့်အရေးများ ရရှိထားသည်ဟု ဆောင်းပါးတွင် အသိအမှတ်ပြုထားသည်။ သို့ရာတွင် နိုဝင်ဘာလရွေးကောက်ပွဲ၌ ထောက်ခံမဲ ၇၇ ရာခိုင်နှုန်း ရရှိခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အောင်ပွဲအပြီး တပ်မတော်အနေဖြင့် တာဝန်ခွဲဝေကျင့်သုံးမှုပြုလုပ်ရန် အသင့်ရှိနေပုံကို ပြသလာသည်ဟုလည်း ဆောင်းပါးတွင် ဝန်ခံဖော်ပြထားသည်။

ရုရှား(သို့မဟုတ်) အစ္စလာမ့်နိုင်ငံတော် (အိုင်အက်စ်)တို့ကဲ့သို့ ကမ္ဘာ့သတင်းခေါင်းစဉ်အများစုကို နေရာယူထားသော နိုင်ငံတစ်နိုင်ငံအား ရွေးချယ်ခြင်း မပြုသည့် အကြောင်းတရားများကိုလည်း လန်ဒန်အခြေစိုက် သတင်းမဂ္ဂဇင်းကြီးက ရှင်းပြထားသည်။ ရုရှားနှင့် အိုင်အက်စ်တို့သည် ၂၀၁၅ ခုနှစ်အတွင်း အခြားနိုင်ငံအများစုထက်ပိုမို၍ ကမ္ဘာ့သတင်းစာမျက်နှာများပေါ် လွှမ်းမိုးခဲ့ကြသည်။

စစ်သူရဲကောင်းဝါဒ၊ ပြည်တွင်းဖိနှိပ်မှု၊ ပြည်ပမှတရားမဝင်တင်သွင်းသော ဒိန်ခဲများအား ဖျက်ဆီးမှုစသည့် အကြောင်းခြင်းရာ ဖန်တီးသူများကို မိမိတို့ ချီးကျူးဂုဏ်ပြုလိုခြင်းမရှိကြောင်း၊ ထိုနည်းတူစွာ အိုင်အက်စ်အဖွဲ့သည် အများ၏ အော့နှလုံးနာစရာအုပ်စုအဖြစ်မှတစ်ပါး နိုင်ငံတစ်နိုင်ငံဟူ၍ သတ်မှတ်နိုင်သော ဂုဏ်အင်္ဂါများ မပြည့်စုံကြောင်း အယ်ဒီတာများကသုံးသပ်ရေးသားသည်။

ပိုမို၍ သာယာဝပြောသောကမ္ဘာကြီးအဖြစ် တည်ဆောက်မှုတွင် ပါဝင်လှုပ်ရှားနေသည့်နိုင်ငံတစ်နိုင်ငံကိုသာလျှင် အသိအမှတ်ပြုရန် မိမိတို့လိုလားကြောင်း၊ သို့ဖြစ်ပေရာ မြန်မာနိုင်ငံသည် ဆုရရှိထိုက်ကြောင်း The Economist မဂ္ဂဇင်းကြီးတွင် ရေးသားဖော်ပြသည်။

The Economist မဂ္ဂဇင်းသည် အင်္ဂလိပ်ဘာသာဖြင့် ရက်သတ္တပတ်ထုတ် သတင်းမဂ္ဂဇင်းဖြစ်ပြီး Economist Group က ပိုင်ဆိုင်သည်။ ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ ဌာနချုပ်တွင် တည်းဖြတ်သည်။ ၁၈၄၃ ခုနှစ် စက်တင်ဘာလတွင် မဂ္ဂဇင်းထူထောင်သူ ဂျိမ်းဝီလ်ဆင် လက်ထက်မှစတင်ကာ အဆက်မပြတ် ပုံမှန်ထုတ်ဝေလာသော မဂ္ဂဇင်းလည်းဖြစ်သည်။

The Economist မဂ္ဂဇင်းသည် ယခုအခါ ပုံနှိပ်စာစောင်နှင့် အွန်လိုင်းစာစောင်တို့အရ စာဖတ်ပရိသတ် ၅ ဒသမ ၃ သန်းရှိသည်ဆို၏။

**ရည်ညွှန်း** - ***The Economist Declares Myanmar "Country of the Year" by Ye Myint(GNLM; 18 Dec 2015)***



# ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ၁၆ သင်းအဆင့်ရောက်ရှိရန် ကြိုးပမ်းမည့် တရုတ်

**ကူမင်း ဒီဇင်ဘာ ၁၈**

တရုတ်နိုင်ငံသည် လာမည့်ဆယ်စုနှစ်တစ်ခုမှ နှစ်ခုအတွင်း ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ၁၆ သင်းအဆင့်သို့ရောက်ရှိရန် ကြိုးစားသွားမည်ဖြစ်ကြောင်း တရုတ်အားကစားဆိုင်ရာ အဆင့်မြင့်အရာရှိတစ်ဦးက ဒီဇင်ဘာ ၁၈ ရက်တွင် ပြောကြားသည်။

"တရုတ်အမျိုးသားလက်ရွေးစင်ဘောလုံးအသင်းရဲ့ ရေရှည်ရည်မှန်းချက်ကတော့ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ၁၆ သင်းအဆင့် ရောက်ရှိဖို့ဖြစ်ပါတယ်"ဟု တရုတ်ဘောလုံးအဖွဲ့ချုပ်(စီအက်ဖ်အေ)ဥက္ကဋ္ဌ ကိုင်ဇန်ဟွာက ဒီဇင်ဘာ ၁၈ ရက်တွင်ကျင်းပသည့် စီအက်ဖ်အေ အစည်းအဝေးတွင် ပြောကြားသည်။

"ကျွန်တော်တို့ တရုတ်အမျိုးသားလက်ရွေးစင် ဘောလုံးအသင်းကို တောင့်တင်းခိုင်မာတဲ့ ကမ္ဘာ့အဆင့်မီဘောလုံးအသင်းတစ်သင်းဖြစ်အောင် ကြိုးစားသွားမှာဖြစ်သလို ကမ္ဘာ့ဖလားပြိုင်ပွဲကိုလည်း ဝင်ရောက်ယှဉ်ပြိုင်ဖို့ အဆင်သင့်ဖြစ်နေပါပြီ။ ၁၆ သင်းအဆင့် ရောက်ရှိဖို့ ၁၀ နှစ်ကနေ နှစ် ၂၀ လောက်အချိန်ယူရမှာဖြစ်သလို ဒီထက်လည်းပိုကြာသွားနိုင်ပါတယ်" ဟု ကိုင်က ပြောကြားသည်။

တရုတ်အသင်းသည် ၂၀၀၂ ခုနှစ်က ကမ္ဘာ့ဖလားပြိုင်ပွဲတွင်သာ ခြေစစ်ပွဲအောင်မြင်ခဲ့ဖူးပြီး လေးသင်းအုပ်စုတွင် ပြိုင်ဘက်အသင်းအားလုံးကို ရှုံးနိမ့်ခဲ့ကာ သွင်းဂိုးတစ်ဂိုးမျှပင်မရရှိဘဲ ပြိုင်ပွဲမှစောစီးစွာ နုတ်ထွက်ခဲ့ရသည်။ တရုတ်အသင်းသည် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း အာရှဇုန်မှ ခြေစစ်ပွဲအောင်မြင်ရန် အခွင့်အလမ်းနည်းပါးလျက်ရှိသည်။

"တရုတ်အသင်းအနေနဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲကြီးမှာ ပုံမှန်ပါဝင်ယှဉ်ပြိုင်နိုင်ဖို့ တကယ့်ကိုကြိုးစားရမှာပါ။ အားလုံးသိကြတဲ့အတိုင်း ကျွန်တော့်အနေနဲ့ အဲဒီအဆင့်ကိုရောက်ဖို့ အဝေးကြီးလိုပါသေးတယ်။ ဒါပေမယ့် တကယ်ကြိုးစားမယ်ဆိုရင် တစ်နေ့နေ့တစ်ချိန်ချိန်မှာ ၁၆ သင်းအဆင့်ကို တက်လှမ်းနိုင်မှာပါ။ ကျွန်တော်တို့ရည်မှန်းချက်ကတော့ ဖီဖာရဲ့ ကမ္ဘာ့အဆင့်သတ်မှတ် ၅၀ အတွင်း ဝင်အောင်ကြိုးစားပြီး ဒုတိယအဆင့်အနေနဲ့ အဆင့် ၃၀ အတွင်း ဝင်အောင်ကြိုးစားသွားမှာပါ" ဟု ကိုင်က ဆက်လက်ပြောကြားသည်။

တရုတ်အသင်းသည် အာရှဇုန်မှ ခြေစစ်ပွဲအောင်မြင်ရန် အခွင့်အရေး အနည်းငယ်သာရှိနေသော်လည်း အုပ်စု(ဂ)မှ လက်ကျန် ပွဲစဉ်များကို အကောင်းဆုံးယှဉ်ပြိုင်ကစားသွားရန် ကိုင်က တောင်းဆိုခဲ့သည်။ တရုတ်အသင်းသည် အုပ်စု(ဂ)တွင် ကာတာနှင့် ဟောင်ကောင်တို့နောက် တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

**ဆင်ဟွာ။**

# ဟောင်ကောင်မှပို့လိုက်သည့် ကော်ဖီစားပွဲအတွင်းမှ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**ဝယ်လင်တန် ဒီဇင်ဘာ ၁၈**

ဟောင်ကောင်မှတင်ပို့လိုက်သည့် ကော်ဖီစားပွဲတစ်လုံးအား နယူးဇီလန်အကောက်ခွန်တာဝန်ရှိသူများက စစ်ဆေးမှုပြုလုပ်ရာတွင် နယူးဇီလန်ဒေါ်လာ ကိုးသန်းခန့်တန်ကြေးရှိသော တရားမဝင်မူးယစ်ဆေးများ တွေ့ရှိခဲ့ကြောင်းသိရသည်။

နယူးဇီလန်အကောက်ခွန်ဝန်ထမ်းများက ရဲတပ်ဖွဲ့နှင့်အတူ ပူးတွဲစုံစမ်းစစ်ဆေးမှုတစ်ခုအတွင်း ဝယ်လင်တန်မြို့ရှိလိပ်စာတစ်ခုဖြင့် ဟောင်ကောင်မှပို့လိုက်သည့် ကော်ဖီစားပွဲတစ်လုံးအတွင်း ဝှက်ထားသော အထုပ် ၁၅ ထုပ်အတွင်းမှ ကိုးကီလိုဂရမ်ကျော်ရှိ မီသာဖက်တမင်းမူးယစ်ဆေးဝါးများ တွေ့ရှိခဲ့သည်။ စုံစမ်းစစ်ဆေးမှုအတွင်း မည်သူ့ကိုမျှ ဖမ်းဆီးမှုမပြုလုပ်ရသေးသော်လည်း နယူးဇီလန်နိုင်ငံရှိ လမ်းများပေါ်သို့ရောက်ရှိမည့် များပြားသော မီသာဖက်တမင်းမူးယစ်ဆေးဝါးများကို ဟန့်တားနိုင်ခဲ့ကြောင်း အကောက်ခွန်စုံစမ်းစစ်ဆေးရေးမန်နေဂျာ မော်ရိုက် အိုးဘရိုင်ယန်က ထုတ်ပြန်ချက်တစ်ခု၌ ပြောကြားသည်။

"မူးယစ်ဆေးတွေကို ရှာဖွေလို့မရအောင် အသေအချာဝှက်ထားပေမယ့် ကျွန်တော်တို့ရဲ့ အကောက်ခွန်ဝန်ထမ်းတွေက သတိဝီရိယရှိပါတယ်။ အကောက်ခွန်ဌာနမှာ ကောင်းမွန်တဲ့အကဲဖြတ်စနစ်တွေရှိပြီး အရေးပါတဲ့ ဖမ်းဆီးမှုတွေ ဆက်လက်ပြုလုပ်သွားမှာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။ နိုင်ငံတကာမူးယစ်ဆေးဝါးထောက်ပံ့ရေးလမ်းကြောင်းကိုနှောင့်ယှက်ရန်၊ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုတွင် ပါဝင်သူများကို ဖော်ထုတ်ရန်နှင့် နယ်စပ်ဒေသများကို ကာကွယ်စောင့်ရှောက်ရန် အပြည်ပြည်ဆိုင်ရာမိတ်ဖက်များနှင့် အနီးကပ်ဆက်လက်လက်တွဲလုပ်ဆောင်မည်ဖြစ်ကြောင်း သူက ဆိုသည်။

**ဆင်ဟွာ။**

# တောင်တရုတ်ပင်လယ်ပြင်အတွင်း တရုတ်နိုင်ငံစစ်ရေးလေ့ကျင့်ခဲ့

**ပေကျင်း ဒီဇင်ဘာ ၁၈**

တရုတ်နိုင်ငံသည် ရေကြောင်းနယ်နိမိတ်အငြင်းပွားလျက်ရှိသော တောင်တရုတ်ပင်လယ်တွင် ယခုရက်သတ္တပတ်အတွင်း စစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့ကြောင်း ပြည်သူ့လွတ်မြောက်ရေးတပ်မတော် နေ့စဉ်သတင်းစာက ဒီဇင်ဘာ ၁၈ ရက်တွင် ရေးသားဖော်ပြသည်။

တောင်တရုတ်ပင်လယ်၏ စွမ်းအင်ကြွယ်ဝသော ပင်လယ်နယ်မြေအားလုံးနီးပါးကို မိမိပိုင်ဆိုင်သည်ဟု တရုတ်နိုင်ငံက အခိုင်အမာ ပြောကြားလျက်ရှိသည်။ တောင်တရုတ်ပင်လယ်သည် ပင်လယ်ရေကြောင်း ကုန်သွယ်မှုတွင် အရေးပါပြီး နှစ်စဉ် ပင်လယ်ရေကြောင်းမှတစ်ဆင့် ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ငါးထရီလီယံဖိုးရှိသည်။ ဖိလစ်ပိုင်၊ ဘရူနိုင်း၊ ဗီယက်နမ်၊ မလေးရှားနှင့် တရုတ်(တိုင်ပေ)တို့သည် တရုတ်နိုင်ငံနှင့် အပြိုင်ရေကြောင်း နယ်နိမိတ်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အချေအတင် တောင်းဆိုလျက်ရှိသည်။

ပိုင်နက်နယ်မြေ အငြင်းပွားနေသော တောင်တရုတ်ပင်လယ်၌ လက်နက်ပြိုင်ပွဲတစ်ရပ် ဖြစ်ပေါ်လာနိုင်သည်ဟု အမေရိကန်ပစိဖိတ်ရေတပ်စု တပ်မှူးက ဒီဇင်ဘာ ၁၄ ရက်တွင် သတိပေးခဲ့သည်။

တရုတ်နိုင်ငံသည် ဒီဇင်ဘာ ၁၆ ရက်က ပင်လယ်ရေကြောင်း လုံခြုံရေးဆိုင်ရာ စစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့ကြောင်း၊ တောင်တရုတ်ပင်လယ်တွင်းရှိ နယ်မြေအတွင်း ယင်းသို့ စစ်ရေးလေ့ကျင့်ခြင်းဖြစ်ကြောင်း ပြည်သူ့လွတ်မြောက်ရေးတပ်မတော်နေ့စဉ်သတင်းစာက ရေးသားဖော်ပြသည်။

စစ်သင်္ဘောများ၊ ရေငုပ်သင်္ဘောများ၊ ဂျက်တိုက်လေယာဉ်များက ပါဝင်လေ့ကျင့်ခဲ့ကြကြောင်း သတင်းစာတွင် ဖော်ပြသည်။

**ရိုက်တာ။**

# မီးခိုးမြူဘေးအန္တရာယ် မြို့တော်ပေကျင်း၌ သတိပေးချက်ထုတ်ပြန်

**ပေကျင်း ဒီဇင်ဘာ ၁၈**

တရုတ်နိုင်ငံ မြို့တော်ပေကျင်း၌ လေထုညစ်ညမ်းမှုဆိုင်ရာ အရည်အသွေးတိုင်းတာမှုများအရ မီးခိုးမြူဆိုင်ရာ ဘေးအန္တရာယ်ကို အနီရောင်အဆင့် သတ်မှတ်ကြောင်း ဒီဇင်ဘာ ၁၈ ရက် ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဒီဇင်ဘာလ အစောပိုင်းက အလားတူ သတိပေးချက်ကို ထုတ်ပြန်ခဲ့ရပြီး မကြာမတင်မှာပင် မြို့တော်ပေကျင်း၌ မီးခိုးမြူဆိုင်ရာ ဘေးအန္တရာယ်သတိပေးချက်ကို ထပ်မံထုတ်ပြန်ရခြင်းဖြစ်သည်။ လေထုညစ်ညမ်းမှုအခြေအနေဆိုးရွားလာမှုကို တုံ့ပြန်ဖြေရှင်းနိုင်ရေးအတွက် ကြိုးပမ်းသွားရန် အာဏာပိုင်များက သန္နိဋ္ဌာန်ချမှတ်ထားကြောင်း သတင်းတွင် ဖော်ပြသည်။

ဒီဇင်ဘာ ၁၉ ရက်မှ ၂၂ ရက်အထိ ပေကျင်းမြို့တော်တွင် လေထုညစ်ညမ်းမှု တွေ့ကြုံခံစားရဖွယ်ရှိကြောင်း မြို့တော်အာဏာပိုင်များက သတိပေးချက်ထုတ်ပြန်ထားသည်။

**ဆင်ဟွာ။**

# အိုင်အက်စ်ဝင်ငွေလမ်းကြောင်းများကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဖြတ်တောက်ပစ်ရန် စီစဉ်

**ကုလသမဂ္ဂ ဒီဇင်ဘာ ၁၈**

အိုင်အက်စ်အဖွဲ့၏ ဝင်ငွေလမ်းကြောင်းများကို ဖြတ်တောက်ပစ်ရန် စီမံချက်တစ်ရပ်အပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်များက တစ်ခဲနက်ထောက်ခံခဲ့ကြကြောင်း သတင်းများအရ သိရသည်။

လုံခြုံရေးကောင်စီဝင်ဘဏ္ဍာရေးဝန်ကြီးများက ဒီဇင်ဘာ ၁၈ ရက်တွင် ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ဗြိတိန်၊ ပြင်သစ်နှင့် အမေရိကန်နိုင်ငံများလည်း အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ ယင်းအစည်းအဝေးပွဲကို အမေရိကန်နိုင်ငံက သဘာပတိအဖြစ်တာဝန်ယူဆောင်ရွက်ခဲ့သည်။

အိုင်အက်စ်အဖွဲ့သည် ရေနံနှင့်ရှေးဟောင်းအနုပညာလက်ရာများကို ရောင်းချခြင်းဖြင့် ဝင်ငွေအခိုင်အမာရရှိနေသည်ဟု အစည်းအဝေး တက်ရောက်သူများက ထောက်ပြခဲ့သည်။ ထို့ကြောင့် အိုင်အက်စ်စစ်သွေးကြွအဖွဲ့နှင့် အဆက်အသွယ်ရှိသူများ၊ ထောက်ခံအားပေးသူများအပါအဝင် ယင်းအဖွဲ့နှင့် ကုန်သွယ်မှုများပြုလုပ်သူများကို နိုင်ငံဝင်ထွက်ခွင့်အပါအဝင် စီးပွားရေးပိတ်ဆို့မှုများပါ ပြုလုပ်သွားမည်ဖြစ်ကြောင်း အစည်းအဝေးက ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

အိုင်အက်စ်အဖွဲ့အနေဖြင့် အဖွဲ့ဝင်များကို လစာပေးရန်၊ လက်နက်ခဲယမ်းများအသစ် ထပ်မံစုဆောင်းရန်နှင့် ၎င်းထိန်းချုပ်ထားသည့်ဒေသများရှိ ပြည်သူများအတွက် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် လစဉ်ဝင်ငွေအမြောက်အမြားရရှိရန် လိုအပ်လျက်ရှိကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီးက ဆိုသည်။

လွန်ခဲ့သောလက ဖြစ်ပွားခဲ့သောပြင်သစ်အကြမ်းဖက်တိုက်ခိုက်မှုတွင် အိုင်အက်စ်တို့အနေဖြင့် ငွေကြေးအမြောက်အမြား သုံးစွဲခဲ့ပုံပေါ်သည်။ ယင်းအကြမ်းဖက်မှုမတိုင်မီ လိုအပ်သည့် ပစ္စည်းများဝယ်ယူရန် နောက်ယောင်ခံလိုက်နိုင်ခြင်းမရှိသော ကြိုတင်ငွေပေးချေကတ်များအသုံးပြုပြီး ကြိုတင်စုဆောင်းခဲ့သည်ဟု ပြင်သစ်ဘဏ္ဍာရေးဝန်ကြီးက ပြောကြားခဲ့သည်။ အိုင်အက်စ်အဖွဲ့သည် ဝင်ငွေရရှိရန် နည်းလမ်းသစ်များ အမြဲရှာဖွေလျက်ရှိသည့်အပြင် ကြိုတင်ငွေပေးချေကတ်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲကြသည်။ ထို့ကြောင့် ငွေပေးချေကတ်များနှင့်ပတ်သက်ပြီး စည်းမျဉ်းစည်းကမ်းများရေးဆွဲသင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ။**



# ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏အဖွဲ့ဝင်အဖြစ် အာဖဂန်နစ္စတန်နိုင်ငံ ဝင်ရောက်ပြီ

**နိုင်ရိုဘီ ဒီဇင်ဘာ ၁၈**

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(ဒဗလျူတီအို)၏ အဖွဲ့ဝင်နိုင်ငံအဖြစ် အာဖဂန်နစ္စတန်နိုင်ငံအား ဝင်ရောက်ခွင့်ပြုကြောင်း ကင်ညာနိုင်ငံ မြို့တော်နိုင်ရိုဘီ၌ ကျင်းပသော ဒသမအကြိမ် ဝန်ကြီးအဆင့် ညီလာခံတွင် တရားဝင်အတည်ပြုလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဒီဇင်ဘာ ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် အာဖဂန်နစ္စတန်နိုင်ငံ ဝင်ရောက်ခွင့်ရရှိရေးအတွက် ၁၁ နှစ်ကြာမျှ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ရသည်။ အာဖဂန်နစ္စတန်နိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ၁၆၄ နိုင်ငံမြောက်အဖွဲ့ဝင်နိုင်ငံ၊ ၃၆ နိုင်ငံမြောက် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ(အယ်လ်ဒီစီ)အဖြစ် ဝင်ရောက်ခွင့် ရရှိခြင်းဖြစ်သည်။

ယနေ့သည် အာဖဂန်နစ္စတန်နိုင်ငံအတွက် သမိုင်းဝင် နေ့ရက်တစ်ရက်ဖြစ်ကြောင်း၊ ဆင်းရဲမွဲတေမှု လျှော့ချနိုင်ပြီး ထာဝရတည်တံ့ခိုင်မြဲမည့် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုတို့ ရရှိလာစေရေးအတွက် လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်သွားရန် ထပ်လောင်းကတိပြုပါကြောင်း အာဖဂန်နစ္စတန် ဒုတိယအမှုဆောင်အရာရှိချုပ် မိုဟာမက်ခန်းက ဒဗလျူတီအိုအဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုသောအခမ်းအနားတွင် ပြောကြားသည်။ **ရိုက်တာ။**

# ကြက်မွေးမြူရေးလုပ်ငန်းသည် သမ္မာအာဇီဝလုပ်ငန်းဖြစ်၍ ယခုထက်ပိုမိုတိုးတက်အောင် ကြိုးစားဆောင်ရွက်





**နေပြည်တော် ဒီဇင်ဘာ ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြန်မာအမျိုးသား လေကြောင်းလိုင်းဖြင့် နေပြည်တော်မှ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့သို့ ရောက်ရှိကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ ဒေါက်တာဝင်းမြင့်၊ ဒေါက်တာအောင်မြတ်ဦးတို့နှင့်အတူ လားရှိုးမြို့နယ် မန်အိုင်ကျေးရွာရှိ တစ်ရက်လျှင် ကြက်ဥလုံးရေ ၈၀၀၀၀ ခန့်ထွက်ရှိသည့် ကြက်မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုလေ့လာသည်။

အဆိုပါ ကြက်မွေးမြူရေးခြံသည် ၂၀၀၀ ပြည့်နှစ်မှစတင်၍ မြေဧက ၁၉ ဒသမ ၄၆ ဧကပေါ်တွင် တစ်ခြံလျှင် ကြက်ကောင်ရေ ၆၀၀၀ ဆံ့သည့် ကြက်ခြံ ၂၀ ခြံဖြင့် ကြက်ကောင်ရေ ၁၃၀၀၀၀ခန့် မွေးမြူထားပြီး ထွက်ရှိသော ကြက်ဥများကို ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ်များနှင့် မန္တလေးမြို့သို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် မန်အိုင်ကျေးရွာအတွင်းရှိ တစ်ပိုင်တစ်နိုင် ကြက်မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုသည်။ **(အပေါ်ပုံ)**

အဆိုပါ ကြက်ခြံများသို့ရောက်ရှိစဉ် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ကြက်မွေးမြူရေးလုပ်ငန်းသည် သမ္မာအာဇီဝလုပ်ငန်းဖြစ်၍ ယခုထက် ပိုမိုတိုးတက်အောင် ကြိုးစားဆောင်ရွက်သင့်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း ပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေးထိခိုက်မှုမရှိစေရန်နှင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူဖြစ်စေရန် သတ်မှတ်စည်းမျဉ်း စည်းကမ်းများနှင့်အညီ နည်းလမ်းရှာဖွေ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

**(သတင်းစဉ်)**

○○○




○ ကျောဖုံးမှ

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းမှ တာဝန်ရှိသူများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းက အမှာစကားပြောကြားရာတွင် **(အပေါ်ပုံ)** ယနေ့အခမ်းအနားကျင်းပရသည့် ရည်ရွယ်ချက်များမှာ ရွှေ့ပြောင်းသွားလာနေထိုင်လုပ်ကိုင်သူများနှင့်ပတ်သက်၍ လူထုအသိမြှင့်တင်ရန်၊ ရွှေ့ပြောင်းသွားလာနေထိုင်လုပ်ကိုင်သူများနှင့် မိသားစုဝင်များ၏ ရပိုင်ခွင့်များကို နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များနှင့်အညီ ထိရောက်စွာတိုးမြှင့်ကာကွယ်ပေးရန်ဖြစ်ပါကြောင်း။

သန်းပေါင်းများစွာသော ရွှေ့ပြောင်းသွားလာနေထိုင်လုပ်ကိုင်သူများအနေဖြင့် ၎င်းတို့ရောက်ရှိနေထိုင်လုပ်ကိုင်နေကြသည့် နိုင်ငံများနှင့် မိခင်နိုင်ငံများ၏ စီးပွားရေးကို အထောက်အကူပြုလျက်ရှိသည်ကို အသိအမှတ်ပြုသည့် အခမ်းအနားလည်းဖြစ်ပါကြောင်း။

များစွာသောရွှေ့ပြောင်းသွားလာနေထိုင်လုပ်ကိုင်သူများသည် နိုင်ငံတွင်းနှင့် နိုင်ငံပြင်ပတွင် ၎င်းတို့၏ အခြေခံရပိုင်ခွင့်များနှင့် ပြုစုစောင့်ရှောက်မှု အနည်းဆုံးကိုသာရရှိပြီး အခက်အခဲများစွာနှင့် နေထိုင်လုပ်ကိုင်နေရသည့်အတွက် ၎င်းတို့၏အတွေ့အကြုံနှင့်အသံများကိုထင်ဟပ်စေသည့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ပေးခြင်းဖြင့် ရပိုင်ခွင့်များကို အကာအကွယ်ပေးရန် အရေးကြီးပါကြောင်း။

လူသားအမြောက်အမြား ရွှေ့ပြောင်းသွားလာနေထိုင်လုပ်ကိုင်ကြခြင်းဖြစ်စဉ်သည် ၂၁ ရာစု၏ ကြီးမားလှသည့် ခေတ်ရေစီးကြောင်းတစ်ခုသဖွယ် ဖြစ်နေပါကြောင်း၊ ဤဖြစ်စဉ်တွင် လူဦးရေနှင့် တောင်မြောက်ကွာဟချက်၊ ဒစ်ဂျစ်တယ်နည်းပညာ၏ အံ့မခန်းတိုးတက်ပြောင်းလဲမှု၊ အကွာအဝေးကို ချုံ့နိုင်သည့် နည်းပညာ၊ ကပ်ဘေးများနှင့် လုပ်သားလိုအပ်ချက် စသည်တို့ ပါဝင်နေပါကြောင်း၊ ရလဒ်အနေဖြင့် နိုင်ငံအများအပြားသည် အိမ်ရှင်နိုင်ငံ၊ ခရီးထောက်နိုင်ငံနှင့် ရည်မှန်းချက်နိုင်ငံများအဖြစ် တစ်ပြိုင်နက်တည်းတွင် ဖြစ်တည်နေရပါကြောင်း၊ ထို့ကြောင့် ရွှေ့ပြောင်းသွားလာနေထိုင်လုပ်ကိုင်ခြင်းလုပ်ငန်းစဉ်သည် နိုင်ငံအားလုံး၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် အခန်းကဏ္ဍမှပါဝင်နေသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း။

ရွှေ့ပြောင်းသွားလာနေထိုင်လုပ်ကိုင်သူများနှင့် ၎င်းတို့၏ အသိုင်းအဝိုင်းများ၏ အကျိုးစီးပွားဖြစ်ထွန်းစေရန်အတွက် လူသားဆန်၍ လုံခြုံစိတ်ချရပြီး စနစ်တကျရှိသော ရွှေ့ပြောင်းသွားလာမှုကို စီမံဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

ရွှေ့ပြောင်းသွားလာနေထိုင်လုပ်ကိုင်ခြင်းကို အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများတွင် ထည့်သွင်းရမည့်အချက်တစ်ခုအဖြစ် သတ်မှတ်ရမည်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်ကို ပြည်တွင်းအဆင့်၊ အမျိုးသားအဆင့်နှင့် နိုင်ငံတကာအဆင့်များသတ်မှတ်ပြီး ကျယ်ပြန့်စွာ စီမံဆောင်ရွက်ပေးရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပုံမှန်ရွှေ့ပြောင်းသွားလာနေထိုင်လုပ်ကိုင်မှုကို သက်ဆိုင်ရာ ဥပဒေနှင့်အညီ ပွင့်လင်းမြင်သာပြီး ထိရောက်မှုရှိသော ယန္တရားများမှတစ်ဆင့် ဆောင်ရွက်ပေးနိုင်ရန်အတွက် အာမခံပေးရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ထိရောက်မှုရှိသော ရွှေ့ပြောင်းသွားလာနေထိုင်မှုနှင့်ပတ်သက်သည့် စီမံခန့်ခွဲမှုကို နိုင်ငံတကာအဖွဲ့အစည်းများနှင့်အတူတကွ တိုးမြှင့်ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့သည် လက်ရှိအချိန်တွင် ရွှေ့ပြောင်းသွားလာနေထိုင်လုပ်ကိုင်သူများ၏ အကျိုးစီးပွားအတွက် လက်ခံဆောင်ရွက်ပေးနေသည့်အဖွဲ့အစည်းများ၊ နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည့်အခြေအနေကို ရရှိနေပြီဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က ရွှေ့ပြောင်းအလုပ်သမားများနှင့် ပတ်သက်၍ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံမှ ပေးပို့လာသော သဝဏ်လွှာနှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း၏ ညွှန်ကြားရေးမှူးချုပ်ထံမှပေးပို့သောသဝဏ်လွှာကို ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း၏ Chief of Mission ဖြစ်သူ Mr.Kieran Gorman-Best က ဖတ်ကြားသည်။ ထို့နောက် ရွှေ့ပြောင်းသွားလာသူများဆိုင်ရာ ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အတူ တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့ အထိမ်းအမှတ်ပြခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

# မြန်မာ့သဘာဝအလှရှုခင်းများလေ့လာနိုင်မည့် ဓာတ်ပုံပြပွဲ



**ရန်ကုန် ဒီဇင်ဘာ ၁၈**

ဓာတ်ပုံအနုပညာမြတ်နိုးသူများအတွက် မြန်မာနိုင်ငံအတွင်းရှိ သဘာဝအလှရှုခင်းများ၊ ပြည်ထောင်စုတိုင်းရင်းသားများ၏ ရိုးရာဓလေ့များနှင့် မြန်မာနိုင်ငံအတွင်း ကျင်းပလျက်ရှိသော ပွဲတော်များအကြောင်းတို့ကို ရသစုံလင်စွာဖြင့် ခံစားနိုင်မည့်ဓာတ်ပုံပြပွဲကို ဒီဇင်ဘာ ၁၈ရက်မှ ၂၁ ရက်အထိ နေ့စဉ်နံနက် ၁၀ နာရီမှ ညနေ ၆ နာရီအထိ ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ် အလုံလမ်း (နက္ခတ်တာရာပြခန်းအနီး)ရှိ The Yangon Gallery ၌ ကျင်းပလျက်ရှိရာ ဓာတ်ပုံဝါသနာရှင်များ လာရောက်ကြည့်ရှုလေ့လာကြသည်။

ထိုပြပွဲသည် Dynamic Digital Photography Training School မှ သင်တန်းဆင်းများ၏ ဒုတိယအကြိမ်မြောက်ပြပွဲဖြစ်ကာ ဆန်းသစ်သော ဓာတ်ပုံနည်းစနစ်များဖြင့် ရိုက်ကူးထားသော ၂၀လက်မ × ၃၀လက်မအရွယ် ဓာတ်ပုံပေါင်း ၁၂၇ ပုံကိုပြသထားပြီး ယင်းဓာတ်ပုံပြပွဲမှရရှိသည့် ရောင်းရငွေ ၅၀ ရာခိုင်နှုန်းကို လူမှုရေးအသင်းသုံးခုသို့ ခွဲဝေလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# ကမ္ဘာတစ်ဝန်းရှိ ရဟန်းသံဃာတော်များ၊ ဗုဒ္ဓဘာသာဝင်များ၊ သုတေသီများ၊ ဗုဒ္ဓစာပေများကို သာသနာရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်တွင် လေ့လာဖတ်ရှုနိုင်

ဝင်းသီရိ(ကမ္ဘာအေး)

***ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ရုံးဌာနများဆိုင်ရာလုပ်ငန်းများ ဆက်သွယ်ဆောင်ရွက်ရေး လွယ်ကူလျင်မြန်ချောမွေ့စေရန်၊ ခေတ်မီနည်းစနစ်များဖြင့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာနများအလိုက် e-government ဆိုင်ရာလုပ်ငန်းစဉ်များ ချမှတ်ပေးခဲ့ပါသည်။ သာသနာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်တွင် တိုးတက်ပြောင်းလဲလာသော ခေတ်နှင့်အညီ စာအုပ်စာတမ်းများနှင့် ပေပုရပိုက်များကို ခေတ်မီနည်းစနစ်များဖြင့် ထိန်းသိမ်းသွားနိုင်ရေးနှင့် လျင်မြန်လွယ်ကူစွာ ဖတ်ရှုလေ့လာသုတေသနပြုနိုင်ရေးအတွက် e-Library လုပ်ငန်းကို အောက်ပါရည်ရွယ်ချက်လေးရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်စေခဲ့ပါသည်။ ယင်းရည်ရွယ်ချက်လေးရပ်မှာ-***

(က) သာသနာရေးဝန်ကြီးဌာန၏ e-government လုပ်ငန်းများတွင် e-Library လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) ဗုဒ္ဓဘာသာဆိုင်ရာ စာအုပ်စာပေများနှင့် လက်ရေးမူများကို Electronic နည်းပညာဖြင့် စနစ်တကျ စုစည်းထိန်းသိမ်းရန်၊

(ဂ) စာအုပ်များနှင့် လက်ရေးမူများကို Online ပေါ်တွင် ရှာဖွေဖတ်ရှုနိုင်စေရန်၊

(ဃ) e-government အစီအစဉ်တွင် စာကြည့်တိုက်၏ e- Library လုပ်ငန်း စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်စေရန်တို့ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရက မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိသည့် e-government လုပ်ငန်းစဉ်အား သာသနာရေးဝန်ကြီးဌာနအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ပြည်ပသာသနာပြုဌာနခွဲတွင် Fiber Internet ရရှိရေးဆောင်ရွက်၍ မူလသုတေသန စာကြည့်တိုက်အဆင့်မှ ရဟန်းရှင်လူ ပြည်သူအများလွယ်ကူစွာဖတ်ရှုလေ့လာနိုင်စေရန် (www. KBRL. gov.mm ) e-Library အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရွှေသုဝဏ်ဆရာတော်ဘဒ္ဒန္တသဒ္ဓိယ ဦးဆောင်သော မဟာဓမ္မပါလအသင်း၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် Book Drive Pro စက်များအသုံးပြုကာ ဗုဒ္ဓစာပေမျိုးစုံကို e-book အဖြစ် ပြုစုပြောင်းလဲခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

e- book အဖြစ် ပြုစုပြောင်းလဲပြီးသော စာအုပ်များအား www. KBRL.gov.mm Website တွင် လွှင့်တင်နိုင်ရန်အတွက် Server ဝယ်ယူခြင်း၊ MCC ကုမ္ပဏီမှ Website ရေးဆွဲသည့် ပညာရှင်များနှင့် ညှိနှိုင်းရေးဆွဲဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ပါသည်။ ကမ္ဘာအေးသုတေသနစာကြည့်တိုက်သို့ လာရောက်ကြသည့် ရဟန်းရှင်လူပြည်သူများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ကွန်ပျူတာ အလုံး ၂၀ တပ်ဆင်၍ Web Station ထူထောင်ခြင်း၊ Internet Speed အား 2Mbps မှ 4Mbps သို့ တိုးမြှင့်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ သာသနာရေးဝန်ကြီးဌာန၏ e-government လုပ်ငန်းဖြစ်သည့် e-Library သည် အများပြည်သူတို့ တိုက်ရိုက်အကျိုးဖြစ်ထွန်းစေသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။

**ကမ္ဘာအေးဗုဒ္ဓသုတေသနစာကြည့်တိုက်သမိုင်း**

ကမ္ဘာအေးဗုဒ္ဓသုတေသန စာကြည့်တိုက်သည် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေပေါ်ရှိ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူကြီးမြောက်ဘက်တွင် ကပ်လျက်တည်ရှိပါသည်။

သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ပြည်ပသာသနာပြုဌာနခွဲ(ရန်ကုန်) သုတေသနစာကြည့်တိုက်သည် ၁၁. ၅. ၁၉၆၁ ရက်နေ့တွင် ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ဌာနခွဲ၏ သုတေသနစာကြည့်တိုက်အဖြစ် စတင်ဖွင့်လှစ်ခဲ့ပါသည်။ ၁၉၇၂ ခုနှစ်တွင် ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ဌာနခွဲနှင့် အခြားသာသနာရေးဌာနများပူးပေါင်း၍ သာသနာရေးဦးစီးဌာနအဖြစ် ဖွဲ့စည်းခဲ့ပြီးနောက် သာသနာရေးဦးစီးဌာန၏ သုတေသနစာကြည့်တိုက်ဖြစ်လာခဲ့ပါသည်။ ၁၉၉၁ ခုနှစ်တွင် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ပြည်ပသာသနာပြုဌာနခွဲ(ရန်ကုန်)၏ သုတေသနစာကြည့်တိုက်အဖြစ် ယနေ့အထိ ဆက်လက်တည်ရှိခဲ့ပါသည်။

ကမ္ဘာအေးဗုဒ္ဓသုတေသနစာကြည့်တိုက်သည် အခြားစာကြည့်တိုက်များနှင့်မတူဘဲ သုတေသနပြုစု လေ့လာသူများအတွက် ဘာသာရေးနှင့် သက်ဆိုင်သည်များကို အထူးဦးစားပေးလေ့လာနိုင်သော (သုတေသန) အထူးစာကြည့်တိုက်ဖြစ်သည်။

ကမ္ဘာအေးသုတေသန စာကြည့်တိုက်ကြီးသည် သာသနာရေးဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့် ပရိယတ္တိစာသင်တိုက်များမှ စာသင်/ စာချရဟန်းတော်များနှင့် လူပုဂ္ဂိုလ်များ၊ ပြင်ပ ဗုဒ္ဓတက္ကသိုလ်များမှ ရဟန်းတော်များနှင့် လူပုဂ္ဂိုလ်များ၊ ရန်ကုန်တက္ကသိုလ်နှင့် အခြားတက္ကသိုလ်များမှ အရှေ့တိုင်းပညာဘာသာရပ်၊ မြန်မာစာပေ၊ သမိုင်းစသောဘာသာရပ်များကို အထူးလေ့လာသုတေသနပြုလိုကြသည့် ဘွဲ့လွန်ကျောင်းသားကျောင်းသူ၊ ဆရာ ဆရာမများ၊ ကထိက၊ ပါမောက္ခများ လာရောက်သုတေသနပြုနိုင်ကြစေရန်နှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၏ သမိုင်းပြုစုခြင်း၊ကျမ်းပြုစုခြင်း၊ ဘာသာပြန်ခြင်း၊ စာစောင်ထုတ်ဝေခြင်းတို့တွင် လိုအပ်သော အထောက်အထားများရှာဖွေနိုင်စေရန် ရည်ရွယ်၍ ဤစာကြည့်တိုက်ကို တည်ထောင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါသည်။

သာသနာရေးဝန်ကြီးဌာန၏ သုတေသနစာကြည့်တိုက်ဖြစ်သည့် အားလျော်စွာ ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်သုံးပုံ ပါဠိတော်မူရင်းကျမ်းစာများ၊ အဋ္ဌကထာကျမ်းစာများ၊ ဋီကာကျမ်းစာများ၊ ပါဠိတော်မြန်မာပြန်ကျမ်းစာများ၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ပိဋကတ်ဘာသာပြန်ဌာနပြင်ပပညာရှင်ကြီးများက အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထားသော ဆဋ္ဌမူပါဠိတော်အင်္ဂလိပ်ဘာသာပြန် ကျမ်းစာများနှင့် အခြားဘာသာရေးဆိုင်ရာ ကျမ်းစာများ၊ အရှေ့တိုင်းယဉ်ကျေးမှု၊ စိတ်ပညာ၊ သမိုင်းဘာသာရပ်များဆိုင်ရာ စာအုပ်စာတမ်းများ၊ မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးစုများနှင့်ဆိုင်သော အချက်အလက်များဆိုင်ရာ ရည်ညွှန်းစာအုပ်များကို သုတေသီများ လေ့လာရန် အဓိက စုဆောင်းထားရှိပြီး စုဆောင်းထားရှိသည့် စာအုပ်အမျိုးမျိုးကို စာကြည့်တိုက်ထိန်းသိမ်းရေး နည်းစနစ်များနှင့်လျော်ညီစွာထိန်းသိမ်းခြင်း၊ သုတေသီတို့အား အထောက်အကူပြုခြင်း၊ ငှားရမ်းပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ စုဆောင်းထားရှိသည့် စာအုပ်များကို Dewey Decimal Classification နည်းဖြင့် မျိုးတူစု (၁၀) မျိုးခွဲခြားလျက် မျိုးတူစုနံပါတ်များဖြင့် ဘာသာရပ်အလိုက် ခွဲခြားစီစဉ်ထားရှိပါသည်။

သုတေသနစာကြည့်တိုက်တွင် ဘာသာကြီးလေးရပ်ဖြစ်သော ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာမ်ဘာသာအပြင် အခြားကိုးကွယ်မှုများနှင့် ရှေးကျသော အရှေ့တိုင်းပညာ၊ ဒဿနိကဗေဒ၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာစာ၊ သမိုင်းဆိုင်ရာစသည့် ရည်ညွှန်းစာအုပ်များကို ဘာသာရပ်အလိုက် စုဆောင်းထားရှိရာ စာအုပ်အမျိုးအမည်ပေါင်း တစ်သောင်းကျော်ရှိပါသည်။

သုတေသနစာကြည့်တိုက်ရှိ စာအုပ်စာတမ်းများကို စင်ပိတ်စနစ်ဖြင့်ထားရှိပြီး ရှားပါးသော စာအုပ်များကို မှန်ဗီရို၊ သစ်သားဗီရို၊ သံဗီရိုများဖြင့်လည်း ထိန်းသိမ်းထားရှိပါသည်။ ဤသုတေသနစာကြည့်တိုက်သို့ ကိုယ်တိုင်လာရောက်ဖတ်ရှုသူများအနေဖြင့် စာအုပ်များကို စာအုပ်အမည်ဖြင့် လည်းကောင်း၊ စာရေးသူအမည်ဖြင့်လည်းကောင်း၊ ဘာသာရပ်ဖြင့်လည်းကောင်း၊ Catalogue Tray တွင် ရှာဖွေနိုင်သကဲ့သို့ ကွန်ပျူတာတွင် e-Catalogue ဖြင့်လည်း ရှာဖွေနိုင်ပါသည်။

**e-Library တိုးမြှင့်ရေးဆောင်ရွက်မှုများ**

ယနေ့ ၂၁ ရာစုကာလသည် ဆက်သွယ်ရေးလမ်းကြောင်း အီလက်ထရွန်နစ်လိုင်းကို အခြေခံသော အင်တာနက်နည်းပညာများ အရှိန်အဟုန်ဖြင့် ထွန်းကားတိုးတက်လျက်ရှိသော ခေတ်သစ်တစ်ခုဖြစ်ပြီး လွန်ခဲ့သည့် ခေတ်ကာလများကကဲ့သို့ စာအုပ်စာပေများကို ရိုက်နှိပ်ထုတ်ဝေလျက် သတင်းအချက်အလက်များကိုဖြန့်ချိခြင်း၊ အသံလှိုင်းများကို အသုံးပြုလျက် ရေဒီယိုအသံလွှင့်စနစ်ဖြင့် ဖြန့်ချိခြင်းများသာမက အရုပ်စနစ်၊ အသံစနစ် နှစ်မျိုးလုံးဖြင့် မိနစ်ပိုင်းအတွင်း ဖြန့်ချိနိုင်သော ရုပ်သံလွှင့်စနစ်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။ ၂၀ ရာစု ခေတ်နှောင်းကပင် တစ်ကမ္ဘာလုံး၌ ရုပ်သံလွှင့်စနစ်ကို မိနစ်ပိုင်းအတွင်း ရိုက်ကူးဖြန့်ချိလျက်ရှိသည်သာမက Online စနစ်၊ အင်တာနက်စနစ်များဖြင့်လည်း ကမ္ဘာ့တစ်နေရာမှ အခြားတစ်နေရာသို့ အချိန်တိုအတွင်း သတင်းအချက်အလက်များ ဖြန့်ချိနိုင်ကြပြီဖြစ်သဖြင့် ကမ္ဘာ့နေရာအသီးသီးမှပင် သတင်းအချက်အလက်များကို ဖမ်းယူကြည့်ရှုနိုင်သည့် ခေတ်ကာလသို့ ရောက်ရှိနေပြီဖြစ်ပါသည်။

**၂၀ ရာစု ခေတ်နှောင်းကပင် တစ်ကမ္ဘာလုံး၌ ရုပ်သံလွှင့်စနစ်ကို မိနစ်ပိုင်းအတွင်း ရိုက်ကူးဖြန့်ချိလျက်ရှိသည်သာမက Online စနစ်၊ အင်တာနက်စနစ်များဖြင့်လည်း ကမ္ဘာ့တစ်နေရာမှ အခြားတစ်နေရာသို့ အချိန်တိုအတွင်း သတင်းအချက်အလက်များ ဖြန့်ချိနိုင်ကြပြီဖြစ်သဖြင့် ကမ္ဘာ့နေရာအသီးသီးမှပင် သတင်းအချက်အလက်များကို ဖမ်းယူကြည့်ရှုနိုင်သည့် ခေတ်ကာလသို့ ရောက်ရှိနေပြီဖြစ်။**

ပြည်ပသာသနာပြုဌာနခွဲ (ရန်ကုန်) သုတေသနစာကြည့်တိုက်ရှိ စာအုပ်စာပေများကို ကမ္ဘာတစ်ဝန်းရှိ ရဟန်းသံဃာတော်များ၊ ဗုဒ္ဓဘာသာဝင်များအားလုံး ကမ္ဘာအရပ်ရပ်တွင် ရောက်ရှိနေရာမှ လွယ်ကူလျင်မြန်စွာ ဖတ်ရှုလေ့လာနိုင်စေရန် ရည်ရွယ်၍ ၂၁-၇-၂၀၁၅ ရက်နေ့၌ သုတေသနစာကြည့်တိုက် e-Library ကို အခမ်းအနားဖြင့် အောင်မြင်စွာဖွင့်လှစ်ခဲ့ရာ အောက်ဖော်ပြပါအတိုင်း စာအုပ်အမျိုးအစား ဘာသာရပ်များအလိုက် လေ့လာဖတ်ရှုနိုင်ပြီဖြစ်ပါသည်-

(၁) ဆဋ္ဌမူပိဋကတ်သုံးပုံ ပါဠိတော် (၄၀)အုပ်

(၂) ဆဋ္ဌမူပိဋကတ်သုံးပုံ အဋ္ဌကထာ (၅၁) အုပ်

(၃) ဆဋ္ဌမူပိဋကတ်သုံးပုံ ဋီကာ (၂၆) အုပ်

(၄) ဆဋ္ဌမူပိဋကတ်သုံးပုံ နိဿယ (၈) အုပ်

(၅) ဆဋ္ဌမူပိဋကတ်သုံးပုံ မြန်မာပြန် (၃၂) အုပ်

(၆) ဆဋ္ဌမူပိဋကတ်သုံးပုံ အင်္ဂလိပ်ဘာသာပြန်စာအုပ်များ (၂၂) အုပ်

(၇) တိပိဋကပါဠိ-မြန်မာ အဘိဓာန်များ (၂၃) အုပ်

**(၈) သာသနာရေးဝန်ကြီးဌာနမှ ထုတ်ဝေသောစာအုပ်များ**

(က) ဗုဒ္ဓဘာသာဆိုင်ရာ ကျမ်းစာအုပ်များ (၆၂) အုပ်

(ခ) စာမေးပွဲဆိုင်ရာစာအုပ်များ (၁၂) အုပ်

(ဂ) ဆဋ္ဌသင်္ဂါယနာဆိုင်ရာ စာအုပ်များ (၁၆ ) အုပ်

(ဃ) ဘာသာဋီကာစာအုပ်များ ( ၄ ) အုပ်

(င) ဗုဒ္ဓဝင်ကျမ်းစာအုပ်များ ( ၈ ) အုပ်

(စ) နိုင်ငံတော်သံဃမဟာနာယက အဖွဲ့နှင့်သက်ဆိုင်သော စာအုပ်များ ( ၄ ) အုပ်

(ဆ) ထေရုပ္ပတ္တိစာအုပ်များ (၅) အုပ်

(ဇ) ဝိနိစ္ဆယစာအုပ်များ (၄) အုပ်

(ဈ) ဓမ္မပဒစာအုပ်များ (၅) အုပ်

**(၉) ပြင်ပမှထုတ်ဝေသော ဗုဒ္ဓစာပေစာအုပ်များ**

(က) ဝိနည်းဆိုင်ရာစာအုပ်များ (၁၁) အုပ်

(ခ) သုတ္တန်ဆိုင်ရာစာအုပ်များ (၂၇) အုပ်

(ဂ) အဘိဓမ္မာဆိုင်ရာစာအုပ်များ (၂၉) အုပ်

(ဃ) ဘာသာဋီကာဆိုင်ရာ စာအုပ်များ (၂၆) အုပ်

(င) နိဿယဆိုင်ရာစာအုပ်များ (၂) အုပ်

(စ) အဘိဓာန်ဆိုင်ရာစာအုပ်များ (၁၀) အုပ်

(ဆ) သာသနာဝင်ဆိုင်ရာ စာအုပ်များ (၂၁) အုပ်

(ဇ) ဗုဒ္ဓဝင်ဆိုင်ရာစာအုပ်များ (၃၈) အုပ်

(ဈ) ဇာတ်ဝတ္ထုဆိုင်ရာစာအုပ်များ (၃၅) အုပ်

စာမျက်နှာ ၇ သို့



ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# စီးကရက်နှင့် အရက်အပေါ် အခွန်နှုန်းထားတိုးမြှင့်ကောက်ခံခြင်းဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးစီးပွားအတွက် အထောက်အကူပြုနိုင်မည်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ **(ယာပုံ)** ဥပဒေကြမ်းတစ်ခုကို မှတ်တမ်းတင်ခြင်း၊ ဥပဒေကြမ်းတစ်ခုကို ဆွေးနွေးခြင်း၊ အစီရင်ခံစာနှစ်ခုကို ရှင်းလင်းဆွေးနွေးခြင်း၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပေးပို့လာသည့် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာများကို ဖတ်ကြားတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူရမည့် ဘက်စုံပို့ဆောင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ် အမျိုးသားစီမံကိန်းဆောင်ရွက်မှုအစီရင်ခံစာအပေါ် စီမံကိန်းများနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းကော်မတီ၏ စိစစ်လေ့လာတွေ့ရှိချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်က ဆက်လက်ဆွေးနွေးရာ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က အကောက်ခွန်ဦးစီးဌာနအနေဖြင့် ၂၀၁၄ -၂၀၁၅ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ နှိုင်းယှဉ်သုံးသပ်ချက်များအရ အခွန်ငွေလျော့နည်းရခြင်း အကြောင်းရင်းများမှာ လွတ်လပ်သောကုန်သွယ်မှုဒေသ သဘောတူညီချက် စာချုပ်များအရ ပင်ရင်းသက်သေခံလက်မှတ်တင်ပြ၍ အကောက်ခွန်လျှော့နှုန်းခံစားသည့် ကိစ္စများ၌ ခွင့်ပြုခဲ့သည့် အခွန်သက်သာခွင့်များ ပိုမိုသက်သာခွင့်ပြုခဲ့ရခြင်း၊ မော်တော်ယာဉ်အစားထိုးစီမံချက်ဖြင့် တင်သွင်းလာသည့် ယာဉ်အစီးရေ (၂၈၀၀၀) ကျော်လျော့နည်းသည့်အတွက် အခွန်လျော့နည်းကောက်ခံရခြင်းတို့ကြောင့် အခွန်ငွေများလျော့နည်းရခြင်းဖြစ်ပါကြောင်း။



မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးဆိုင်ရာပွင့်လင်းမြင်သာမှုရှိစေရန် ပြည်ထောင်စု၏ ဘဏ္ဍာအရအသုံးခန့်မှန်းခြေ အဆိုပြုတင်ပြချက်စာစောင်ကို ဘဏ္ဍာရေးဝန်ကြီးဌာန Website တွင် ဖော်ပြထားပါကြောင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ပြန်ကြားရေးဝန်ကြီးဌာနရှိ ပြည်သူ့စာကြည့်တိုက်များနှင့် ပြည်တွင်းပြည်ပ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများသို့ ဖြန့်ဝေထားပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏ မြန်မာနိုင်ငံနှင့် ပတ်သက်သည့် ထုတ်ပြန်ချက်များကို မြန်မာဘာသာပြန်ဆို လွှင့်တင်ခြင်းနှင့်စပ်လျဉ်း၍ အဆိုပါအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၉/၂၀၁၅)ကို ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဦးမောင်တိုးကတင်သွင်းရာ လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် သက်သေခံဥပဒေကြမ်းကို ပြင်ဆင်သည့်ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ဥပဒေကြမ်းပူးပေါင်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက ဖတ်ကြားတင်ပြရာ ပြည်ထောင်စုလွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သည့် အထူးကုန်စည်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြရာ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က အထူးကုန်စည်ခွန်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍အခွန်ကောက်ခံခြင်းသည် တိုင်းပြည်၏ဘဏ္ဍာငွေရလမ်းအဖြစ်လည်းကောင်း၊ နိုင်ငံတော်၏ရငွေများကို နိုင်ငံတော်၏လိုအပ်ချက်နှင့်အညီ စနစ်တကျ အကျိုးရှိရှိသုံးစွဲစေရန်၊ နိုင်ငံတော်နှင့် ပြည်သူအကျိုးစီးပွားတိုးတက်စေရန်နှင့် အကျိုးစီးပွားထိခိုက်ဆုံးရှုံးမှုကို ကာကွယ်တားဆီးရန် အခွန်ငွေများ ကောက်ခံရသည်ဆိုသည့် အခြေခံသဘောတရားကို စဉ်းစားသိမြင်နိုင်ပါကြောင်း၊ စီးကရက်နှင့်အရက်များ အခွန်စည်းကြပ်ရာတွင် အခွန်ဘဏ္ဍာရရှိရေးသာမက ပြည်သူလူထု၏ အကျိုးစီးပွားအတွက်လည်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ဘီယာနှင့်ဝိုင်အမျိုးမျိုးအတွက်လည်း တန်ဖိုးအပေါ်တွင် ရာခိုင်နှုန်းစည်းကြပ်သတ်မှတ်ခြင်းထက် အရေအတွက်အပေါ်တွင် အခြေခံ၍ သတ်မှတ်သင့်ပါကြောင်း၊ ကလေးသူငယ်များကို အန္တရာယ်ပေးထိခိုက်နေသည့် အခြားသော အလားတူထုတ်ကုန်များအပေါ်တွင်လည်း မြင့်မားသောနှုန်းဖြင့် ကုန်သွယ်ခွန်စည်းကြပ်ကောက်ခံရေးကို လေ့လာသုံးသပ်ရန်လိုပါကြောင်း၊ အထူးကုန်စည်ဟု သတ်မှတ်ခြင်းနှင့် တိုက်ရိုက်ဆက်စပ်မှုမရှိသော်လည်း နိုင်ငံသားများ၏ လူမှုရေး၊ ကျန်းမာရေးကို ကျယ်ပြန့်ကြီးမားစွာ ထိခိုက်နစ်နာမှုဖြစ်စေသည့် အရည်အသွေးညံ့ကုန်စည်အမျိုးမျိုးနှင့် ဈေးနှုန်းအလွန်သက်သာပြီး စွဲမက်နှစ်သက်ဖွယ် အရောင်အမျိုးမျိုးဖြင့် ထုပ်ပိုးပြင်ဆင်တင်သွင်းနေသည့် စားသုံးရန်လုံးဝမသင့်လျော်သည့် ကုန်ပစ္စည်းများကို မည်သည့်စံနှုန်းသတ်မှတ်ချက်များဖြင့် တားဆီးမည်ကို ထည့်သွင်းစဉ်းစားသင့်ပါကြောင်း။

အထူးကုန်စည်ခွန် ဥပဒေသည် စီးကရက်နှင့် အရက်အပေါ် အခွန်နှုန်းထားတိုးမြှင့်ကောက်ခံခြင်းဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးစီးပွားအတွက် အထောက်အကူပြုနိုင်မည် ဖြစ်သည့်အတွက် ကြိုဆိုထောက်ခံပါကြောင်း ဆွေးနွေးသည်။ **(သတင်းစဉ်)**

## တက္ကသီလဟိတဓရ (ရန်ကုန်)ဒုတိယအကြိမ် ဝန်ဆောင်စုံညီအစည်းအဝေး ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ် (ရန်ကုန်)ဌာနခွဲ တက္ကသီလဟိတဓရ (ရန်ကုန်)၏ ဒုတိယအကြိမ် ဝန်ဆောင်စုံညီအစည်းအဝေးနှင့် ဩဝါဒခံယူပွဲကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ကမ္ဘာအေးကုန်းမြေရှိ ဘွဲ့နှင်းသိမ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အကြိုဓမ္မသဘင် တရားပွဲများအဖြစ် ဒီဇင်ဘာ ၃ ရက်တွင် ဝေါဆရာတော်ဦးသုမင်္ဂလ၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် မေတ္တာအေးဆရာတော် ဦးသုဇာတ၊ ဇန်နဝါရီ ၂ ရက်တွင် မနာပဒါယီဆရာတော် ဦးဝိစိတ္တတို့က ညစဉ် ၇ နာရီမှ ၉ နာရီခွဲအထိ တရားရေအေးဟောကြားခြင်းနှင့် တရားပွဲမကျင်းပမီ ဆရာတော်များက သာသနာပြုအတွေ့အကြုံများကို ဆွေးနွေးကြမည်ဖြစ်ရာ ပြည်သူများ တရားတော်နာကြွရောက်ကြပါရန်နှင့် တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် သင်ကြား/စီမံ ဆရာတော်များနှင့် စာပေသင်ယူခဲ့ကြသည့် သင်တန်းသားဟောင်းများ ကြွရောက်ကြည်ညိုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

စာမျက်နှာ ၆ မှ

(ည) ဓမ္မပဒဆိုင်ရာစာအုပ်များ(၃၄)အုပ်
(ဋ) ဝိပဿနာဆိုင်ရာစာအုပ်များ (၁၃၅) အုပ်
(ဌ) ဒီပနီဆိုင်ရာစာအုပ်များ (၄၈) အုပ်
(ဍ) ဝိနိစ္ဆယဆိုင်ရာစာအုပ်များ( ၄ ) အုပ်
(ဎ) ဓမ္မကဗျာဆိုင်ရာစာအုပ်များ ( ၅ ) အုပ်
(ဏ) နီတိဆိုင်ရာစာအုပ်များ( ၅ ) အုပ်
(တ) ဩဝါဒကထာဆိုင်ရာ စာအုပ်များ (၁၂) အုပ်
(ထ) တရားတော်ဆိုင်ရာ စာအုပ်များ (၆၆) အုပ်
(ဒ) ပါဠိစာပေဆိုင်ရာစာအုပ်များ ( ၆ ) အုပ်
(ဓ) ရည်ညွှန်းကျမ်းဆိုင်ရာ စာအုပ်များ (၅၉) အုပ်
(န) ဘုရားသမိုင်းဆိုင်ရာ စာအုပ်များ (၅၉) အုပ်
(ပ) ကျောင်းတိုက်ဆိုင်ရာ စာအုပ်များ (၁) အုပ်
(ဖ) အတ္ထုပ္ပတ္တိ၊ ထေရုပ္ပတ္တိဆိုင်ရာစာအုပ်များ ( ၇ ) အုပ်
(ဗ) သင်္ဂါယနာဆိုင်ရာစာအုပ်များ ( ၃ ) အုပ်
(ဘ) မြန်မာစာပေ၊ မြန်မာ့စာပေသမိုင်းဆိုင်ရာ စာအုပ်များ ( ၉ ) အုပ်
(မ) သမိုင်းဆိုင်ရာစာအုပ်များ( ၅ ) အုပ်
(ယ) ဗုဒ္ဓဘာသာသမိုင်းဆိုင်ရာ စာအုပ်များ (၁၆) အုပ်
(ရ) စာမေးပွဲဆိုင်ရာစာအုပ်များ (၆၀) အုပ်
(လ) ဗုဒ္ဓဘာသာဆိုင်ရာ အထွေထွေစာအုပ်များ (၁၇၉) အုပ်
(ဝ) အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော ဗုဒ္ဓဘာသာဆိုင်ရာအထွေထွေ ကျမ်းစာများ (၆၆) အုပ်

စာအုပ်စုစုပေါင်း ၁၃၀၀ ကျော်၊ စာမျက်နှာပေါင်း ငါးသိန်းကျော်ကို e-book အဖြစ်ပြောင်းလဲခဲ့ပြီး သုတေသနစာကြည့်တိုက်၏ website ဖြစ်သော www.KBRL.gov.mm တွင် ဖတ်ရှုနိုင်ပြီဖြစ်ပါသည်။ သုတေသနစာကြည့်တိုက်တွင် စာအုပ်အမျိုးအမည်ပေါင်း ၁၀၀၀၀ ကျော်ရှိရာ e-book များ ဆက်လက်ဆောင်ရွက်ခြင်း၊ Website ထုတ်လွှင့်ခြင်းများကို သုတေသနစာကြည့်တိုက်ရှိ စာအုပ်များအားလုံး ထုတ်လွှင့်နိုင်သည်အထိ ဆက်လက်ဆောင်ရွက်သွားရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါသည်။

**e-Library ၏ အကျိုးကျေးဇူးများ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ရဟန်း၊ သာမဏေ ၅၅၁၅၈၇ ပါး၊ သီလရှင် ၅၅၆၀၈ ပါး စုစုပေါင်း ၆၀၇၁၉၅ ပါးရှိပြီး ပရိယတ္တိစာသင်တိုက် ၁၂၃၈ တိုက်၊ ပဋိပတ္တိကမ္မဋ္ဌာန်းရိပ်သာပေါင်း ၇၄၆ ခုရှိသည့်အတွက် မြန်မာနိုင်ငံသူ နိုင်ငံသားများအနေဖြင့်လည်း ထေရဝါဒဗုဒ္ဓသာသနာကို အလေးအနက်ထားလျက်ရှိရာ ယခုကဲ့သို့ ဗုဒ္ဓစာပေများကို Website မှ ဖတ်ရှုလေ့လာနိုင်အောင် ဆောင်ရွက်ခြင်းသည် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူများအတွက် အကျိုးကျေးဇူးများကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံတွင် မြတ်စွာဘုရားရှင်၏ မူရင်းဒေသနာပါဠိတော်များကို ပဥ္စမသင်္ဂါယနာ၊ ဆဋ္ဌသင်္ဂါယနာဟူ၍ နှစ်ကြိမ်တိုင်တိုင် စိစစ်တည်းဖြတ်၍ သင်္ဂါယနာတင်ပြီးဖြစ်သဖြင့် ထေရဝါဒဗုဒ္ဓသာသနာ၏ ဓမ္မအစစ်၊ ဓမ္မအမှန်ကို မြန်မာနိုင်ငံကသာလျှင် ပေးစွမ်းနိုင်သည့် အနေအထားတွင်ရှိကြောင်း၊ နိုင်ငံတကာမှ အသိအမှတ်ပြုခံထားရပြီး ပုဂံခေတ်မှစတင်၍ ယနေ့ကာလတိုင် ဂန္ထဓုရပရိယတ္တိဝန်ဆောင်ဆရာတော်ကြီးများက မူရင်းပါဠိတော်များနှင့် အဋ္ဌကထာဋီကာကျမ်းစာများ၏ အနှစ်သာရတို့ကို သာမန်ပုဂ္ဂိုလ်များအတွက် လွယ်ကူရှင်းလင်းစွာ နားလည်သိရှိအားထုတ်နိုင်အောင် ဘုရားရှင်၏ အလိုဆန္ဒတော်နှင့်လျော်ညီစွာ မြန်မာဘာသာဖြင့် ပြုစုထားသော ကျမ်းများရှိနေပြီ ဖြစ်ပါသည်။

ထို့ပြင် ပရိယတ္တိဂုဏ်ဆောင် သာသနာပြုဥပါသကာကြီးများ၏ မြန်မာဘာသာဖြင့် ပြုစုထားသောကျမ်းစာများနှင့် ခေတ်အဆက်ဆက်တွင် ပေါ်ထွန်းလာခဲ့သော ပဋိပတ္တိဝန်ဆောင် မဟာထေရ်ကြီးများ၏ ပရိယတ္တိနှင့် လျော်ညီသော ပဋိပတ္တိကမ္မဋ္ဌာန်းအားထုတ်နည်းအမျိုးမျိုးတို့ကို ညွှန်ပြသည့် ကျမ်းစာအမျိုးမျိုးတို့လည်း ပေါ်ထွန်းနေပြီဖြစ်၍ နိုင်ငံတကာ ဗုဒ္ဓဘာသာသုတေသီများအတွက် ပိဋကတ်ဘာသာပြန်အဖွဲ့က ပြန်ဆိုတည်းဖြတ်ပြီးဖြစ်သော ပါဠိတော်အင်္ဂလိပ်ဘာသာပြန်ကျမ်းများ၊ ဗုဒ္ဓဘာသာဆိုင်ရာ အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြုစုထားသော အထွေထွေကျမ်းစာများကို ကမ္ဘာတစ်ဝန်းသို့ Online မှတစ်ဆင့် ဖြန့်ဝေနိုင်ပြီဖြစ်ပါသည်။

ကမ္ဘာအေးဗုဒ္ဓသုတေသနစာကြည့်တိုက်သည် ရည်ညွှန်းစာကြည့်တိုက်၊ သုတေသနစာကြည့်တိုက်ဖြစ်သည့် အားလျော်စွာ ဗုဒ္ဓစာပေပညာသင် ရဟန်းသံဃာတော်များ၊ တက္ကသိုလ်အသီးသီးမှ ကျမ်းပြုဆရာမများ၊ မဟာဘွဲ့၊ မဟာသုတေသနဘွဲ့နှင့် ပါရဂူဘွဲ့ကျမ်းပြုစုသူများ၊ ပြည်တွင်းပြည်ပသုတေသီပညာရှင်များအတွက် လွန်စွာအထောက်အကူပြုသော အထူးစာကြည့်တိုက်ကြီးတစ်ခုဖြစ်ပါသည်။

ကမ္ဘာအေးဗုဒ္ဓသုတေသနစာကြည့်တိုက်သို့ လာရောက်လေ့လာကြသော ပြည်တွင်း/ပြည်ပ ပညာရှင်သုတေသီများအတွက် အကျိုးကျေးဇူးများသည်သာမက ဗုဒ္ဓစာပေများကို e-book သို့ ပြောင်းလဲအဆင့်မြှင့်တင်၍ Online မှ ထုတ်လွှင့်နေပြီဖြစ်သဖြင့် ကမ္ဘာတစ်ဝန်းရှိ ရဟန်းသံဃာတော်များ၊ ဗုဒ္ဓဘာသာဝင်များနှင့် သုတေသီများသည် ကမ္ဘာအရပ်ရပ်တွင် မိမိတို့ ရောက်ရှိရာနေရာမှ Download ရယူ၍ လေ့လာဖတ်ရှုနိုင်ကြသည့် အကျိုးထူးများ ရရှိနိုင်ကြပြီဖြစ်ပါသည်။ ယခုအခါ အိန္ဒိယနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ထိုင်းနိုင်ငံတို့တွင် ဗုဒ္ဓစာပေများ သင်ယူလျက်ရှိကြသော မြန်မာပညာသင် ရဟန်းတော်များသည် www.KBRL.gov.mm Website မှတစ်ဆင့် ဗုဒ္ဓစာပေများကို ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် လွယ်လင့်တကူဖတ်ရှုလေ့လာပြီး ဘွဲ့ယူစာတမ်းများအတွက်ပါ အားကိုးအားထားနိုင်ပြီဖြစ်ရာ ပညာသင်ရဟန်းတော်များအတွက် အထူးအားထားရသည့် Website တစ်ခု ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။



ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ညွှန့်သိန်း။

✱ ရွှေဖုံးမှ

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက်စာရင်းအရလုံးခင်း၊ ဖားကန့်ရတနာနယ်မြေမှာ တူးဖော်ရေးကုမ္ပဏီ ၆၂၇ ခုကို ပုဂ္ဂလိကလုပ်ကွက်ပေါင်း ၇၇၁၄ ကွက်နဲ့ ကုမ္ပဏီ ၂၃၁ ခုကိုအကျိုးတူလုပ်ကွက် ၃၁၁ ကွက်၊ စုစုပေါင်း ဧရိယာ ၂၂၅၅၈ ဒသမ ၃၀ ဧကကို လုပ်ကိုင်ခွင့်ပြုခဲ့ပါတယ်။

၁၉၉၅ခုနှစ်မှာ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြဋ္ဌာန်းပြီး ဥပဒေ၊ နည်းဥပဒေများနဲ့အညီ နိုင်ငံသားပိုင်ကျောက်မျက်ကုမ္ပဏီတွေကို တူးဖော်ထုတ်လုပ်ရောင်းချခွင့်ပြုခဲ့ပါတယ်။ ၁၉၉၅ခုနှစ်ကစပြီးတော့ ပုဂ္ဂလိကလုပ်ကွက်တွေကို တူးဖော်ခွင့်ပြုခဲ့ပြီး ၂၀၀၀ပြည့်နှစ်မှာတော့ နိုင်ငံတော်နဲ့အကျိုးတူ တူးဖော် ထုတ်လုပ်မယ့်ကုမ္ပဏီတွေကို လုပ်ကိုင်ခွင့်ပြုခဲ့ခြင်း ဖြစ်ပါတယ်။

ကျောက်မျက်ရတနာတူးဖော်လုပ်ကိုင်ခွင့်ကို ၁၉၉၅ခုနှစ်မတိုင်မီက နိုင်ငံပိုင်အနေဖြင့်သာ ဆောင်ရွက်ခဲ့ရာမှ ၁၉၉၅ခုနှစ်မှာ ကျောက်မျက်ရတနာဥပဒေနဲ့ နည်းဥပဒေတွေထုတ်ပြန်သတ်မှတ်ခဲ့ပြီး တိုင်းရင်းသားပိုင်ကုမ္ပဏီ/အသင်းတွေနဲ့ လုပ်ငန်းရှင်တွေကိုလည်း ကျောက်မျက်ရတနာတူးဖော်လုပ်ကိုင်နိုင်ဖို့ လုပ်ကွက်တွေကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပါတယ်။

လုပ်ကိုင်ခွင့်ပြုရာမှာ သတ်မှတ်လုပ်ကွက်၊ ဖော်ထုတ်လုပ်ကွက်နဲ့ နိုင်ငံတော်နဲ့ အကျိုးတူလုပ်ကွက်ဆိုပြီး သုံးမျိုးရှိပါတယ်။သတ်မှတ်လုပ်ကွက်ဆိုတာ ရတနာနယ်မြေအတွင်းမှာရှိတဲ့ မြေလွတ်မြေလပ်တွေမှာ သတ္တုတွင်းဝန်ကြီးဌာနက အကွက်ရိုက်သတ်မှတ်ထားတဲ့ တစ်ဧက အကျယ်အဝန်းရှိတဲ့ လုပ်ကွက်တွေဖြစ်ပါတယ်။ ဖော်ထုတ်လုပ်ကွက်နဲ့ အကျိုးတူလုပ်ကွက်တွေကို ကျောက်မျက်တူးဖော်ထုတ်လုပ်လိုတဲ့ လုပ်ငန်းရှင်/ကုမ္ပဏီတွေက လျှောက်ထားလာရင် ကန့်သတ်ချက်တွေနဲ့ လွတ်ကင်းမှုရှိ/မရှိ ကွင်းဆင်းစစ်ဆေးပြီးမှသာ လုပ်ကိုင်ခွင့်ပြုတာဖြစ်ပါတယ်။

ဖော်ထုတ်လုပ်ကွက်ရဲ့ တစ်ကွက်အကျယ်အဝန်းမှာ တစ်ဧကရှိပြီး အကျိုးတူလုပ်ကွက်အကျယ်အဝန်းမှာ ဧက ၅၀ အထိရှိပါတယ်။ ကျောက်စိမ်းလုပ်ကွက်လုပ်ကိုင်ခွင့်ပြုခြင်းအပါအဝင် အခြားကျောက်မျက်ရတနာလုပ်ငန်းတွေအားလုံးကို မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်၊ အသင်းခွဲတွေနဲ့ ပူးပေါင်းညှိနှိုင်းပြီး ဆောင်ရွက်နေပါတယ်။ သတ်မှတ်လုပ်ကွက်တွေကို စတင်လုပ်ကိုင်ခွင့်နဲ့သက်တမ်းကုန်အတွက်လျှောက်ထားနိုင်ကြောင်း ကြေညာချက်ကို နိုင်ငံပိုင်သတင်းစာတွေမှာ ထည့်သွင်းပြီး ဈေးပြိုင်အဆိုပြုလွှာခေါ်ယူပါတယ်။

ဖော်ထုတ်လုပ်ကွက်တွေ စတင်လုပ်ကိုင်ခွင့်အတွက် တစ်ကွက်ကို အဆိုပြုငွေကျပ် ၁၀ သိန်းနဲ့အထက် သတ်မှတ်ပြီး ဦးစီးကော်မတီက လုပ်ကိုင်ခွင့်ချထားပေးခြင်းဖြစ်ပါတယ်။ သက်တမ်းကုန်ရင်တော့ ဈေးပြိုင်အဆိုပြုလွှာ ပြန်လည်တင်သွင်းရပါတယ်။ ဈေးအများဆုံး တင်သွင်းသူကို လုပ်ကိုင်ခွင့်ချထားပေးခြင်းဖြစ်ပါတယ်။ အကျိုးတူလုပ်ကွက်တွေရဲ့ လုပ်ကိုင်ခွင့်ကိုတော့ လုပ်ကွက်အကျယ်အဝန်း တစ်ဧကအတွက် အဆိုပြုငွေကျပ် ၁၀ သိန်းပေးသွင်းစေပြီး မူလသက်တမ်း ငါးနှစ်၊ ဒုတိယ သက်တမ်းသုံးနှစ်နဲ့ တတိယသက်တမ်းမှစပြီး နှစ်နှစ်စီ သက်တမ်းတိုး လုပ်ကိုင်ခွင့်ပြုပါတယ်။ ဒါကြောင့်ကျောက်စိမ်းလုပ်ကွက်တွေ လုပ်ကိုင်ခွင့်ချထားပေးခြင်းကို ဝန်ကြီးဌာနပေါင်းစုံက တာဝန်ရှိသူတွေအဖွဲ့ဝင်အဖြစ်ပါဝင်ကြပြီး ဖွဲ့စည်းပေးထားတဲ့ ဦးစီးကော်မတီက လုပ်ကိုင်ခွင့်ချထားပေးခြင်းဖြစ်ပါတယ်။ ဒါ့အပြင် ဈေးပြိုင်စနစ်နဲ့ အဆိုပြုလွှာတင်သွင်းစေပြီး ဈေးအများဆုံး တင်သွင်းနိုင်သူကိုသာ ခွင့်ပြုပေးခြင်းကို မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

**မေး။ တူးဖော်လုပ်ကိုင်ခွင့်ရရှိသူတွေ လိုက်နာရမယ့်ဥပဒေနဲ့ စည်းကမ်းသတ်မှတ်ချက်တွေကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ လုပ်ကွက်လုပ်ကိုင်ခွင့်ရရှိသူတွေ လိုက်နာရမယ့် စည်းကမ်းချက်တွေကို မြန်မာ့ကျောက်မျက်ရတနာဥပဒေနဲ့ နည်းဥပဒေတွေမှာ တိကျစွာဖော်ပြထားပြီးဖြစ်ပါတယ်။ တူးဖော်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်းတွေအတွက် လိုက်နာဆောင်ရွက်ရမယ့် အချက်တွေကို လုပ်ကွက်ခွင့်ပြုမိန့်ရရှိသူတွေက လိုက်နာဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

**မေး။ ရေမဆေးကျောက်လုပ်ငန်းနဲ့ပတ်သက်ပြီး မလိုလားအပ်တဲ့ ဖြစ်စဉ်တွေ မဖြစ်ပွားစေဖို့ ဖွဲ့စည်းဆောင်ရွက်မှုအခြေအနေကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ၁၉၉၅ခုနှစ် နောက်ပိုင်းမှာ ကျောက်စိမ်းရိုင်းတူးဖော်မှုလုပ်ငန်းကို အရွယ်အစားကြီးမားတဲ့ ကျောက်ဖောက်စက်၊ မြေကော်စက်နဲ့ မြေတူးစက်စတဲ့ စက်ယန္တရားတွေကို အသုံးပြုပြီး ဟင်းလင်းဖွင့်စနစ်နဲ့ တူးဖော်ခွင့်ပြုခဲ့ပါတယ်။ တူးဖော်ရရှိတဲ့မြေစာတွေကို စက်ယန္တရားတွေ အသုံးပြုပြီး ကျောက်စိမ်းရိုင်းရှာဖွေခြင်းဖြစ်ပါတယ်။ အဲဒီလိုရှာဖွေပြီးတဲ့မြေစာတွေကို မြေစာပုံတွေမှာ သွားရောက်စွန့်ပစ်ကြပါတယ်။ အဲဒီစွန့်ပစ်မြေစာတွေမှာ ရောပြီးပါသွားတဲ့ ကျောက်စိမ်းရိုင်းအချို့ကိုရှာဖွေတွေ့ရှိပြီး ကောက်ယူရောင်းချကြတဲ့စွန့်ပစ်မြေစာပါကျောက်စိမ်းရိုင်းကိုရှာဖွေတဲ့လူအုပ်စုတစ်ရပ်ပေါ်ပေါက်လာပါတယ်။ ကျောက်စိမ်းရိုင်းတွေကို ရေမဆေးမီရောင်းချကြတဲ့အတွက် ရေမဆေးကျောက်ဆိုပြီး အမည်တွင်လာခြင်းဖြစ်ပါတယ်။

ကချင်ပြည်နယ် ဖားကန့်ဒေသမှာ ရေမဆေးကျောက်တူးသမားတွေ လုပ်ကိုင်မှုပိုပြီးများပြားလာတဲ့အတွက် အုပ်ချုပ်ရေးနဲ့ လုံခြုံရေးအဖွဲ့တွေက ထိရောက်စွာကာကွယ်တားဆီးနိုင်ဖို့နဲ့ မလိုလားအပ်တဲ့ဖြစ်စဉ်တွေ မဖြစ်ပွားစေဖို့ ဖားကန့်ဒေသတရားဥပဒေစိုးမိုးရေးအဖွဲ့ကို နိုင်ငံတော်က ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၄ ရက်မှာ ဖွဲ့စည်းပေးခဲ့ပြီး ဒီအဖွဲ့ရဲ့ ကြီးကြပ်မှုနဲ့ ရေမဆေးကျောက်ရှာဖွေသူတွေ ဝင်ရောက်ကျူးကျော်မှု ရှင်းလင်းခြင်းကို ၂၀၁၃ ခုနှစ်မှာ အကြိမ် ၃၀၊ ၂၀၁၄ ခုနှစ်မှာ ၁၀၉ ကြိမ်နဲ့ ၂၀၁၅ ခုနှစ်မှာ ၁၆ ကြိမ် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။



လုံးခင်း၊ ဖားကန့်ဒေသတွင် ကျောက်စိမ်းများ တူးဖော်ထုတ်လုပ်နေစဉ်။ (ဓာတ်ပုံ-သတ္တုတွင်း)

လုံးခင်း၊ ဖားကန့်ရတနာနယ်မြေမှာ မလိုလားအပ်တဲ့ဖြစ်စဉ်တွေ မဖြစ်ပွားစေဖို့အတွက် တရားမဝင်ကျောက်စိမ်းရိုင်းရှာဖွေသူတွေကို ပညာပေးခြင်း၊ သတိပေးခံဝန်များ ရေးထိုးစေခြင်းတွေ ပြုလုပ်ခဲ့ပြီး မူလဒေသတွေကို ပြန်လည်စေလွှတ်ပေးခဲ့တာ ၂၀၁၃ ခုနှစ်မှာ ၇၉၈ ဦး၊ ၂၀၁၄ ခုနှစ်မှာ ၃၅၂၆ ဦးနဲ့ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက်အထိ ၃၁၉ ဦး စုစုပေါင်း ၄၆၄၃ ဦးအထိ ရှိပါတယ်။

**မေး။ ဖက်စပ်စနစ်နဲ့ ဆောင်ရွက်မှုအခြေအနေကိုလည်း ရှင်းပြပေးပါ။**

ဖြေ။ ကျောက်မျက်ရတနာလုပ်ကွက် လုပ်ကိုင်ခွင့်တွေကို တိုင်းရင်းသားပိုင်ကုမ္ပဏီ/အသင်းတွေနဲ့ တိုင်းရင်းသားလုပ်ငန်းရှင်တွေကိုပဲ ချထားပေးခြင်းဖြစ်ပါတယ်။ နိုင်ငံခြားသားတွေကို လုပ်ကိုင်ခွင့်မပြုပါဘူး။ ၁၉၉၅ ခုနှစ်ကစပြီး ဖက်စပ်စနစ်နဲ့ တူးဖော်ခြင်းကို ရပ်နားခဲ့ပါတယ်။ **၂၀၀၀ပြည့်နှစ်မှာ နိုင်ငံတော်နဲ့ အကျိုးတူ တူးဖော်မှုစနစ်ကို ဆောင်ရွက်ခဲ့ပါတယ်။ ရောင်းချရတဲ့ တန်ဖိုးကနေ ကောက်ခံရမယ့် အခွန်အခတွေကို နုတ်ယူပြီး ကျန်ပမာဏအပေါ်မှာ နိုင်ငံတော်က ၂၅ ရာခိုင်နှုန်းနဲ့ လုပ်ငန်းရှင်က ၇၅ ရာခိုင်နှုန်း ခွဲဝေခံစားတဲ့စနစ်နဲ့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။**

**မေး။ ကျောက်မျက်ရတနာတူးဖော်တဲ့ဒေသတွေမှာ သဘာဝပတ်ဝန်းကျင်၊ လူမှုဝန်းကျင်နဲ့ ကျန်းမာရေးထိန်းသိမ်းစောင့်ရှောက်မှုတွေ ဆောင်ရွက်မှုအခြေအနေကိုလည်း သိပါရစေ။**

**ဖြေ။ ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်တွေကို တူးဖော်ဖို့အတွက် သက်ဆိုင်ရာကုမ္ပဏီတွေက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး (EIA)၊ လူမှုဝန်းကျင်ထိန်းသိမ်းရေး(SIA)၊ ကျန်းမာရေးထိန်းသိမ်းစောင့်ရှောက်မှု(HIA) စီမံချက်တွေ ရေးဆွဲတင်ပြရပါတယ်။ အဲဒီစီမံချက်တွေအတိုင်း လိုက်နာဆောင်ရွက်ဖို့ စစ်ဆေးကြပ်မတ်လျက်ရှိပါတယ်။**

သတ္တုတွင်းဝန်ကြီးဌာနဟာ လုံးခင်း၊ ဖားကန့် ရတနာနယ်မြေမှာ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းတာဝန်ယူမှုလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့အတွက် CSR ရန်ပုံငွေ အမေရိကန်ဒေါ်လာနှစ်သန်းကို ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီရဲ့ စီစဉ်မှုနဲ့ လျာထားသတ်မှတ်ထားပြီး ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်းက နေရာအနှံ့အပြားမှာ ဖြစ်ပွားခဲ့တဲ့ ရေကြီးနစ်မြုပ်မှုတွေမှာ ဖားကန့်ဒေသ ရေဘေးအလှူငွေအဖြစ် အဲဒီ CSR ရန်ပုံငွေမှ ငွေကျပ် သန်း ၂၀၀ ပေးအပ်ခဲ့ပါတယ်။

**မေး။ ကျောက်မျက်ရတနာတူးဖော်တဲ့ ဒေသတွေမှာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်နေမှု အခြေအနေကိုလည်း ရှင်းပြပေးပါ။**

ဖြေ။ လုံးခင်း၊ ဖားကန့်ရတနာနယ်မြေမှာ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းစေဖို့အတွက် ကုမ္ပဏီအလိုက်၊ မှော်အလိုက်၊ လုပ်ကွက်အလိုက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး စီမံချက်တွေရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ မြေစာစွန့်ပစ်စုပုံခြင်းလုပ်ငန်းအပါအဝင် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းအားလုံးမှာ **ဘေးအန္တရာယ်ကင်းရှင်းစေဖို့အတွက် တူးဖော်ရာမှာ လှေကားထစ်ပုံသဏ္ဌာန်တူးဖော်စေခြင်း၊ အန္တရာယ်ရှိတဲ့ ကမ်းပါးယံတွေအနီးမှာ အဆောက်အအုံတွေ ဆောက်လုပ်နေထိုင်မှုမရှိစေခြင်း၊ လုပ်ငန်းခွင် ဝင်/ထွက်လမ်းကြောင်းတွေကို မြေသားတည်ငြိမ်ကျစ်လျစ်မှုရှိအောင် ဆောင်ရွက်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းချိန်တွေမှာ မြေပြိုလေ့ရှိတတ်တဲ့အတွက် တူးဖော်မှုလုပ်ငန်းတွေနဲ့ မြေစာစွန့်ပစ်မှုလုပ်ငန်းတွေကို ရပ်နားထားစေခြင်းနဲ့ ပြိုကျနိုင်တဲ့နေရာတွေ၊ ဘေးအန္တရာယ်ဖြစ်ပွားနိုင်တဲ့ နေရာတွေမှာ "ကန့်သတ်ဧရိယာ"၊ "မသွားရဧရိယာ" ဆိုင်းဘုတ်တွေစိုက်ထူစေခြင်း စတဲ့ ဘေးအန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်ရမယ့်အချက်တွေကို ကုမ္ပဏီတွေက လိုက်နာဆောင်ရွက်သွားနိုင်ဖို့အတွက် အနီးကပ်ကြပ်မတ်လျက်ရှိပါတယ်။**

**မေး။ ယခုပွင့်လင်းရာသီမှာ ကျောက်စိမ်းတူးဖော်တဲ့လုပ်ငန်းတွေ ပြန်လည်လုပ်ကိုင်လာတဲ့ အခြေအနေကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ၂၀၁၂ခုနှစ် မေ ၃၁ ရက်မှာ ကျောက်စိမ်းတူးဖော်မှုလုပ်ငန်းတွေကို ရပ်နားထားခဲ့ပြီး ၂၀၁၄ခုနှစ် စက်တင်ဘာ ၁ ရက်မှာ ပြန်လည်လုပ်ကိုင်ခွင့်ပြုခဲ့ခြင်း ဖြစ်ပါတယ်။ကျောက်စိမ်းတူးဖော်မှုရပ်နားကာလနှစ်နှစ်ကျော်ကြာမြင့်ခဲ့တဲ့အတွက် ပြန်လည်တူးဖော်ခွင့်ပြုတဲ့အခါမှာ တူးဖော်ရေးလုပ်ငန်းတွေကို ချက်ချင်းစတင်နိုင်ခဲ့ခြင်း မရှိခဲ့ပါဘူး။

ရပ်နားခဲ့တဲ့ကာလမှာ ရပ်ထားခဲ့ရတဲ့ ယာဉ်၊ယန္တရားတွေကို ပြန်လည်ပြင်ဆင်မွမ်းမံတာ၊ နေရပ်အသီးသီးကို ပြန်သွားခဲ့တဲ့ ကုမ္ပဏီဝန်ထမ်းတွေကို ပြန်လည်စုစည်းရတာတွေကြောင့် ကုမ္ပဏီအများစုဟာ လုပ်ငန်းခွင်ပြင်ဆင်ချိန် အနည်းဆုံးခြောက်လခန့်ကြာမြင့်ခဲ့ကြပါတယ်။ လုပ်ငန်းခွင်အတွက် ပြင်ဆင်မှုလုပ်ရင်းနဲ့ မိုးတွင်းကာလရောက်လာတဲ့အတွက် အင်အားပြည့်တူးဖော်ထုတ်လုပ်နိုင်မှုမရှိခဲ့ပါဘူး။ အခု ၂၀၁၅ခုနှစ် ပွင့်လင်းရာသီရောက်မှသာ လုပ်ငန်းတွေပြန်လည်ပြီး ပုံမှန်လည်ပတ်လုပ်ဆောင်နိုင်တာဖြစ်ပါတယ်။

ကျောက်စိမ်းတူးဖော်ရာမှာ ယခင်က အနက်ပေ ၂၀၀ နဲ့ ၃၀၀ခန့်မှာ တူးဖော်ထုတ်လုပ်နိုင်ခဲ့ကြပေမယ့် ကျောက်ကြောအခြေအနေအရ အနက်ပေ ၅၀၀ခန့်ကနေ ပေ ၁၀၀၀ ခန့်အထိ တူးဖော်ထုတ်လုပ်လာရခြင်းဖြစ်ပါတယ်။ ဒါ့အပြင် **တူးဖော်ပြီး မြေစာတွေကို စွန့်ပစ်ရာမှာလည်း ယခင်ကလုပ်ကွက်အနီးမှာ စွန့်ပစ်နိုင်ပေမယ့် ယခုအချိန်မှာတော့ စွန့်ပစ်မြေစာပုံတွေကို လူနေရပ်ကွက်၊ ကျေးရွာတွေနဲ့ ဝေးကွာတဲ့နေရာ၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိတဲ့နေရာတွေကို ရွေးချယ်ပြီး နေရာသတ်မှတ်စွန့်ပစ်စေတာကြောင့်** အပေါ်ယံ မြေစာဖယ်ရှားစွန့်ပစ်တဲ့လုပ်ငန်းကို အချိန်အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်ရပါတယ်။

ကျောက်စိမ်းတူးဖော်ထုတ်လုပ်တဲ့ လုပ်ငန်းဆိုတာ အပေါ်ယံမြေလွှာကို ရှေးဦးစွာ ဖယ်ရှားပြီးမှ ကျောက်ကြောပါမြေစာကို တူးဖော်ထုတ်လုပ်ရခြင်းဖြစ်ပါတယ်။ ဒါကြောင့် အပေါ်ယံမြေစာကို မိုးတွင်းကာလမရောက်မီ အချိန်မီဖယ်ရှားနိုင်မှသာ ကျောက်ကြောကို တူးဖော်ရတာဖြစ်လို့ ရင်းနှီးမြှုပ်နှံမှုကြီးမားစွာ မြှုပ်နှံရတဲ့ လုပ်ငန်းဖြစ်ပြီး ကုမ္ပဏီတွေအနေနဲ့ ပွင့်လင်းရာသီမှာ အချိန်ကိုက်တွက်ချက်ပြီး တူးဖော်လုပ်ကိုင်ကြခြင်းသာဖြစ်ပါတယ်။

ကျေးဇူးတင်ပါတယ်။

၂၀၀၀ပြည့်နှစ်မှာ နိုင်ငံတော်နဲ့ အကျိုးတူ တူးဖော်မှုစနစ်ကို ဆောင်ရွက်ခဲ့ပါတယ်။ ရောင်းချရတဲ့တန်ဖိုးကနေ ကောက်ခံရမယ့် အခွန်အခတွေကို နုတ်ယူပြီး ကျန်ပမာဏအပေါ်မှာ နိုင်ငံတော်က ၂၅ ရာခိုင်နှုန်းနဲ့ လုပ်ငန်းရှင်က ၇၅ ရာခိုင်နှုန်း ခွဲဝေခံစားတဲ့စနစ်နဲ့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

## ပြည်တွင်းရေးရာ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင် ဆေးပညာသင်ကြားမှုဆိုင်ရာ အထောက်အကူပြုပစ္စည်းများအား ကြည့်ရှုစစ်ဆေးစဉ်။ (မြဝတီ)

☆ ကျောဖုံးမှ

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဗိုလ်လောင်းတပ်ခွဲများက အနွေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၇)မှ အောင်စစ်သည်ဆုနှင့် လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းပြည့်ဖြိုးအောင်၊ စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းပိုင်စိုးဦးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်းဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားရာတွင် တပ်မတော်ဆေးတက္ကသိုလ်အနေဖြင့် ယနေ့အထိ ကျောင်းဆင်းအရာရှိ ဆရာဝန် ၄၅၃၅ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ၎င်းအနက်မှ ပြည်တွင်း၊ ပြည်ပမဟာဘွဲ့၊ ပါရဂူဘွဲ့ရ ၁၆၀၀ ကျော် ပေါ်ထွန်းလာခဲ့ပြီဖြစ်သည့်အတွက် တပ်မတော်နှင့် နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အင်နှင့်အားနှင့် ပါဝင်ထမ်းရွက်နေကြသည်ကို ဂုဏ်ယူဖွယ်ရာတွေ့မြင်ရမည်ဖြစ်ကြောင်း၊ သင်ကြားပေးလိုက်သည့် ဆေးဘက်ဆိုင်ရာပညာရပ်များနှင့် စစ်ပညာရပ်များကို မှန်ကန်စွာအသုံးချ၍ တာဝန်ကျရာတပ်၊ ဒေသအသီးသီးတွင် တပ်မတော်သားများနှင့် မိသားစုဝင်များကိုသာမက လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဝေးလံခေါင်ပါးသောဒေသများ၌ နေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကိုများ၏ ကျန်းမာရေးကာကွယ်စောင့်ရှောက်မှု၊ ကျန်းမာရေးအသိပေးဖြန့်ဝေမှုတာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူကုသပေးရမည့် ရောဂါအမျိုးမျိုးပျောက်ကင်းအောင် ကုသပေးနိုင်ရန် အမြဲကြိုးစားလေ့လာရင်း ပြောင်းလဲတိုးတက်နေသည့် ဆေးဘက်ဆိုင်ရာပညာရပ်များနှင့်အတူ ကြိုတင်ကာကွယ်မှု၊ ကုသမှုများနှင့် ရင်ဆိုင်တိုက်ပွဲဝင်နေကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ကို ကာကွယ်ရမည့် စစ်သည်များသည် ကျန်းမာကြံ့ခိုင်ရန်လိုအပ်သလို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်မြင့်မားသည့် လူသားအရင်းအမြစ်များ အများအပြားလိုအပ်ခြင်းကြောင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းမှတစ်ဆင့် နိုင်ငံတော်နှင့် တပ်မတော်အတွက် ထိရောက်သော အထောက်အကူဖြစ်စေရန် စေတနာထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ "ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုထိရောက်သည်"ဆိုသည့်အတိုင်း တပ်မတော်သားတိုင်း ကိုယ်စီကျန်းမာရေးအသိနှင့် မှန်ကန်စွာနေထိုင်စားသောက်နိုင်ရေး ပညာပေးခြင်း၊ ရောဂါများမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ခြင်းများကို ထိထိရောက်ရောက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သမိုင်းစဉ်တစ်လျှောက်လုံး နိုင်ငံတော်နှင့် ပြည်သူကို ကာကွယ်အလုပ်ကျွေးပြုလာသည့် တပ်မတော်အနေဖြင့် ယင်းဒေသခံပြည်သူများကို လိုအပ်နေသော ကျန်းမာရေးစောင့်ရှောက်ကုသမှုနှင့် ဆေးကာကွယ်ပေးရေးလုပ်ငန်းစဉ်များကို တစိုက်မတ်မတ် တတ်အားသရွေ့ ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ် ဩဂုတ်လအထိ နိုင်ငံတစ်နံတစ်လျားက ဒေသခံပြည်သူ ၂၇၀၅၀၀ ဦးကို တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များဖြင့် ကုသပေးခဲ့ပြီး တပ်မတော်ဆေးရုံများသို့ ၃၅၀၀ ကျော်ကို တက်ရောက်ဆေးကုသမှုပေးနိုင်ခဲ့ကြောင်း။

ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် ခေတ်နှင့်အညီ နည်းပညာမြင့်မားသည့် ပစ္စည်းကိရိယာများကို ကျွမ်းကျင်စွာကိုင်တွယ်အသုံးပြုတတ်အောင်၊ တိုးတက်သည့်ကုထုံးသစ်များ၊ ဆေးဝါးများနှင့် ကုသပေးနိုင်အောင် မျက်ခြည်မပြတ်လေ့လာသင်ယူသွားကြရမည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း ခေတ်စနစ်များ ပြောင်းလဲလာသည်နှင့်အမျှ ဆေးပညာနှင့်စစ်ဘက်ဆိုင်ရာ သိပ္ပံပညာရပ်များ ပေါင်းစပ်ပြီး အဏုမြူ၊ ဓာတု၊ ဇီဝ လက်နက်များထုတ်လုပ်လာကြရာ ယင်းလက်နက်မျိုးနှင့် တိုက်ခိုက်မှုများ၏ အကျိုးသက်ရောက်မှုအန္တရာယ်ကိုသိရှိပြီး ကာကွယ်နိုင်မည့်နည်းလမ်းများ၊ ကုသရမည့်နည်းလမ်းများကို လေ့လာပြင်ဆင်သုတေသနလုပ်ထားကြရမည်ဖြစ်ကြောင်း။

တပ်မတော်အရာရှိများဖြစ်ကြသည့်အတွက် တိုက်တွန်းချက်၊ တားမြစ်ချက်များဖြစ်သော တပ်မတော်စည်းမျဉ်းစည်းကမ်းများ၊ တပ်မတော်အက်ဥပဒေများ၊ နယ်ဘက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများကို သိရှိကြရမည်ဖြစ်သလို အလေးထားလိုက်နာကြရန်လည်း လိုအပ်ကြောင်း၊ ၎င်းအပြင် ဆရာဝန်များဖြစ်သည့်အတွက် ကျန်းမာရေးဝန်ထမ်းများလိုက်နာရမည့် ကျင့်ဝတ်များ၊ ဆရာဝန်များလိုက်နာရမည့် ကျင့်ဝတ်များ၊ ကတိသစ္စာများကို သေချာစွာမှတ်သားလိုက်နာပြီး ပြုမူကျင့်ကြံနေထိုင်ခြင်းဖြင့် ကုသမှုများသည်လည်း အစွမ်းထက်၍ ထိရောက်လာမှာဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံအကျဆုံးမှာ တည်ငြိမ်အေးချမ်းရေးပင်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် လုပ်နိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ယခုအချိန်တွင် အမျိုးသားပြန်လည်ပေါင်းစည်းညီညွတ်ရေးကို တည်ဆောက်နေခြင်းပင်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့်အတူ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထုအကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိပါကြောင်း၊ နိုင်ငံတော်တွင် သဘာဝဘေးအန္တရာယ်အပါအဝင် အရေးကြုံလာပါက တပ်မတော်သားတစ်ဦး မဖြစ်မနေလုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန်လုပ်ဆောင်ပြီး ပြည်သူနှင့် တိုင်းပြည်က အားကိုးအားထားရသည့် တပ်မတော်တစ်ရပ်ဖြစ်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သဘာဝဘေးဒဏ်ခံရသည့် ဒေသများတွင် တပ်မတော်က ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ဆေးကာကွယ်ပေးရေးလုပ်ငန်းများကို စိတ်ရင်းစေတနာဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ရင်း နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့်လည်း ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းပြီး သစ္စာရှိရှိ တာဝန်ကျေပွန်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ရှေ့ဆက်လျှောက်လှမ်းရမည့်လမ်းကြောင်း ခိုင်မာရန်အတွက် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးမှာ အရေးကြီးသည့်အတွက် တပ်မတော်က အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ခံယူအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ သင်တန်းဆင်းအရာရှိများအနေဖြင့် တာဝန်ကျေပွန်ပြီး ရိုးသားကြိုးစားသည့် တပ်မတော်အရာရှိကောင်းတစ်ဦး၊ ထူးချွန်ထက်မြက်သည့် ဆေးသိပ္ပံပညာရှင်ကောင်းတစ်ဦးအဖြစ် တပ်မတော်ဆေးတက္ကသိုလ်၏ဂုဏ်ကို ဆောင်နိုင်သော "သမားဇာနည် အောင်စစ်သည်" များဖြစ်အောင် ကြိုးပမ်းကြရန် တိုက်တွန်းပြောကြားသည်။

၎င်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကိုခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာခဲ့သည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်ဆေးတက္ကသိုလ်ပင်မစာသင်ဆောင်ရှိ ဧည့်ခန်းမဆောင်၌ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၇)မှ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းနှစ်ဦးနှင့် ၎င်းတို့၏ မိဘများအားတွေ့ဆုံ၍ ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအစည်းအဝေးခန်းမ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များအား ပါမောက္ခချုပ် ဗိုလ်မှူးကြီး ကိုကိုလွင်မှ ဆေးပညာသင်ကြားမှုဆိုင်ရာများ၊ သင်ကြားရေးကာလသတ်မှတ်မှု၊ ပြည်တွင်းပြည်ပလက်ခံ အသိအမှတ်ပြုမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြောင်းလဲသင့်သည့် သင်ရိုးညွှန်းတမ်းများကို ပြောင်းလဲသင်ကြား၍ ဆေးတက္ကသိုလ်မှ ပေးအပ်သည့်ဘွဲ့များကို ပြည်တွင်းပြည်ပမှ အဆင့်မီစွာ အသိအမှတ်ပြုရေး လိုအပ်သည်များကို စီမံဆောင်ရွက်ရန် မှာကြားသည်။

(မြဝတီ)

**သင်ကြားပေးလိုက်သည့် ဆေးဘက်ဆိုင်ရာပညာရပ်များနှင့် စစ်ပညာရပ်များကို မှန်ကန်စွာအသုံးချ၍ တာဝန်ကျရာတပ်၊ ဒေသအသီးသီးတွင် တပ်မတော်သားများနှင့် မိသားစုဝင်များကိုသာမက လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဝေးလံခေါင်ပါးသောဒေသများ၌ နေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကိုများ၏ ကျန်းမာရေးကာကွယ်စောင့်ရှောက်မှု၊ ကျန်းမာရေးအသိပေးဖြန့်ဝေမှုတာဝန်များကို ထမ်းဆောင်။**

# တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၇) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၇) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်သည်။

အဆိုပါ သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန်ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တိုင်းမှူးများ၊ တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းဆင်းအရာရှိများနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က သင်တန်းဆင်းအရာရှိများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ မိဘဆွေမျိုးများနှင့်အတူ ညစာသုံးဆောင်ကြသည်။ ညစာသုံးဆောင်နေစဉ် မြဝတီတေးဂီတအဖွဲ့နှင့် တပ်မတော်ဆေးတက္ကသိုလ် စစ်တီးဝိုင်းတို့က တီးခတ်ဖျော်ဖြေကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်သည်။

သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များ၊ ကျောင်းဆင်းအရာရှိများနှင့် မိဘဆွေမျိုးများသည် ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ မြဝတီတေးဂီတအဖွဲ့နှင့် မြဝတီအငြိမ့်အဖွဲ့တို့၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။ **(မြဝတီ)**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သင်တန်းဆင်းအရာရှိများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

(မြဝတီ)



# ပေါ်ဦးပေါ်ဖျား မတ်ပဲများ အဖွင့်ဈေးကောင်း၍ တောင်သူများကျေနပ်ပျော်ရွှင်

**မန္တလေး ဒီဇင်ဘာ ၁၈**

မြန်မာနိုင်ငံအထက်ပိုင်း ရေဘေးလွတ်ရာဒေသများဖြစ်သော ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ မတ္တရာ၊ စဉ့်ကူးနှင့် ထီးချိုင့်မြို့နယ်တို့မှ အစောဆုံးထွက်ရှိလာသည့် မတ်ပဲများ မန္တလေးဈေးကွက်တွင် ဈေးကောင်းရလျက်ရှိကြောင်း သိရသည်။

ယင်းမတ်ပဲများကို ဇွန်၊ ဇူလိုင်လမှ စတင်စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး ယခု ဒီဇင်ဘာ ၁၅ ရက်တွင် မန္တလေးဈေးကွက်သို့ရောက်ရှိကာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၀၅၀၀၀ နှုန်းဖြင့် အဖွင့်ဈေးကောင်းသဖြင့် တောင်သူများ ကျေနပ်ပျော်ရွှင်လျက်ရှိကြောင်း မတ္တရာမြို့နယ်မှ တောင်သူဦးမောင်ကြီးက ပြောသည်။

"ပြီးခဲ့တဲ့ ဧပြီလကစပြီး မတ်ပဲဈေးက မကြုံစဖူး မြင့်တက်လာတဲ့အတွက် တောင်သူတွေကြိုးစားပြီး အာရုံထားစိုက်ပျိုးခဲ့ကြတာပါ။ အခုလိုပေါ်ခါစမှာ ဈေးကောင်းရလို့ မျှော်လင့်သလို ဖြစ်လာတဲ့အတွက် ကျွန်တော်တို့တောင်သူတွေအားလုံး ဝမ်းသာနေကြတယ်။ လက်ကျန်အပင်တွေကို ပိုးမကျအောင် ဂရုစိုက်မယ်ဆိုရင် အထွက်နှုန်းကလည်း ကောင်းလာနိုင်ပါတယ်။ ဈေးကောင်းတုန်းအချိန်မီရောင်းနိုင်အောင် ရင့်မှည့်တဲ့အပင်တွေကို အမြန်ရိတ်သိမ်းနေပါတယ်"ဟု ၎င်းက ပြောသည်။

ထို့အပြင် အိန္ဒိယမှ ဝယ်လိုအားကြောင့် FOB ဈေးဖြင့် RC မတ်ပဲ တစ်တန်လျှင် ငွေကျပ် ၁၇ သိန်းဖြင့် ကြိုပွဲ့ရောင်းထားကြသည့် ကုန်သည်များအနေဖြင့် အရှုံးနှင့် အပ်နှံရမည့်အနေအထားတွင် ရှိနေကြောင်း ရန်ကုန်မြို့ ကုန်စည်ဒိုင်အသင်းဝင် ဦးစိုးဝင်းမြင့်က ပြောသည်။

"လက်ရှိအနေနဲ့ ရန်ကုန်ဝယ်လက်တွေက ထွက်သလောက် ဝယ်နေကြတယ်။ အခုပေါက်ဈေးက လောလောဆယ် ကျမသွားနိုင်ပေမယ့် ဧရာဝတီ၊ ပဲခူးနဲ့ ရန်ကုန်တိုင်းဒေသကြီးတွေက ဆက်ပြီး ထွက်လာရင်တော့ ဈေးနှုန်းအခြေအနေပြောင်းလဲသွားနိုင်တယ်" ဟု ၎င်းက သုံးသပ်ပြောကြားသည်။

ယခုရက်ပိုင်းအတွင်း ထွက်ရှိလာသော ပဲအမျိုးမျိုးအနက် ပဲစင်းငုံနှင့် မတ်ပဲဈေးနှုန်းများမှာ အိန္ဒိယနိုင်ငံမှ ဝယ်လိုအားကြောင့် ထွက်ပေါ်စမှာပင် ဈေးကောင်းရလျက်ရှိနေကြောင်း သိရသည်။



**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ် ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူအမည်ပြောင်းလျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၁၈-၁၂-၂၀၁၅ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူ တစ်ဦး၊ ပုံနှိပ်လုပ်ငန်းအသစ် လျှောက်ထားသူ သုံးဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် နှစ်ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် လေးဦး၊ အထွေထွေထုတ်ဝေခွင့် ငါးဦး ပေါင်းလုပ်ငန်းအသစ် ၁၁ ဦး၊ သတင်းအေဂျင်စီ တစ်ဦးတို့အား အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန်ခွင့်ပြုပေးခဲ့ပါသည်။ ပုံနှိပ်တိုက်အမည်ပြောင်းတစ်ဦး၊ ပုံနှိပ်သူအမည်ပြောင်း တစ်ဦးနှင့် မဂ္ဂဇင်းထုတ်ဝေသူအမည်ပြောင်း တစ်ဦးတို့ကိုလည်း ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၁၀၃၉ ဦးနှင့် အသစ်လျှောက်ထားသူ ၂၅၂ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၉၉၀ နှင့် အသစ်လျှောက်ထားသူ ၆၅၇ ဦး၊ သတင်းအေဂျင်စီလုပ်ငန်းအသစ်လျှောက်ထားသူ ၂၄ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းအသိအမှတ်ပြုလက်မှတ် ၂၉၆၂ စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူ တစ်ဦးနှင့် မဂ္ဂဇင်းအသစ်လျှောက်ထားသူ နှစ်ဦးတို့အား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# မတ္တရာမြို့နယ်မှ ကြံစိုက်တောင်သူများအဆင်မပြေ

**ဒီဇင်ဘာ မန္တလေး ၁၈**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်မှ ကြံစိုက်တောင်သူများ အထွက်နှုန်းကောင်းသော်လည်း ဈေးကောင်းမရသောကြောင့် အဆင်မပြေဖြစ်နေကြောင်း သိရသည်။

"ကြံပင်က တစ်ခါစိုက်ရင် သုံးနှစ်ခုတ်လို့ရတယ်။ ခုတ်ပြီးရင် အတက်တွေ ပြန်ပေါက်တယ်။ အပင်ကောင်းရင်သုံးနှစ်၊ အပင်မကောင်းရင်တော့ နှစ်နှစ်ထိ ခုတ်လို့ရတယ်။ ပင်ထောင်စိုက်ရင် တစ်ဧက အပင်သုံးသောင်းလောက်စိုက်တယ်။ တစ်ထွာဖြတ် အဆစ်လေးတွေတစ်ဆစ် ခြောက်ကျပ်ပေး ဝယ်စိုက်ရတယ်။ တစ်ဧက တန် ၂၀ ကျော်ထွက်ပြီး တစ်တန်ကို နှစ်သောင်းရှစ်ထောင် ရောင်းရတယ်။

ကြံထွက်နှုန်းကတော့ မဆိုးပါဘူး။ ဈေးနှုန်းက မနှစ်ကလည်းဒီဈေး၊ ဒီနှစ်လည်း ဒီဈေးဆိုတော့ စိုက်ပျိုးစရိတ်၊ အလုပ်သမားစရိတ်၊ ထွန်ယက်စိုက်ပျိုးစရိတ်တွေက အရင်နှစ်တွေထက် ဈေးမြင့်တော့ သိပ်မကိုက်တော့ဘူး။ အရင်ကရွာမှာ ကိုယ်တိုင်စိုက်၊ သကာရည်ကိုယ်တိုင်ချက်ပြီး သကြားစက်တွေ တင်ပို့ရောင်းချတာ အဆင်ပြေတယ်။ အခုတော့မကိုက်လို့ မလုပ်တော့ဘူး"ဟု အောင်သပြေကျေးရွာမှ ကြံစိုက်တောင်သူ ဦးသန်းရှိန်က ပြောသည်။

တပေါင်းလလောက်မှာ ကြံများ စတင်ထွက်ရှိမည်ဖြစ်ပြီး ထွက်ရှိသော ကြံပင်များကို မန္တလေးမြို့ သကြားစက်တွေနဲ့ ဒီတံငါတံတားနားမှာရှိသည့် ဂရိတ်ဝေါလ်သကြားစက်တို့သို့ သွားရောက်ရောင်းချကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်သည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ပြီး ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ စပါး၊ မြေပဲ၊ ကွမ်းရွက်၊ ကြံ၊ ခရမ်းချဉ် အစရှိသော သီးနှံများ အဓိကထားစိုက်ပျိုးကြောင်း၊ ယခုနှစ်တွင် ကြံစိုက်တောင်သူများအနေဖြင့် အဆင်မပြေဖြစ်နေကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ပွဲကျနေရာများအတွက် ဈေးဖွင့်ပေးမည်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

လမ်းဘေး ပွဲကျဈေးသည်များ အဆင်ပြေချောမွေ့စွာ စနစ်တကျ ရောင်းချနိုင်ရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနက ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၉) ရပ်ကွက်တွင် အမိုးကြီးအဆင့်မြင့်ဈေးသစ် ဆိုင်ခန်းပေါင်း ၂၈၈ ခန်းပါ တစ်ထပ်ဈေးရုံ လေးရုံ၊ ပွဲကျဈေးနေရာနှင့် ကားပါကင်တို့ကို တည်ဆောက်လျက်ရှိသည်။ ယခုအခါ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်သည်။ ထို့ကြောင့် မကြာမီအချိန်တွင် ဈေးသစ်ဖွင့်လှစ်တော့မည်ဖြစ်ရာ အမှန်တကယ် ဈေးရောင်းချမည့်ပြည်သူများထံမှ စာရင်းကောက်ယူ၍ ဆိုင်ခန်းနေရာ၊ ပွဲကျနေရာများကို စနစ်တကျ ဈေးရောင်းချခွင့်ပေးမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၅ ရက်က ဈေးသာယာရေးအဖွဲ့ထံမှ သိရသည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**

# စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဖွင့်

**ဘားအံ ဒီဇင်ဘာ ၁၈**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဆောင်ရွက်သော မြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာစာကြည့်တိုက်များရှင်သန်ရေး၊ စာဖတ်သူပြည်သူများ စာကြည့်တိုက်မှ စာအုပ်၊ စာပေများ အလွယ်တကူဖတ်ရှုငှားရမ်းနိုင်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာကြည့်တိုက်မှူးများ၊ စာကြည့်တိုက်တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးရမည်ဖြစ်ရာ စာကြည့်တိုက်မှူးများ အခန်းကဏ္ဍဖြစ်သည့် စာကြည့်တိုက်ပညာရပ်များ တတ်မြောက်ထားနိုင်ရေးအတွက် စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကရင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ဘားအံခရိုင်ဦးစီးအရာရှိ ဒေါ်ကျော့မြတ်ခိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကိုလည်းကောင်း၊ ဘားအံခရိုင် ဒုတိယဦးစီးမှူး ဦးစောဝင်းဂိတ်က စာကြည့်တိုက်ဆိုင်ရာပညာရပ်များအကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ဘားအံမြို့နယ်အတွင်းရှိ စာကြည့်တိုက်မှူး ၃၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၁၅ ရက်မှ ၁၆ ရက်ထိဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# အသိပေးနှိုးဆော်ချက်

ရန်ကုန်တိုင်းဒေသကြီးအတွင်း မောင်းနှင်သွားလာလျက်ရှိသည့် မော်တော်ယာဉ်များအနေဖြင့် ခုံးကျော်တံတား(၃)စင်း တည်ဆောက်ရာတွင် ယာဉ်ကြောကျပ်တည်းမှုမရှိစေရေးအတွက် အောက်ဖော်ပြပါ လမ်းကြောင်းများအတိုင်း ရှောင်လွှဲမောင်းနှင်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

(က) (၈)မိုင်လမ်းဆုံ ခုံးကျော်တံတား တည်ဆောက်နေ၍ မော်တော်ယာဉ်များအနေဖြင့်
- ပြည်လမ်း၊ တော်ဝင်လမ်း၊ မင်းဓမ္မလမ်း၊ ပါရမီလမ်း၊ ပြည်လမ်းအတိုင်း အသွားအပြန်လမ်းကြောင်း။
- ပြည်လမ်း၊ ရွှေနှင်းဆီလမ်း၊ စွယ်တော်မြတ်စေတီလမ်း၊ အုတ်ပုံဆိပ်လမ်း၊ ကမ္ဘာအေးဘုရားလမ်းအတိုင်း အသွားအပြန်လမ်းကြောင်း။

(ခ) ကုက္ကိုင်းလမ်းဆုံခုံးကျောက်တံတား တည်ဆောက်နေ၍ မော်တော်ယာဉ်များအနေဖြင့်
- ကမ္ဘာအေးဘုရားလမ်း၊ စက်မှု(၁)လမ်း၊ ဆရာစံလမ်း၊ ကမ္ဘာအေးဘုရားလမ်းအတိုင်း အသွားအပြန်လမ်းကြောင်း။
- ကမ္ဘာအေးဘုရားလမ်း၊ ကံဘဲ့လမ်း၊ ရန်ကင်းလမ်း၊ ဆရာစံလမ်း၊ ကမ္ဘာအေးဘုရားလမ်းအတိုင်း အသွားအပြန်လမ်းကြောင်း။

(ဂ) တာမွေ(၅) ခွဆုံခုံးကျော်တံတား တည်ဆောက်နေ၍ မော်တော်ယာဉ်များအနေဖြင့်
- အရှေ့မြင်းပြိုင်ကွင်းလမ်း၊ ကျိုက္ကဆံလမ်းအတိုင်း အသွားအပြန်လမ်းကြောင်း။
- သံသုမာလမ်း၊ သမိန်ဗရမ်းလမ်း၊ အရှေ့ရွှေဂုံတိုင်လမ်းအတိုင်း အသွားအပြန်လမ်းကြောင်း။
- ဦးချစ်မောင်လမ်းအတိုင်း တံတားဘေးကပ်၍ ဗိုလ်စိန်မှန်လမ်း၊ ရွှေဂုံလမ်းအတိုင်း အသွားလမ်းကြောင်း။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# အင်္ဂပူတွင် မီနီမာရသွန်ပြိုင်ပွဲ ကျင်းပ

**အင်္ဂပူ ဒီဇင်ဘာ ၁၈**

အင်္ဂပူမြို့နယ် အားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား မီနီမာရသွန်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၇ ရက် နံနက် ၆ နာရီက အင်္ဂပူမြို့နယ် မိုးလုံလေလုံအားကစားရုံရှေ့ ကန်သာယာလမ်းတွင် ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် အင်္ဂပူမြို့၊ ထူးကြီးမြို့၊ မဲဇလီကုန်းမြို့တို့မှ ကျောင်းသား ၂၀၀ နှင့် ကျောင်းသူ ၆၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပြေးခုန်ပစ်ပြိုင်ပွဲ၊ သံလုံးပစ်၊ သံပြားပစ်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းနှင့် ကြက်တောင်ရိုက် ပြိုင်ပွဲများကို ဒီဇင်ဘာ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မန်းကျော်(အင်္ဂပူ)**

# အခြေခံစက်ချုပ်သင်တန်းဖွင့်

**ဖြူး ဒီဇင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးနှင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုအခြေခံစက်ချုပ်သင်တန်း (၂/၂၀၁၅)ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကြီးမှူး၍ တောင်ငူမြို့ လူမှုဝန်ထမ်းဦးစီးဌာန အိမ်တွင်းမှုသက်မွေးသင်တန်းကျောင်းတွင် ဒီဇင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီက ဖွင့်လှစ်ခဲ့ရာ ဖြူးမြို့နယ်အတွင်းရှိ ကျေးရွာခြောက်ရွာမှ သင်တန်းသူ ၄၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကို ဒီဇင်ဘာ ၁၆ ရက်မှ ဇန်နဝါရီ ၁၅ ရက်အထိ တစ်လကြာဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မိုးပိုင်နေ(ဖြူး)**

## မန်ဆူရှမ်းကျောင်း၌ နိုင်ငံခြားသား ၃၅ ဦး ဒုလ္လဘရဟန်းပြု

လားရှိုး ဒီဇင်ဘာ ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မန်ဆူရှမ်းကျောင်း၌ ထိုင်ဝမ်မြို့ လင်ဂျူးတောင် ဗုဒ္ဓသာသနာပြုအဖွဲ့ ဒုလ္လဘရဟန်းခံပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဒီဇင်ဘာ ၁၇ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ထိုင်ဝမ်မြို့ လင်ဂျူးတောင် ဗုဒ္ဓသာသနာပြုအဖွဲ့၏ ဦးစီးပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာ စရိယ ဆရာတော် ဘဒ္ဒန္တကုသလ (လားရှိုးမြို့နယ် နောင်မွန်ကျေးရွာရှိ မဟာကုသလာရာမကျောင်းတိုက်၏ ကျောင်းထိုင်ဆရာတော်) ဦးဆောင်၍ နိုင်ငံခြားသား ၃၅ ဦးအား ရှင်သာမဏေအဖြစ် သွတ်သွင်းကာ ယနေ့နံနက် ၆ နာရီက ကျောင်းရှိ ဆရာတော် သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်၍ နံနက် ၇ နာရီတွင် မန်ဆူရှမ်းကျောင်းအတွင်းရှိ ခဏ္ဍာသိမ်တော်၌ ဒုလ္လဘရဟန်းပြုပေးခဲ့သည်။

ထို့နောက် ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ရှမ်းယဉ်ကျေးမှုအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များက သိမ်ဆင်းလောင်းလှူခဲ့ကြသည်။ နံနက် ၁၁ နာရီတွင် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကာ မွန်းလွဲ ၁ နာရီတွင် ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြပြီး လားရှိုးမြို့နယ်အတွင်းရှိ သံဃာတော် အပါး ၁၀၀၀၊ သီလရှင် အပါး ၂၀၀ တို့အား နဝကမ္မလှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်ပြီး လှူဒါန်းမှုအစုစုတို့အတွက် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်မှု ဆည်းပူး၍ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

ဇာဏီအောင် (လားရှိုး)

## ဖျာပုံစာတိုက်မှ ပြည်ပနိုင်ငံပေါင်း ၁၀၂ နိုင်ငံသို့ အမြန်ချောထုပ်များပေးပို့နိုင်သဖြင့် ပြည်သူများ လွယ်ကူအဆင်ပြေ

ဖျာပုံ ဒီဇင်ဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဖျာပုံစာတိုက်မှ ပြည်ပချောထုပ်ပေးပို့ခြင်းလုပ်ငန်းများကို အိမ်တိုင်ရာရောက် လိုက်လံယူဆောင်ခြင်းဖြင့် ဝန်ဆောင်မှုပေးနေသောကြောင့် ပြည်ပသို့ပစ္စည်းချောပို့နေသူများ လွယ်ကူအဆင်ပြေကြကြောင်း သိရသည်။

“အရင်က ကျွန်မတို့ရဲ့ပြည်ပရောက် ဆွေမျိုးတွေဆီ ပစ္စည်းပို့ချင်ရင် ရန်ကုန်အထိသွားပြီး တစ်နေကုန် အချိန်ပေးစောင့်ပို့ရပါတယ်။ အခုလို ကိုယ့်အိမ်ကနေပြီး နိုင်ငံခြားကို ပစ္စည်းပို့လို့ရလာတော့ အဆင်ပြေပါတယ်။ အချိန်ကုန်၊ ငွေကုန် သက်သာသလို လူလည်းမပင်ပန်းတော့ဘူး”ဟု ဖျာပုံစာတိုက်မှတစ်ဆင့် ပြည်ပချောပို့ဖူးသူ မမေသူဝင်းက ပြောသည်။

ဖျာပုံမြို့သည် ရန်ကုန်မြို့နှင့် မိုင်ပေါင်း ၆၀ ခန့်ဝေးကွာပြီး ကားဖြင့်သွားပါက နှစ်နာရီမှ သုံးနာရီအထိကြာမြင့်သည် ဒေသဖြစ်သည်။

“ကျွန်မတို့ ဖျာပုံစာတိုက်မှ ပြည်ပချောထုပ်ပို့ခြင်းလုပ်ငန်းကို အိမ်တိုင်ရာရောက် ဝန်ဆောင်မှုပေးနေပါတယ်။ မြို့တွင်းမှာရှိတဲ့ ပြည်သူတွေအနေနဲ့ ပြည်ပကို ချောထုပ်ပို့ချင်ရင် ကျွန်မတို့ စာတိုက်ကို ဖုန်းဆက်လိုက်ရုံနဲ့ ရပါတယ်။ ကျွန်မတို့က အိမ်တိုင်ရာရောက် လာယူပေးပါတယ်။ အဲဒီလို လာယူတဲ့စရိတ်ကို ပေးဖို့မလိုပါဘူး။ အခမဲ့ စာတိုက်ကပဲ ဝန်ဆောင်မှုပေးပါတယ်။ ပြည်သူတွေက မိမိတို့ပို့မယ့်ပစ္စည်းရဲ့ အလေးချိန်အတိုင်း သတ်မှတ်ဝန်ဆောင်မှုကျသင့်ငွေကိုသာ ပေးဆောင်ရမှာဖြစ်ပါတယ်”ဟု တာဝန်ခံစာတိုက်မှူး ဒေါ်မိုးသီတာက ရှင်းပြသည်။

ဖျာပုံစာတိုက်မှ ဩစတြေးလျ၊ တရုတ်၊ အမေရိကန်၊ ဂျပန်၊ အိန္ဒိယ၊ ကိုရီးယား၊ မလေးရှား ၊စင်ကာပူ၊ ထိုင်း၊ U.A.E နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၁၀၂ နိုင်ငံသို့ ပြည်ပ ချောထုပ်များပေးပို့ရန် ဝန်ဆောင်မှုပေးလျက်ရှိကြောင်းနှင့် ဆက်သွယ်လိုပါက ဖုန်း ၀၄၅-၄၁၂၇၀ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

ဖျာပုံစာတိုက်သည် ၂၀၁၅ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၏ အကောင်းဆုံးစာတိုက်ဆု ဆွတ်ခူးထားကြောင်းသိရသည်။

(သူဇာနွယ်)



## ယခုနှစ် သထုံတွင် ကောက်စောစပါး ဈေးကောင်းရပြီး အထွက်နှုန်းအနည်းငယ်တိုးလာ

သထုံ ဒီဇင်ဘာ ၁၈

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း ယခုနှစ်ထွက်ရှိသော ကောက်စောစပါးများ ဈေးကောင်းရရှိပြီး ယခင်နှစ်ကထက် အထွက်နှုန်းအနည်းငယ်ပိုသောကြောင့် အဆင်ပြေကြကြောင်း စပါးစိုက်ပျိုးသူတောင်သူများထံမှ သိရသည်။

“မနှစ်ကထက်စာရင် ဒီနှစ်ကောက်စောစပါးတွေက ဈေးနှုန်းပိုရတယ်။ ဆန်မာတွေဖြစ်တဲ့ ငစိန်အုပ်စုတွေက ဈေးတော်တော်လေးကွာပြီးတော့ ဆန်ပျော့အုပ်စုဖြစ်တဲ့ ငကြွေ၊ မြီးတုံး စပါးတွေကတော့ နည်းနည်းပဲကွာတယ်။ စပါးအထွက်နှုန်းကတော့ မနှစ်ကထက် တစ်ဧက ငါးတင်းလောက်တော့ပိုတယ်။ ဒီဘက်ကလယ်တွေက မြေအမျိုးအစားအလိုက် အထွက်နှုန်းကွာတယ်။ မြေကောင်းရင် တစ်ဧကတင်း ၈၀ လောက်ထွက်တယ်။ မကောင်းရင် တင်း ၃၀ လောက်ပဲထွက်တယ်။ ကျွန်တော့်လယ်က တင်း ၃၀ လောက်ပဲထွက်တယ်။ အဝယ်များလို့ ဈေးကောင်းရတယ်လို့ထင်တာပဲ”ဟု ဂေါ့ကျေးရွာမှ စပါးစိုက်တောင်သူ ကိုရင်ထွေးက ပြောသည်။

ယခင်နှစ်က ဆန်မာဖြစ်သည့် ငစိန်အုပ်စုဝင် စပါးမျိုးများ ဈေးကျခဲ့သဖြင့် ယခုနှစ် စိုက်ပျိုးသူနည်းပါးကာ ဆန်ပျော့ဖြစ်သည့် မြီးတုံး၊ ပေါ်ဆန်း စပါးမျိုးများကိုသာ အများအားဖြင့် စိုက်ပျိုးကြကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

“ဒီနှစ်ဆန်မာစပါးတွေနည်းတော့ ဈေးကောင်းပိုရတယ်။ အချို့ဒေသတွေမှာ ရေကြီးပြီး စိုက်ဧကတွေပျက်စီးခဲ့တာကြောင့် ဒီဘက်မှာ အဝယ်လိုက်တယ်။ စပါးလက်ကျန်တွေကနည်းတယ်။ အဲဒါကြောင့် ဈေးကောင်းတယ်လို့ထင်တယ်”ဟု သထုံမြို့မှ ဆန်စပါးလုပ်ငန်းရှင် ဦးသိန်းမြင့်က ပြောသည်။

သထုံမြို့နယ်တွင် မိုးစပါး စိုက်ဧက ၁၃၀၀၀၀ ဝန်းကျင်ရှိပြီး ငစိန်၊ ဧည့်မထ၊ မြီးတုံး၊ ပေါ်ဆန်းအုပ်စုဝင် စပါးမျိုးများကို အများစုစိုက်ပျိုးကြကြောင်း စိုက်ပျိုးရေးရုံးမှ သိရသည်။

ယခင်နှစ် စပါးပေါက်ဈေးမှာတင်းတစ်ရာလျှင် ငစိန်အုပ်စုဝင် အီကရဲစပါး ငွေကျပ် သုံးသိန်း နှစ်သောင်းဝန်းကျင်၊ ဧည့်မထအုပ်စုဝင် ဗန်ကောက်၊ ရွှေတဆုပ် ငွေကျပ်လေးသိန်းဝန်းကျင်၊ မြီးတုံးအုပ်စုဝင် ကောက်ကြီး၊ ကမာကြည် ငွေကျပ် ငါးသိန်းခွဲဝန်းကျင်၊ ပေါ်ဆန်းစော၊ ပေါ်ဆန်းကြီး ငွေကျပ် ခြောက်သိန်းဝန်းကျင်သာ ဈေးရရှိခဲ့ပြီး ယခုနှစ် ကောက်စောပေါ်ချိန်တွင် ငစိန်အုပ်စုဝင် အီကရဲ ငွေကျပ် လေးသိန်းခွဲဝန်းကျင်၊ ဧည့်မထအုပ်စုဝင် ဗန်ကောက်၊ ရွှေတဆုပ် ငွေကျပ် ငါးသိန်းခွဲဝန်းကျင်၊ မြီးတုံး အုပ်စုဝင် ကောက်ကြီး၊ ကမာကြည် ငွေကျပ် ခြောက်သိန်းသုံးသောင်းဝန်းကျင်နှင့် ပေါ်ဆန်းစော၊ ပေါ်ဆန်းကြီး ငွေကျပ် ခြောက်သိန်းခွဲဝန်းကျင် ဈေးရရှိကြကြောင်း ဆန်စပါးလုပ်ငန်းရှင်များထံမှ သိရသည်။

သက်ဦး(သထုံ)

## ပွင့်လင်းရာသီတွင် ဂေါဝိန်ဆိပ်ကမ်းသို့ မောင်းကုန်းသင်္ဘောများလှိုင်လှိုင်ဝင် ဆိပ်ကမ်းလုပ်သားများ အဆင်ပြေ

မန္တလေး ဒီဇင်ဘာ ၁၈



မန္တလေးမြို့သို့ ကုန်စည်များ သယ်ယူပို့ဆောင်မှုတွင် ကုန်းလမ်း၊ ရေလမ်းတို့ကို အဓိကထားကာ သယ်ယူပို့ဆောင်လေ့ရှိသည်။ ရေလမ်းဖြင့် မြန်မာနိုင်ငံ နေရာအနှံ့အပြားသို့ ကုန်စည်များကို တင်ပို့လေ့ရှိပြီး ထိုသို့ တင်ပို့မှုများတွင် ဂေါဝိန်ဆိပ်၊ ချော်ဆိပ်၊ ပေပင်ဆိပ်၊ မရမ်းခြံဆိပ်နှင့် အခြား ကုန်တင်ဆိပ်ကမ်းများ အပါအဝင် ဒေသအလိုက် ကုန်ပစ္စည်းအလိုက် တင်ပို့လေ့ရှိကြသည်။

ဧရာဝတီမြစ်ဆိပ်ကမ်းများတွင် ဂေါဝိန်ဆိပ်သည် လူသုံးကုန်ပစ္စည်းများစွာကို အားထားသယ်ဆောင်သော ဆိပ်ကမ်းဖြစ်ပြီး ကုန်စည်အများစုကို ထိုဆိပ်ကမ်းမှ သယ်ကြသည်။ မန္တလေးမြို့အတွက် ဧရာဝတီမြစ်ဆိပ်ကမ်းများသည် အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖော်ဆောင်ပေးလေ့ရှိသည်။

ပွင့်လင်းရာသီတွင် အထက်ပိုင်းမှ မောင်းကုန်းသင်္ဘောများ ဂေါဝိန်ဆိပ်သို့ လှိုင်လှိုင်ဝင်လျက်ရှိသည်။ သင်္ဘောတစ်စီးလျှင် သကြားအိတ်တစ်သောင်းကျော် တင်ဆောင်ကြသည်။ မောင်းကုန်းသကြား သင်္ဘောပေါ်မှ ကားပေါ်အထိတင်သည့် လုပ်အားခမှာ တစ်အိတ်လျှင် ငွေကျပ် ၇၅ ကျပ်ရရှိပြီး ဆိပ်ကမ်းလုပ်သားတစ်ဦးလျှင် တစ်နေ့ ငွေကျပ် တစ်သောင်းကျော်မှ နှစ်သောင်းအထိရရှိကြောင်း သိရသည်။

ရေကြောင်း သယ်ယူပို့ဆောင်မှုတွင် ရေတိုးခြင်း၊ ရေကျခြင်း ကုန်စည်များခြင်း၊ ကုန်စည်ရှားခြင်းအခြေအနေပေါ်မူတည်ကာ သင်္ဘောလိုင်းကို ပြောင်းလဲပြေးဆွဲကြသည်။ အထူးသဖြင့် သင်္ဘောများမှာ ၁၂ လပိုင်းမှ ၆ လပိုင်းအချိန်အထိ ဗန်းမော်လိုင်းကို အားထားပြေးဆွဲကြရသည်။

အစုန်ကုန်၊ အဆန်ကုန်များကို စောင့်တင်ကြရသည်။ ရေတိုးချိန်များတွင် ဗန်းမော်လိုင်းကုန်စည်ပါးသည့်အတွက် ကလေးဘက်နှင့် ချင်းတွင်းလိုင်းကို ပြေးဆွဲကြသည်။

ထိုကာလတွင် အစုန်၊ အဆန်ကုန်များအဖြစ် ကုန်စုံနှင့် ကျောက်မီးသွေးကို တစ်ခြမ်းစီ တင်ဆောင်ကြသည်။ လက်ရှိကာလ ပွင့်လင်းရာသီတွင် အထက်ပိုင်းလိုင်းပြေးဆွဲမှုကို အလေးထားလျက်ရှိကြောင်း သိရသည်။

(တိမ်တမန်)

## လွန်ခဲ့သော ၁၅ နှစ်ကျော်က ဆောက်လက်စ ရွှေဘိုတူးမြောင်းဖြတ်ကူးတံတား ပြီးစီးအောင် ဆက်လက်တည်ဆောက်ပေးမည်ဟုဆို

ခင်ဦး ဒီဇင်ဘာ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ပေါင်းလှဲကုန်းကျေးရွာ(ရွှေဘိုမြောင်းမတော် RD 28 + 000)အနီးတွင် လွန်ခဲ့သော ၁၅ နှစ်ကျော်က ဆောက်လက်စ ရွှေဘိုတူးမြောင်းဖြတ်ကူးတံတား ပြီးစီးအောင် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆက်လက်တည်ဆောက်ပေးမည်ဖြစ်သည်။

အဆိုပါ ရွှေဘိုမြောင်းမတော်ကို ဖြတ်သန်းဆောက်လုပ်ထားသော တံတားမှာ ၂၀၀၁ ခုနှစ် ဧပြီလက စတင်တည်ဆောက်ခဲ့ပြီး ရန်ပုံငွေအခြေအနေနှင့် အခြားအခြေအနေအရပ်ရပ်ကြောင့် တိုင်များကိုသာ တည်ဆောက်ပြီးစီးခဲ့သော်လည်း ဆောက်လက်စရွှေဘိုတူးမြောင်းဖြတ်ကူးတံတား၏ တံတားကြမ်းခင်းမှာ ဆက်လက်တည်ဆောက်ရန် ကျန်ရှိနေသေးကြောင်း သိရသည်။

အဆိုပါ တံတားတည်ဆောက်မှုအတွက် ခန့်မှန်းကုန်ကျငွေမှာ ငွေကျပ် သိန်း ၄၀၀ ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော် ဦးခင်မောင်သိန်းက ပြောသည်။

တံတားကြမ်းခင်းအလျား ပေ ၁၃၀၊ အနံ ၁၈ ဒသမ ၅ ပေ၊ အမြင့် ၁၂ ပေရှိ ရွှေဘိုမြောင်းမတော်ဖြတ် ပေါင်းလှဲကုန်းတံတား တည်ဆောက်ပြီးစီးပါက ပေါင်းလှဲကုန်း၊ တယ်ဘိုပင်၊ တပင်ကောင်း၊ မဏိကုန်း၊ သိမ်တော်၊ လိပ်ရကုန်း၊ နွားကုန်း၊ ဥစ္စာတွင်း၊ လက်ပံကြီး၊ ပန်းတွင်းစသည့် ကျေးရွာများမှ ကုန်ထုတ်လမ်းအနေဖြင့် လွယ်ကူအဆင်ပြေစွာသွားလာနိုင်မည်ဖြစ်သည်။

(ရောင်နီတင်ဝင်း)



## ရုပ်မြင်သံကြားအစီအစဉ်များ
[၁၉ - ၁၂ -၂၀၁၅ (စနေနေ့)]

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ် တရားတော်
၆း၂၀ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၇း၃၅ Hyper Sports
၈း၃၅ The Farmer (ကြယ်ပဲစိုက်ပျိုးရေးအကြောင်း)
၉း၃၅ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၀း၃၅ သိပ္ပံနှင့် နည်းပညာအစီအစဉ်
၁၁း၃၅ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၅၀ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁း၄၅ တစ်ပတ်အတွင်း လွှတ်တော်သတင်း
၂း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်စင်ခတဲ့ နှလုံးသား" (အပိုင်း-၃၀)
၃း၃၅ Hyper Sports
၄း၁၅ "စည်းကမ်းလိုက်နာတတ်ခြင်း နှင့် ခရီးအရှေ့"
၅း၃၅ ကဗျာရိပ်မြုံ "ကြာဆစ်ကြိုး"
၆း၂၀ Graphic Info
၇း၁၅ ဟိုးတုန်းကရေဒီယိုအသံလွှင့်ဇာတ်လမ်းများ "နှလုံးသားနှင့်တာဝန်" (ပထမပိုင်း)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၈း၃၅ "ရွှေဂုံ (လင့်လမ်း) အိမ်ရာစီမံကိန်း"
၉း၀၀ ပြည်တွင်းသတင်း - ဂီတတံခါးလေးဖွင့်ပါဦး

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### MRTV- 4

၅း၀၀ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၂၀ MRTV-4 သတင်း
၅း၄၀ "မဟာသတိပဋ္ဌာနသုတ္တာန်" (အပိုင်း-၁၃) တရားတော် (ဓမ္မဒူတဒေါက်တာ အရှင်ပညိသရာဘိဝံသ)
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၄၅)
၇း၃၀ MRTV-4 သတင်း
၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျှဉ်းပြိုင်ကြားက မေတ္တာများ" (အပိုင်း-၆၉)
၉း၄၀ Drive It
၁၀း၄၀ ရန်ကုန်တက္ကသိုလ် သိပ္ပံပွဲခင်း ၂၀၁၅ ဖွင့်ပွဲအခမ်းအနား
၁၁း၀၀ Star တို့ရဲ့လက်ရာ
၁၁း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ ' ' ငြိမ်းချမ်းခြင်းတေးသွား" (အပိုင်း-၅၇+၅၈)
၃း၅၀ Fashion Week
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၄၆)
၉း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားက မေတ္တာများ" (အပိုင်း-၇၀)
၁း၄၀ MRTV-4 Stage
၄း၃၅ တန်ခိုးကြီးမားဘုရားစေတီပုထိုးများ (ကျိုက်ပေါလော မှဲ့ရှင်တော်မြတ်ကြီးနှင့် သံသရာအေး မဟာဗောဓိစေတီတော်)

### မြဝတီ

၆း၀၃ တရားတော်
၆း၁၀ မေတ္တာပို့
၆း၁၆ ဓမ္မပူဇာတေး
၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၆း၃၅ မျိုးချစ်တပ်မတော်
၆း၄၀ မှတ်တမ်း
၆း၃၅ မြန်မာသံစဉ်ချိုနားဝင်
၇း၁၀ အမျိုးသားရေးတေးကဗျာ
၇း၂၅ သင့်အတွက်တစ်နေ့တာ
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈း၁၀ အမျိုးသားရေးတေးကဗျာ
၈း၁၅ မွေးမြူသုတ
၈း၂၀ မြတ်နိုးစရာရိုးရာလက်မှုပညာ
၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၈း၅၅ မြဝတီနေ့စဉ်သတင်း
၁၁း၀၀ English For Myanmar
၁၁း၀၇ မျိုးချစ်တပ်မတော်
၁၁း၃၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
၁၂း၀၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် - သတင်းကောင်း [ဖြိုးငွေစိုး ၊ စိုးမြတ်သူဇာနှင့် သရုပ်ဆောင်များ ဒါရိုက်တာ-ကျော်ဇောလင်း]
၁၂း၅၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မေတ္တာအသချေ အပိုင်း(၁၈)
၁၄း၃၀ သံစဉ်များနှင့်ကမ္ဘာ
၄း၁၃ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄း၂၅ မြန်မာသံစဉ်ချိုနားဝင်
၄း၃၅ ချစ်သူစုံတွဲတူယှဉ်ဖွဲ့
၄း၄၅ ကျန်းမာသုတ
၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂါလီမာ အပိုင်း(၈၇)
၅း၄၅ ရွှေလမ်းငွေလမ်းသူဌေးလမ်း
၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ စားဖိုဆောင်ချစ်သူ
၆း၃၅ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရွှေရောင်သက်တံများအပိုင်း(၉)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း -အမျိုးသားရေးတေးကဗျာ -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း -လူ့ရှင်တော်စတား ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရာဇဝင်တွင်မည့်နိမိတ်သခင် အပိုင်း(၂၇)

# "ချက်ချင်းပြန်ထမယ်ဆိုတဲ့ စိတ်၊ အကောင်းဆုံးဆက်လုပ်မယ်ဆိုတဲ့ စိတ်နဲ့ ဆက်လက်ယှဉ်ပြိုင်ခဲ့တာပါ" မေဘရဏီသော်

မင်းလုသား





အမေရိကန်နိုင်ငံ လက်စ်ဗီးဂက်စ်မြို့တွင် ကျင်းပလျက်ရှိသော Miss Universe ပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် မေဘရဏီသော် ပါဝင်ယှဉ်ပြိုင်လျက်ရှိပါတယ်။ အဆိုပါပြိုင်ပွဲ၏ ညနေခင်းဝတ်စုံပြိုင်ပွဲကို ဒီဇင်ဘာ ၁၆ ရက် ညပိုင်း (အမေရိကန်စံတော်ချိန်) က ကျင်းပခဲ့ရာ အဆိုပါပြိုင်ပွဲမှာတော့ မြန်မာအလှမယ် မေဘရဏီသော်အတွက် စိတ်လှုပ်ရှားဖွယ် အကောင်းဆုံးသော အတွေ့အကြုံကို ခံစားခဲ့ရပါတယ်။

မေဘရဏီသော်ဟာ ပြိုင်ပွဲစင်မြင့်ပေါ် လျှောက်လှမ်းလာစဉ် လှေကားထစ်အဆင်းမှာ ချော်လဲမလိုဖြစ်ခဲ့ရပါတယ်။ ဒါပေမယ့် အလှမယ်ဟာ လဲကျရာမှ ချက်ချင်းပြန်ထကာ လက်ခုပ်တီးလျှက် ဟန်ချက်မပျက် အပြုံးမျက်နှာနဲ့ ဆက်လက်ယှဉ်ပြိုင်ခဲ့တာကြောင့် သူ့ရဲ့ စိတ်ဓာတ်ခိုင်မာမှုကို ပရိသတ်တွေက ချီးကျူးခဲ့ကြပါတယ်။ မေဘရဏီသော်ရဲ့ အဖြစ်အပျက်ကို ၁၈ စက္ကန့်ကြာ ဗွီဒီယိုဖြင့် Miss Universe ရဲ့ ဖေ့စ်ဘွတ်ခ်စာမျက်နှာပေါ်တွင် ဖော်ပြခဲ့ရာ ကမ္ဘာတစ်ဝန်းမှ ပရိသတ်များက မြန်မာအလှမယ်၏ စိတ်ဓာတ်နှင့် ဉာဏ်ရည်ပါးနပ်မှုတို့ကို ချီးကျူးခဲ့ကြပါတယ်။

ကြေးမုံပရိသတ်ကြီး ခံစားနိုင်ရန်အတွက်လည်း မြန်မာအလှမယ်မေဘရဏီသော်၏ စိတ်လှုပ်ရှားဖွယ် ပြိုင်ပွဲအတွေ့အကြုံများကို ယခုလို ဆက်သွယ်မေးမြန်းခဲ့ပါတယ်---

**ညနေခင်းဝတ်စုံပြိုင်ပွဲမှာ ခြေချော်သလို ဖြစ်သွားတယ်နော်-**

ပြိုင်ပွဲမှာ အမှားမပါဘဲ ကောင်းကောင်း လုပ်ပြချင်တာပါ။ ထင်မထားဘဲ ဖြစ်သွားတော့ မတတ်နိုင်ဘူးလေ။ ဆက်ပြီးအကောင်းဆုံးဖြစ်အောင်လုပ်သွားတာပါ။ အဓိကက မျက်နှာပျက်မသွားဖို့ တော်တော်ထိန်းယူလိုက်ပါတယ်။

**ခြေချော်သလိုဖြစ်ပြီး လက်ခုပ်တီးတဲ့ အချိန်မှာ ပရိသတ်တွေက လက်ခုပ်တီးပြီး အားပေးကြတယ်။ အဲဒီအချိန် ဘယ်လို ခံစားရလဲ-**

ဝမ်းသာသွားတယ်။ ဒီပွဲမှာ ပါဖောမန့် ဘယ်လောက်ကောင်းကောင်း သူတို့က သူတို့လူမျိုးကို သူတို့ အားပေးကြတာ။ အခုလို လက်ခုပ်တီးကြမှာ မဟုတ်ဘူး။ အခုလိုဖြစ်တဲ့အချိန်မှာ သူတို့က ကျွန်မမျက်နှာပျက်သွားမယ် ထင်တာ။ ဒါပေမယ့် မျက်နှာပျက်မသွားဘဲ ဆက်လျှောက်သွားနိုင်တော့ သူတို့လက်ခုပ်တီး အားပေးကြတာပါ။ ဒီလိုဖြစ်မယ်လို့ထင်မထားဘူး။ တခြားသူတွေ ဖြစ်တာတော့ အရင်က တွေ့ဖူးတယ်။

**ပြည်တွင်း ပြည်ပက ပရိသတ်တွေက တည်တည် ငြိမ်ငြိမ်နဲ့ ဆက်လုပ်သွားတဲ့အပေါ် အားပေးနေကြတာ တွေ့ရတယ်။ အဲဒီအပေါ် ခံစားမှုကရော-**

ဒီကပရိသတ်တွေက ကျွန်မကို အားပေးကြတယ်။ ဖြစ်သွားတဲ့အချိန် စိတ်လှုပ်ရှားမှုတော့ မဖြစ်ပါဘူး။ စတိတ်စင်ကိုလည်း မကြောက်ပါဘူး။ အမှန်အတိုင်းပြောရရင် ဖြစ်သွားမယ်လို့လည်း ထင်မထားဘူး။ အကောင်းဆုံးလုပ်မယ်လို့ပဲ ဆုံးဖြတ်ထားတာ။ ဖြစ်ချင်တော့ ချော်သွားတယ်။ ဒါပေမယ့် ဖြစ်သွားတဲ့အချိန် မျက်နှာမပျက်ဘဲ ပြုံးသွားတော့ အဲဒါကို အားပေးကြတယ်။ ဖြစ်သွားတော့ ငါအကောင်းဆုံး ဖြစ်အောင် ချက်ချင်းပြန်ထမယ်။ ဆက်လုပ်မယ်ဆိုတဲ့စိတ်နဲ့ ချက်ချင်း ပြန်ထခဲ့တာပါ။ ခုလိုဖြစ်သွားတော့ အားပေးကြတဲ့ သူတွေအတွက် စိတ်မကောင်းပါဘူး။

**ဒီဇင်ဘာ ၂၀ မှာပြိုင်ရမယ့် နောက်ဆုံးပြိုင်ပွဲအတွက် ဘယ်လို ပြင်ဆင်နေပြီလဲ-**

နောက်ဆုံးပြိုင်ရမယ့် ရက်အတွက် ပြန်ပြီး လေ့ကျင့်ရမယ်။ ကိုယ်တိုင်လည်း ထပ်ပြီးကျင့်ရမှာပါ။ အကောင်းဆုံးကြိုးစားမှာပါ။ ထင်မထားတာတွေလည်း ဖြစ်လာနိုင်တဲ့ အတွက် အကောင်းဆုံးတော့ ပြင်ဆင်သွားမှာပါ။

**အားပေးနေကြတဲ့ ပရိသတ်တွေအတွက် စကား လက်ဆောင်ပါးပေးပါဦး-**

ဒီလိုမထင်မှတ်ဘဲ အမှားဖြစ်သွားတဲ့အပေါ် အပြစ်မမြင်ကြဘဲ အားပေးကြတဲ့ ပရိသတ်တွေ အများကြီးကို တွေ့ရတယ်။ အဲဒီအတွက် ဝမ်းသာပါတယ်။ ကျေလည်း ကျေနပ်မိတယ်။ တော်တော်လည်းစိတ်မကောင်း ဖြစ်မိပါတယ်။ နောက်ဆုံးပြိုင်ပွဲမှာ အကောင်းဆုံး ဆက်လုပ်သွားမှာပါ။ ထပ်ပြီးချော်မလဲအောင်လည်း ပြင်ဆင်သွားမှာပါ။ အားပေးကြတဲ့ပရိသတ်အားလုံးကို အထူးကျေးဇူးတင်ပါတယ်။

## ပရိသတ်တွေကိုယ်တိုင် မဲပေးရွေးချယ်နိုင်မယ့် People's Choice Awards ၂၀၁၆

ကမ္ဘာ့တစ်ဝန်းရှိ ပရိသတ်တွေကိုယ်တိုင်ရွေးချယ်နိုင်မယ့် People's Choice Awards ၂၀၁၆ဆန်ခါတင်စာရင်းကို အမေရိကန်ပြည်ထောင်စု ပါလေစင်တာမှာ People's Choice အွန်လိုင်းဖျော်ဖြေရေးအကြီးအမှူးများက ကြေညာပေးခဲ့ပါတယ်။ ကမ္ဘာတစ်ဝန်းရှိပရိသတ် ၇၂သန်းကျော်ဝင်ရောက်မဲပေးနိုင်မယ့် ဒီရွေးချယ်မှုမှာ ရုပ်ရှင်၊ ဂီတ၊ ကာတွန်း၊ရုပ်မြင်သံကြားဇာတ်လမ်းတွဲ၊ ဒစ်ဂျစ်တယ်စတဲ့ နယ်ပယ်စုံမှ တစ်ဦးတစ်ယောက်ချင်းထူးချွန်ဆုတွေအပြင် အဖွဲ့လိုက်ထူးချွန်ဆု၊ကဏ္ဍအလိုက်အကောင်းဆုံးထူးချွန်ဆုတွေကိုပါ ပေးအပ်ချီးမြှင့်သွားမှာ ဖြစ်ပါတယ်။ အရင်က ဆန်ခါတင်စာရင်းမှာ တစ်ကြိမ်တစ်ခါမှပါဝင်ဖူးခြင်း မရှိသေးတဲ့ သယ်ဝိကန်းကတော့ အကျော်ကြားဆုံး အမျိုးသားတေးသံရှင်ဆုကိုရဖို့ ရေပန်းအစားဆုံးဖြစ်နေသလို သူ့ရဲ့ အယ်လ်ဘမ် Beauty Behind the Madness ကလည်း အကောင်းဆုံးတေးအယ်လ်ဘမ်စာရင်းမှာ ပါဝင်လာတာကို တွေ့ရပါတယ်။

အမျိုးသမီးဂီတထူးချွန်ဆု ဆန်ခါတင်စာရင်းမှာတော့ မက်ဒေါနား၊ ဆယ်လီနာဂိုးမက်ဇ်၊ တေလာဆွစ်၊ ဒေမီလိုဗာတိုးတို့လည်း ပါဝင်လာခဲ့ပါတယ်။ တေလာဆွစ်ရဲ့ Bad Blood၊ သယ်ဝိကန်းရဲ့Beauty Behind the Madness ၊ ဂျက်စတင်ဘီဘာရဲ့ What do you Mean စတဲ့ တေးသီချင်းတွေကတော့ တေးသီချင်း လျှာထားဆုစာရင်းမှာ ပါဝင်လာတာ တွေ့ရပါတယ်။ ဝီလ်စမစ်၊ ဂျွန်နီဒပ်တို့နှစ်ဦးက အကောင်းဆုံးမင်းသားဆုစာရင်းမှာ ပါဝင်လာခဲ့ကြသလို ဆန်ဒရာဘူးလော့၊ စကားလက်ဂျိုဟန်ဆင်၊ မာလီဇာမက်ကာသီ တို့ကလည်း မင်းသမီးဆန်ခါတင်ဆုစာရင်းမှာ ပါဝင်လာခဲ့ပါတယ်။

ယခုတစ်ကြိမ်ကျင်းပမယ့် အဆိုပါ ဆုပေးပွဲဟာ (၄၂)ကြိမ်မြောက်ဖြစ်ကာ ဆုပေးပွဲအခမ်းအနားကို ၂၀၁၆ ဇန်နဝါရီ ၆ရက်မှာ ကျင်းပပေးသွားမှာဖြစ်ကြောင်း People's Choice Awards.com မှာ ဖော်ပြထားပါတယ်။

မေလဲ့သင်း



# ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ရန် ဂွါဒီယိုလာ မျှော်လင့်

ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ဂွါဒီယိုလာသည် ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ကိုင်တွယ်ရန်မျှော်လင့်လျက် ယခုနှစ် ဘောလုံးရာသီကုန်တွင် လက်ရှိကလပ် ဘိုင်ယန်မြူးနစ်အသင်းနှင့် လမ်းခွဲတော့မည်ဖြစ်ကြောင်း သိရသည်။

ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ဂွါဒီယိုလာ၏ လက်ရှိစာချုပ်သက်တမ်းသည် ယခုနှစ်ဘောလုံးရာသီကုန်တွင် ကုန်ဆုံးတော့မည်ဖြစ်ပြီး ၎င်း၏အနာဂတ်နှင့် စပ်လျဉ်း၍ လာမည့်တစ်ပတ်ထဲတွင် ဆုံးဖြတ်ချက်ချသွားမည်ဖြစ်ကြောင်းလည်း သတင်းများက ဖော်ပြသည်။

"လက်ရှိမှာ ပရီမီယာလိဂ်ရဲ့ထိပ်တန်းအဆင့်ရှိအသင်းတွေဖြစ်တဲ့ မန်ယူအသင်းနဲ့ မန်စီးတီးအသင်းတို့က နည်းပြဂွါဒီယိုလာကို ခေါ်ယူဖို့ စီစဉ်နေကြပါတယ်။ ဂွါဒီယိုလာဟာ ပရီမီယာလိဂ်အသင်းတစ်သင်းကို ကိုင်တွယ်လိုတဲ့ ဆန္ဒရှိနေတဲ့အပြင် ထူးချွန်တဲ့နည်းပြတစ်ဦးဖြစ်တာကြောင့် အင်္ဂလန်ကို မဖြစ်မနေပြောင်းရွှေ့ကိုင်တွယ်လိမ့်မယ်လို့ ကျွန်တော်ထင်မိပါတယ်"ဟု မစ်ဒယ်ဘရော့နည်းပြ ကာရန်ကာက ပြောကြားခဲ့သည်။

ချယ်လ်ဆီးအသင်းသည်လည်း နည်းပြမော်ရင်ဟိုအား ထုတ်ပယ်လိုက်ပြီးနောက် အစားထိုးနည်းပြအဖြစ် ဂွါဒီယိုလာအား ခေါ်ယူရန်စီစဉ်လျက်ရှိကြောင်း မစ်ဒယ်ဘရော့နည်းပြ ကာရန်ကာက ပြောသည်။ ကာရန်ကာသည် ရီးယဲလ်မက်ဒရစ်အသင်းတွင် မော်ရင်ဟို၏ လက်ထောက်နည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး ချယ်လ်ဆီးအသင်းက မော်ရင်ဟိုကို ထုတ်ပယ်ရန် ဆုံးဖြတ်ခဲ့မှုကို အံ့သြမိကြောင်းလည်း ပြောကြားခဲ့သည်။

ကီစလေကိုမန်းကလည်း ကမ္ဘာ့အကောင်းဆုံးနည်းပြတစ်ဦးဖြစ်သည့် ဂွါဒီယိုလာအနေဖြင့် လာမည့်နွေရာသီတွင် ဘိုင်ယန်မြူးနစ်အသင်းနည်းပြအဖြစ်မှ နုတ်ထွက်သွားပါက ဝမ်းနည်းဖွယ်ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ဝန်ခံပြောကြားခဲ့သည်။ ထို့ပြင် ဘိုင်ယန်မြူးနစ်အသင်းကလည်း နည်းပြဂွါဒီယိုလာအား စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုရန်မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**ငွေကြယ်**

## ဒီဇင်ဘာ ၁၉/၂၀ ရက်နေ့ ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

**ပရီမီယာလိဂ် ပွဲစဉ် - ၁၇**

| | | |
|---|---|---|
| ဝက်စ်ဘရွန်း - ဘုန်းမောက် | | ည-၉း၃၀ |
| စတုတ်စီးတီး - ခရစ္စတယ်ပဲလေ့စ် | | ည-၉း၃၀ |
| အဲဗာတန် - လက်စတာ | | ည-၉း၃၀ |
| မန်ယူ - နော့ဝှစ်ချ် | | ည-၉း၃၀ |
| ချယ်လ်ဆီး - ဆန်းဒါးလန်း | | ည-၉း၃၀ |
| ဆောက်သမ်တန် - စပါး | | ည-၉း၃၀ |
| နယူးကာဆယ် - ဗီလာ | | ည-၁၂း၀၀ |

**စပိန်လာလီဂါ ပွဲစဉ် - ၁၆**

| | | |
|---|---|---|
| ဗလန်စီယာ - ဂီတာဖေး | | ည-၉း၃၀ |
| အက်စပန်ညို - လက်စ်ပါးမက်စ် | | ည-၁၁း၄၅ |
| ဘက်တစ် - ဆီဗီလာ | | နံနက်-၂း၀၀ |
| ဒီပို့တီဗို - အီဘာ | | နံနက်-၃း၃၅ |

**စီးရီးအေ ပွဲစဉ် - ၁၇**

| | | |
|---|---|---|
| ဘိုလော့နာ - အမ်ပိုလီ | | နံနက်-၂း၁၅ |

**ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၁၇**

| | | |
|---|---|---|
| ဟမ်းဘတ် - အော့စ်ဘတ် | | ည-၉း၀၀ |
| ဖရန့်ဖတ် - ဝါဒါဘရီမင် | | ည-၉း၀၀ |
| ကိုလုံး - ဒေါ့မွန် | | ည-၉း၀၀ |
| ဟန်နိုဗာ - ဘိုင်ယန်မြူးနစ် | | ည-၉း၀၀ |
| အင်ဂေါ့စတက် - လေဗာကူဆင် | | ည-၉း၀၀ |
| စတုဂတ် - ဝုဖ်ဘတ် | | ည-၁၂း၀၀ |

**ပြင်သစ်လီဂူး ပွဲစဉ် - ၁၉**

| | | |
|---|---|---|
| ကိန်း - ပီအက်စ်ဂျီ | | ည-၁၀း၃၀ |
| ဂူအင်ဂမ့် - ရင်းနက်စ် | | နံနက်-၁း၃၀ |
| ထရွိုင်ယက်စ် - မိုနာကို | | နံနက်-၁း၃၀ |
| လိုရီယန့် - နန့်တက်စ် | | နံနက်-၁း၃၀ |
| ဘက်စတီယာ - ရိမ်းစ် | | နံနက်-၁း၃၀ |
| တူးလော့စ် - လိုင်လီ | | နံနက်-၁း၃၀ |

**မောင်မောင်ဇော်**

## ပြည်တွင်းလှုပ်ရှားအားကစား

### ရေနံချောင်းတွင် (၂၃) နှစ်နှင့်အောက် ဘောလုံးပြိုင်ပွဲကျင်းပ

**ရေနံချောင်း ဒီဇင်ဘာ ၁၈**

ရေနံချောင်းမြို့နယ် အားကစားနှင့်ကာယပညာကော်မတီကကြီးမှူး၍ မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် TSDP အရ အသက် (၂၃) နှစ်နှင့်အောက် ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲကို ဒီဇင်ဘာ ၁၇ ရက်က မြို့နယ်အားကစားကွင်း၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲနေ့တွင် ဘူးကျွန်းကျေးရွာအုပ်စုအသင်းနှင့် အောင်ဆန်းရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး အဆိုပါပြိုင်ပွဲသို့ ရပ်ကွက်၊ ကျေးရွာအားကစားအသင်း ၁၈ သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်းနှင့် မြို့နယ်အားကစားလောကတိုးတက်စေရန် ရည်ရွယ်၍ TSDP အစီအစဉ်အားကစား ပြိုင်ပွဲများကို ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**ယောရွှေမာ**



### မိနီမာရသွန်ပြိုင်ပွဲကျင်းပ

**သာပေါင်း ဒီဇင်ဘာ ၁၈**

၂၀၁၅ ခုနှစ် မြို့နယ်အားကစား ဖွံ့ဖြိုးတိုးတက်ရေး TSDP အစီအစဉ်အရ အမျိုးသား၊ အမျိုးသမီး မိနီမာရသွန် ပြိုင်ပွဲကျင်းပရာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသောင်းထိုက်က သာပေါင်းမြို့ဦးထိပ်မှ နံနက် ၆ နာရီက သေနတ်ပစ်ဖောက်၍ စတင်တာလွှတ်ပေးခဲ့သည်။ မိနီမာရသွန်ပြိုင်ပွဲဝင် အမျိုးသား အမျိုးသမီး အားကစားသမားများအား ပထမဆုမှ ဒသမဆုအထိ ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မျိုးဇော်ဦး)**

***အီတလီစီးရီးအေပွဲစဉ်(၁၆)မှာတော့ အင်တာမီလန်ဟာ အူဒီးနီးစ်ကို ဂိုးပြတ်အနိုင်ယူပြီး ရလဒ်ကောင်းခဲ့ပါတယ်။ အခုလာမယ့် ဒီဇင်ဘာ ၂၀၊၂၁ ရက်တွေမှာ ယှဉ်ပြိုင်မယ့် စီးရီးအေပွဲစဉ် ၁၇ မှာတော့ အင်တာမီလန်နဲ့ ဆုံတွေ့နေရပါတယ်။ ဒါကြောင့် အင်တာမီလန်နိုင်ပွဲထပ်ရနိုင်မလားဆိုတာ စောင့်ကြည့်ရမှာပါ. . .***

# အင်တာမီလန်နိုင်ပွဲထပ်ရနိုင်မလား စောင့်ကြည့်ရမယ့်

# စီးရီးအေရင်ခုန်သံ - ၁၇

**ရှိုင်း မင်း မင်း**



**ဘိုလော့နာ - အမ်ပိုလီ နံနက် ၂း၁၅ (၂၀-၁၂-၁၅)**

ဘိုလော့နာက နောက်ဆုံးကစားခဲ့တဲ့ ပွဲစဉ်မှာ ဂျီနိုအာကို အနိုင်ရရှိခဲ့မှုအပါအဝင် နောက်ဆုံး ငါးပွဲမှာ တစ်ပွဲသာ ရှုံးနိမ့်ခဲ့တဲ့အထိ ခြေစွမ်းပိုင်းကောင်းမွန်နေပါတယ်။ အိမ်ကွင်းလည်းဖြစ်တာကြောင့် အမ်ပိုလီကို ထိန်းချုပ်သွားနိုင်မှာပါ။ အမ်ပိုလီခြေစွမ်းပိုင်းကလည်း မဆိုးပေမယ့် ဘိုလော့နာပဲကပ်နိုင်မယ်။

**ကာပီ - ဂျူဗင်တပ် ည ၆း၀၀(၂၀-၁၂-၁၅)**

ဂျူဗင်တပ်ရဲ့ ခြေစွမ်းပိုင်းက တောက်လျှောက်ကောင်းမွန်နေပါတယ်။ ချန်ပီယံအုပ်စုပွဲစဉ်တွေလည်း ပြီးဆုံးခဲ့ပြီဖြစ်လို့ စီးရီးအေကို ပိုမိုပြီးအာရုံစိုက်ကစားလာမှာ သေချာနေပါတယ်။ အထူးသဖြင့် ဂျူဗင်တပ်အနေနဲ့ ကာပီလိုအသင်းမျိုးနဲ့ဆုံရတဲ့ပွဲမျိုးမှာ အမှားခံမှာ မဟုတ်ပါဘူး။ ဂျူဗင်တပ်ပဲနိုင်ပွဲရမှာပါ။

**အတ္တလန္တာ - နာပိုလီ ည ၇း၃၀ (၂၀-၁၂-၁၅)**

အတ္တလန္တာရဲ့ ခြေစွမ်းပိုင်းက အခုနောက်ပိုင်း မဆိုးပါဘူး။ အထူးသဖြင့် အိမ်ကွင်းပွဲစဉ်တွေမှာ ကစားပုံပိုကောင်းကာ အိမ်ကွင်းအရှုံးတစ်ပွဲသာ ရှိထားသလို ဒီပွဲမှာလည်း အိမ်ကွင်းအားနဲ့ နာပိုလီကို တုံ့ပြန်သွားနိုင်မှာပါ။နာပိုလီရဲ့ ခြေစွမ်းပိုင်းကောင်းမွန်နေပေမယ့် နိုင်ရင်တောင် ပြတ်သားဖို့ခက်ပါတယ်။

**ဖီအိုရင်တီးနား - ချီယေဗို ည ၇း၃၀(၂၀-၁၂-၁၅)**

ဖီအိုရင်တီးနားရဲ့ ကစားအားမဆိုးဘူး။ အထူးသဖြင့် အိမ်ကွင်းပွဲစဉ်တွေမှာဖီအိုရင်တီးနားဟာခြေစွမ်းပိုင်းပိုမိုထက်မြက်တတ်ပြီး အိမ်ကွင်းရှစ်ပွဲမှာ အရှုံးတစ်ပွဲသာ ရှိခဲ့ပါတယ်။ ချီယေဗိုကတော့ ခြေစွမ်းပိုင်းမဆိုးပေမယ့် ဖီအိုရင်တီးနားရဲ့ဖိအားပေးမှုကိုတော့ ထိန်းချုပ်ဖို့ ခက်ခဲနိုင်ပါတယ်။ဖီအိုရင်တီးနားပဲ နိုင်ပွဲရမယ်။

**ဗီရိုနာ - ဆာစူအိုလို ည ၇း၃၀ (၂၀-၁၂-၁၅)**

ဆာစူအိုလို ခြေစွမ်းပိုင်းမဆိုးဘူးလို့ ပြောနိုင်တယ်။ အဝေးကွင်းပွဲစဉ်တွေမှာလည်း အမှတ်ရအောင် ကစားနိုင်ပြီး နောက်ဆုံးအဝေးကွင်းပွဲမှာ ဆမ်ဒိုးရီးယားကို အနိုင်ရခဲ့တယ်။ ဗီရိုနာကတော့ အိမ်ကွင်းဖြစ်ပေမယ့် ခြေစွမ်းပိုင်းက အတော်လေး အားနည်းနေတယ်။ ဆာစူအိုလိုကသာ နိုင်ပွဲရယူသွားမှာပါ။

**ရိုးမား - ဂျီနိုအာ ည ၇း၃၀(၂၀-၁၂-၁၅)**

ဂျီနိုအာက နောက်ဆုံးကစားခဲ့တဲ့ ပွဲစဉ် (၁၆) မှာ အိမ်ကွင်းပွဲစဉ် ကစားခဲ့ရတာတောင် ဘိုလော့နာကို ရှုံးနိမ့်ခဲ့ရပါတယ်။ အထူးသဖြင့် ဂျီနိုအာက အဝေးကွင်းပွဲစဉ်မှာဆိုရင်လည်း ခြေစွမ်းပိုင်းက ပိုမိုကျဆင်းတတ်လို့ ရိုးမားကို ထိန်းချုပ်ဖို့ခက်ပါလိမ့်မယ်။ ရိုးမားကသာ နိုင်ပွဲရယူသွားဖို့ရှိနေပါတယ်။

**ဖရိုစီနိုနီ - မီလန် ည ၁၁း၃၀ (၂၀-၁၂-၁၅)**

ဖရိုစီနိုနီက နောက်ဆုံးကစားသွားတဲ့ ပါလာမိုနဲ့ပွဲမှာဂိုးပြတ်ရှုံးနိမ့်ခဲ့ရသလို နောက်ဆုံး ငါးပွဲမှာလည်း တစ်ပွဲသာနိုင်ခဲ့တဲ့အထိ ခြေစွမ်းကကျဆင်းနေပါတယ်။ ဖရိုစီနိုနီဟာအိမ်ကွင်းမှာ မထင်မှတ်ဘဲခြေကောင်းတတ်တယ်ဆိုပေမယ့် အေစီမီလန်ကို ထိန်းချုပ်နိုင်ဖို့တော့ ခက်ပါလိမ့်မယ်။ အေစီမီလန်ပဲ ကပ်နိုင်သွားမှာပါ။

**ဆမ်ဒိုးရီးယား - ပါလာမို ည ၁၁း၃၀ (၂၀-၁၂-၁၅)**

ဆမ်ဒိုးရီးယားရဲ့ခြေက ဒီရာသီမှာ အတော်လေး အားနည်းနေပါတယ်။ အထူးသဖြင့် ခံစစ်ပိုင်းကကျစ်လျစ်မှု မရှိပါဘူး။ ဒါပေမယ့် ပါလာမိုကလည်း ခြေစွမ်းမငြိမ်ဘဲ နောက်ဆုံးပွဲစဉ်မှာ ဖရိုစီနိုနီကို နိုင်ခဲ့ပေမယ့် အဝေးကွင်းပွဲတွေမှာ တိုက်စစ်ပိုင်းကအစ အားနည်းတတ်ပါတယ်။ သရေကျသွားဖို့များတယ်။

**တိုရီနို - အူဒီးနီးစ် ည ၁၁း၃၀ (၂၀-၁၂-၁၅)**

တိုရီနိုဟာ အခုနောက်ပိုင်းပွဲတွေမှာ ကစားပုံ မဆိုးဘူး။ အထူးသဖြင့် အိမ်ကွင်းပွဲစဉ်တွေမှာ ကစားပုံကောင်းမွန်တတ်ပြီး နောက်ဆုံးအိမ်ကွင်းပွဲမှာ ဂျီမာကို သရေကစားနိုင်ခဲ့သလို အိမ်ကွင်းရှုံးပွဲတစ်ပွဲသာရှိပါသေးတယ်။ ဒါကြောင့် အူဒီးနီးစ်ကိုထိန်းချုပ်ဖိအားပေးသွားနိုင်မှာပါ။ တိုရီနိုကသာ နိုင်ပွဲရသွားဖို့ရှိပါတယ်။

**အင်တာ - လာဇီယို နံနက် ၂း၁၅ (၂၁-၁၂-၁၅)**

အင်တာမီလန်က အခုနောက်ပိုင်းပွဲစဉ်မှာ ကစားပုံပိုကောင်းလာပါတယ်။ နောက်ဆုံးပွဲစဉ်မှာ အူဒီးနီးစ်ကို ဂိုးပြတ်အနိုင်ရခဲ့သလို အိမ်ကွင်းလည်းဖြစ်ပါတယ်။ လာဇီယိုကခြေပျက်နေပေမယ့် ရလဒ်ပြန်ကောင်းဖို့ အားစိုက်ကစားလာမှာပါ။ လာဇီယိုအဝေးကွင်းပွဲတွေမှာ ခြေကျတတ်ပေမယ့် အင်တာကပ်ပြီးသာနိုင်မယ်။

ဆောင်းပါး

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး




**ယခင်အပတ်မှအဆက်**

သည်လို အရေးအခင်း၊ ပြဿနာများကြောင့် မြင်လာကြတာကတော့ နိုင်ငံတွေဟာ သူ့ချည်း သီးခြားရပ်တည်နေလို့ မရတော့ဘူး၊ တစ်နည်းပြောရင် ငါတကော ကောချင်တိုင်း ကောနေလို့ မရတော့ဘူး။ အားလုံးညီညီညာညာ ပူးပေါင်းဆောင်ရွက်နိုင်ကြပါမှ ကြုံလာရမယ့် အရေးအခင်းပေါင်းစုံကို ကျော်လွှားနိုင်မယ်လို့ မြင်လာကြပါတယ်။

သည်အခါမှာ ပထမဆုံး စဉ်းစားကြတာက လူတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို စဉ်းစားလာတော့တာပါ။ အဲသလို စဉ်းစားတဲ့အခါ ပါကစ္စတန်နိုင်ငံသားစီးပွားရေးပညာရှင် မာဘု(ဘ်) အူ(လ်) ဟာ့(ခ်)ရယ်၊ အိန္ဒိယနိုင်ငံက စီးပွားရေးသိပ္ပံပညာနိုဘဲ(လ်) ဆုရ စီးပွားရေးနဲ့ ဒဿနပညာရှင် အာမာ့တြာ ဆဲ(န်)ရယ်တို့ရေးသားခဲ့တဲ့ အစီရင်ခံစာပါ စီးပွားရေးတိုးတက်ဖို့ အတွက် လူတွေကသာ အချက်အချာကျလှတယ်ဆိုတဲ့ အယူအဆဟာ ၁၉၉၀ ပြည့်နှစ်မှာ ထင်ရှားလာပါတော့တယ်။

"နိုင်ငံတစ်နိုင်ငံအတွက် လူတို့သည်သာ စစ်မှန်သော ကြွယ်ဝမှုဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်မှု၏ အဓိကရည်ရွယ်ချက်သည် အသက်ရှည်၊ ကျန်းမာပြီး အတွေးသစ် အမြင်သစ်များဖြင့် တည်ဆောက်ထားသော ဘဝကို လူအများ ခံစားစံစားနိုင်မည့် ပတ်ဝန်းကျင်ကောင်းတစ်ခုကို တည်ဆောက်ရန်ပင်ဖြစ်ပေသည်။ ထိုသို့ ပြောလိုက်သည့်အခါ လွယ်ကူ ရိုးစင်းလှသည့် အမှန်တရားဟု ထင်စရာ ရှိပါသည်။ သို့ရာတွင် လူသုံးကုန်ပစ္စည်းများ ရရှိရေး၊ ငွေကြေးကြွယ်ဝရေးတို့ကဲ့သို့ ဆူလွယ် နပ်လွယ် ဇောင်းပေးမှုများကြားတွင် ထိုအချက်ကိုမေ့လျော့နေမိတတ်ကြလေသည်"လို့ သူတို့ရဲ့ပထမဆုံး အစီရင်ခံ စာထဲမှာ ရေးခဲ့ပါတယ်။

ကုလသမဂ္ဂအထွေထွေညီလာခံက အဲဒီ အစီရင်ခံစာကို "ကမ္ဘာတစ်လွှားမှ လူသားဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဉ်းပြီး ကောင်းစွာ သိရှိလာကြစေရေးအတွက် အရေးကြီးလှသည့် လွတ်လပ်ပြီး မှီခိုမှုကင်းရှင်းသော ပညာရှင့် သုံးသပ်ချက်" အဖြစ် တရားဝင် အသိအမှတ်ပြုခဲ့ပါတယ်။ အဲဒီနောက် ထွက်လာတဲ့ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်ရဲ့ ၁၉၉၄ ခုနှစ် လူသားဖွံ့ဖြိုးတိုးတက်မှု အစီရင်ခံစာဟာ "လူသား လုံခြုံရေး"ဆိုတဲ့ ဝေါဟာရ စတင်ပေါ်ထွန်းရာ မှတ်တိုင်တစ်တိုင် ဖြစ်လာပါတော့တယ်။

"နိုင်ငံတော်လုံခြုံရေး"အတွက် အဓိကက ဘာလိုအပ်တာတုံး။ ဟုတ်ကဲ့- အဲဒီနိုင်ငံမှာ မှီတင်းနေထိုင်နေကြတဲ့ နိုင်ငံသူ နိုင်ငံသားတွေ လုံခြုံနေသမျှ နိုင်ငံတော်လည်း လုံခြုံနေမှာ မြေကြီးလက်ခတ်မလွဲ သေချာလှပါတယ်။ သည်အချက်ကို မြင်လာရင်းနဲ့ "လုံခြုံရေး"အပေါ်မြင်တဲ့ အမြင်က ပြောင်းသွားပါတော့တယ်။ "နိုင်ငံတော်လုံခြုံရေး"ဆိုတာ စကားလုပ်နေစရာကို မဟုတ်တော့ဘူး၊ တကယ်အင်တိုက်အားတိုက် လုပ်ကြရမှာက "လူသား လုံခြုံရေး"လို့ ခံယူလာကြပါတော့တယ်။

လူသားလုံခြုံရေးရဲ့ အခြေခံ အချက် ခုနစ်ချက်

(၁) စီးပွားရေး လုံခြုံမှု။ အခြေခံလစာ၊ အလုပ်အကိုင်တွေ ရရှိဖို့၊ လူမှုဖူလုံရေး ခံစားခွင့်တွေ ရရှိဖို့ဆိုတာက စီးပွားရေး လုံခြုံမှုအတွက် အဓိက လိုအပ်ချက်ပါပဲ။

(၂) အစားအသောက်လုံခြုံမှု။ အခြေခံ အာဟာရ၊ အစားအသောက်တွေကို လက်လှမ်းမီနိုင်၊ ရရှိနိုင်ဖို့ပေါ့။

(၃) ကျန်းမာရေး လုံခြုံမှု။ ဒါကတော့ နည်းနည်း နက်နဲတယ်။ ဇယားတွေလည်း အများကြီးပဲ။ ရေကောင်းရေသန့် သောက်သုံးနိုင်ဖို့၊ ဘေးအန္တရာယ်ကင်းရှင်းတဲ့ ပတ်ဝန်းကျင် (ပြီးခဲ့တဲ့ အပတ်က တင်ပြခဲ့တဲ့ အသံချဲ့စက်တွေရဲ့ ဒဏ်ကို မခံစားရတဲ့ ပတ်ဝန်းကျင်လည်း ဖြစ်ဖို့ လိုမယ်)မှာ နေထိုင်နိုင်ဖို့၊ ကျန်းမာရေးစောင့်ရှောက်မှုတွေ ရရှိနိုင်ဖို့၊ မိသားစု စီမံကိန်းချမှတ်ကြနိုင်ဖို့၊ ကိုယ်ဝန်ဆောင်ချိန်၊ မီးဖွားချိန်မှာ ပံ့ပိုးမှုတွေရရှိဖို့၊ အိပ်(ချ်)အိုင်ဗွီ/အေအိုင်ဒီ အက်(စ်)နဲ့တကွ ကူးစက်ရောဂါများ ကာကွယ်တားဆီးဖို့၊ ကျန်းမာရေးနဲ့ ညီညွတ်အောင် နေထိုင်ရေးအတွက် လိုအပ်တဲ့ အခြေခံ အသိပညာများ ရရှိဖို့အထိ ပါဝင်ပါတယ်။

(၄) ပတ်ဝန်းကျင်လုံခြုံမှု။ ရေထု၊ လေထု ညစ်ညမ်းမှု ကာကွယ်ရေး၊ သစ်တောပြုန်းတီးမှု ကာကွယ်ရေး၊ ဆည်ရေသွင်းမြေများ ထိန်းသိမ်းရေး၊ မိုးခေါင်ရေရှားတာ၊ ရေကြီးတာ၊ မုန်တိုင်းဒဏ်၊ ငလျင်ဒဏ် သင့်တာများလို သဘာဝဘေးအန္တရာယ်တွေ ကာကွယ်တားဆီးရေးစတာများ ပါဝင်ပါတယ်။

(၅) ရပ်ရွာအသိုင်းအဝိုင်း လုံခြုံမှု။ ရိုးရာ ယဉ်ကျေးမှု အစဉ်အလာ ဓလေ့ထုံးတမ်းတွေ၊ ဘာသာစကားတွေ၊ အများလက်ခံထားတဲ့ တန်ဖိုးထားမှုတွေ ထိန်းသိမ်းရေး၊ ဇာတိသွေးကို အကြောင်းပြုပြီး နှိမ်တာ၊ ခွဲခြားဆက်ဆံတာ ပပျောက်ရေး၊ လူမျိုးရေး ပဋိပက္ခများ ကာကွယ်ရေး၊ ခြေမဦးချနေထိုင်ခဲ့သူ ဒေသခံတိုင်းရင်းသားများကို ကာကွယ် စောင့်ရှောက်ရေးတွေပါပဲ။

(၆) တစ်ကိုယ်ရေ လုံခြုံမှု။ ဘယ်သူ့ကြောင့်မှ ကိုယ်ခန္ဓာ ထိခိုက်အနာတရ မဖြစ်အောင် ကာကွယ်ရေးပါ။ အကြမ်းဖက် တတ်သူများ၊ အစိုးရလက်အောက်ခံအဖွဲ့အစည်းများ၊ သရဲမရဲစီးနေတဲ့ အရွယ်ရောက်သူများ၊ အိမ်တွင်း အကြမ်းဖက်သူများအပါအဝင် အိမ်တွင်း၊ အိမ်ပြင်၊ ပြည်တွင်း၊ ပြည်ပမှာရှိနေသူ ဘယ်သူ့ကြောင့်မှ အနာတရ မဖြစ်အောင် ကာကွယ်ပေးဖို့ဖြစ်ပါတယ်။ လူအများစု စိုးရိမ်တာက ရာဇဝတ်မှု၊ အထူးသဖြင့် အကြမ်းဖက်မှုတွေ ပါဝင်နေတဲ့ ရာဇဝတ်မှုတွေ ဖြစ်တာမို့ ဥပဒေစိုးမိုးရေးဟာလည်း တစ်ကိုယ်ရေ လုံခြုံရေးအတွက် အချက်အချာ ကျလှပါတယ်။

(၇) နိုင်ငံရေးအရ လုံခြုံမှု။ လူ့အခွင့်အရေး၊ လူအားလုံး ကောင်းစွာနေထိုင်နိုင်ရေးကို ကာကွယ်စောင့်ရှောက်ဖို့ ဖြစ်သလို စာနယ်ဇင်းလွတ်လပ်ခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာမဲပေးခွင့်တို့လို အခွင့်အရေးတွေကို အစိုးရတွေက တားမြစ်ကန့်သတ်ပိတ်ပင်မှု မရှိအောင် ကာကွယ်ဖို့လည်း ဖြစ်ပါတယ်။ နိုင်ငံရေးအရ ဖမ်းဆီး ထိန်းသိမ်းမှုတွေ၊ စနစ်တကျ ဒုက္ခပေးမှုတွေ၊ တရားမဝင် ဖျောက်ဖျက်မှုတွေ ဖျက်သိမ်းရေးများလည်း ပါဝင်ပါတယ်။

သည်အချက် ခုနစ်ချက်ကို တစ်ခုစီ ခေါင်းစဉ်ခွဲတပ်ထားပေမယ့် တစ်ခုနဲ့တစ်ခု ချိတ်ဆက်နေ၊ ထပ်နေတာတွေလည်း ပါပါတယ်။ တစ်ခုပျက်တာနဲ့ ကျန်တာတွေလည်း ပျက်စီးပြီး လူတွေရဲ့ လုံခြုံမှုကလည်း ပျက်စီးသွားတော့မှာပါ။

ဘာတွေ ထားခဲ့မလဲ

ကျွန်တော့်အသက်က ၆၀ နားကို ကပ်လာခဲ့ပါပြီ။ သင်္ချိုင်းကုန်းရှိရာ ခြေတစ်ဖက် လှမ်းနေပြီပေါ့။ အထက်က ဖော်ပြခဲ့တဲ့ "လူသား လုံခြုံမှု"တွေထဲက ခုနစ်ချက်စလုံးထဲက တစ်ချက်ကလေးကိုသော်မှ ကျွန်တော့်ဘဝသက်တမ်းတစ်လျှောက် တစ်ခါမှ ပြည့်ပြည့်ဝဝ မခံစားခဲ့ဖူးတာလည်း အမှန်ပါ။ ကျွန်တော့်စာကို ဖတ်နေသူ လူကြီးမင်းအများစုလည်း ထိုနည်း လည်းကောင်းပဲ ဖြစ်မယ်ထင်ပါတယ်။

> သေချာတာကတော့ ကျွန်တော်တို့က မကြာခင် သွားရတော့မယ့်သူတွေ ဖြစ်ပါတယ်။ ဒါပေသည့် ကျွန်တော်တို့ သားမြေးတွေအထိ အဲဒီ့မလုံခြုံမှုတွေကို ဆက်လက် မခံစားစေချင်တော့ပါဘူး။

သေချာတာကတော့ ကျွန်တော်တို့က မကြာခင် သွားရတော့မယ့်သူတွေ ဖြစ်ပါတယ်။ ဒါပေသည့် ကျွန်တော်တို့ သားမြေးတွေအထိ အဲဒီ့ မလုံခြုံမှုတွေကို ဆက်လက် မခံစားစေချင်တော့ပါဘူး။

သည်အတွက် "လုံခြုံရေးအမြင်"ကို ပြောင်းလဲကြဖို့ အချိန်ကျနေခဲ့တာ မနိုင်ရင်ကာ ကြာလွန်းမက ကြာခဲ့ပါပြီ။ လူသား လုံခြုံရေးကို ရှေ့ရှုဦးတည်ပြီး အင်တိုက် အားတိုက်ပြောင်းလဲဆောင်ရွက်သွားမယ့်သူများကို ကျွန်တော်တို့ မသေခင် ကြုံဆုံခွင့် ရသွားလိုက်ချင်ပါသေးတယ်။ ကျွန်တော်တို့အတွက်မဟုတ်ပါဘူး။ မဟုတ်ဆို- အလွန်နေရလှ နောက် ၁၀ နှစ်ပေါ့ဗျာ။ သည့်ထက်မကနေရလည်း တစ်သက်လုံး ခံလာခဲ့ရတာမို့ ထုသားပေသားလည်း ကျတန်သလောက် ကျနေပါပြီ။

သို့ပေမယ့် ကျွန်တော်တို့ရဲ့ သားသမီး မြေးမြစ်တွေ ကျွန်တော်တို့နည်းတူ မခံစားရစေကြောင်း စိတ်ကောင်းစေတနာနဲ့ အလုပ်လုပ်သွားမယ့်သူများအတွက် အလိုအပ်ဆုံးလို့ (တီကောင်တစ်ကောင်အနေနဲ့) မြင်မိရတဲ့ ကျွန်တော့် အမြင်လေး၊ သည်နိုင်ငံအတွက် အလိုအပ်ဆုံး ပြောင်းလဲစရာလေးကို မပြောရဲပြောရဲနဲ့ပဲ ဇွတ်မှိတ်ပြောလိုက်ရပြန်ပါပြီ။ အားလုံးအတွက် တွေးဆဆင်ခြင်စရာ တစ်ခုခုတော့ ရသွားတန်ကောင်းရဲ့လို့ မျှော်လင့်မိကြောင်းပါ ခင်ဗျား။

ရည်ညွှန်း - http://www.gdrc.org/sustdev/husec/1-def.html
http://walterdorn.net/23-human-security-an-overview
http://www.un.org/humansecurity/human-security-unit/human-security-approach

**အမည်ပြောင်း** ဝိုင်းမော်မြို့နယ်၊ အထက(ခွဲ) မိုင်းနား၊ ဆဋ္ဌမတန်း(A)မှ (ဘ) ဦးယွမ်နက်(သ်)၏ သား မောင်ထက်မြက်အောင်အား မောင်ဘီဆူနတ်ဟု ပြောင်းလဲခေါ်ပါရန်။

**အမည်ဖြည့်စွက်ခေါ်ဆိုပါရန်** အဖ ဦးသိန်းလွင်(ခ)ဦးဆင်နပွန်း၏သမီးဖြစ်သူ မအေးအေးသန်းအား မအေးအေးသန်း(ခ)မေဘယ်(လ်)ဟု အမည်ဖြည့်စွက်ခေါ်ဆိုပါရန်။
**မအေးအေးသန်း(ခ)မေဘယ်(လ်)**

**အမည်ပြောင်း** အဖ ဦးနိုင်လင်း၏သမီး အလက(၅)မင်္ဂလာဒုံ၊ ပဥ္စမတန်း(A)မှ မအိမ့်ခြွေခင်အား မဆုရွှေရည်ထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မဆုရွှေရည်ထက်**



ကြော်ငြာ

4TV ၏ တစ်ပတ်စာ ကြည့်စရာ အစီအစဉ်ကောင်းများ
(၁၉-၁၂-၂၀၁၅ မှ ၂၅-၁၂-၂၀၁၅ အထိ)

Vol.1 No-49 အပတ်စဉ် စနေနေ့တိုင်း TV Guide မှ စီစဉ်ထုတ်ဝေသည်။

မြန်မာပြည်အနှံ့ ကြည့်နိုင်ပြီ
4TV DTH

# အားလုံးပျော်သည် 4TV

# 4TV SHOWROOM MANDALAY




မန္တလေးမြို့မှ Customer များအတွက် 4TV Showroom Mandalay ဆိုင်ခွဲသစ်ကြီးကို
၃၃ × ၃၄ ကြား၊ ၇၈ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။ တွင်
ဒီဇင်ဘာလ (၁၉) ရက်၊ ၂၀၁၅ ခုနှစ်မှ စတင်၍ ထပ်မံဖွင့်လှစ်လိုက်ပါသည်။

# ကြော်ငြာ

## 4TV ၏ တာဝန်ပတ်တာ ကြည့်ရှုရာ အစီအစဉ်ကောင်းများ

( ၁၉ - ၁၂ - ၂၀၁၅ မှ ၂၅ - ၁၂ - ၂၀၁၅ အထိ)

**High Definition ရုပ်သံလိုင်းများ** | **ရုပ်ရှင် ရုပ်သံလိုင်းများ**

7:00 PM Baahubali : The Beginning — 4




9:25 AM Home Alone 2: Lost In New York — Fox Movies



**for CINEMA 2**

11:42 PM ပလပ်လွတ်နေတယ် မေလုဝ၊ဒီနီးဒေါ်င်

01:32 PM လွမ်းအောင်ရယ်တတ်သူ ပြေဖင်၊ သက်မွန်မြင့်

03:44 PM မက်မပြေ ထက်ထက်မိုးဦး၊ နေထက်လင်း

05:42 PM သမီးနိုက် လွင်မိုး၊ ထက်ထက်မိုးဦး

08:02 PM ပန်းဆွှာရှိ ရန်အောင်၊ မင်းမော်ကွန်း၊ မေသန်းနု

5:50 PM Iron Man 3 — HBO HD




8:00 PM San Andreas — 5 Movies




**for CINEMA 2**

11:23 PM တင့်တောင့်တင့်တယ် တူတူတန်တန် နေမင်း၊ရန်အောင်၊ နေဒွေး၊မယ်လိုဒီ

01:56 PM ဟုတ်နေတာပဲ နေတိုး၊ကျော်ကျော်ဗိုလ်၊ မိုးမိုးဝေယျ၊သက်မွန်မြင့်

02:27 PM ချစ်တွန်းမချစ်တော့ပါ ဒီနီးဒေါ်င်၊ဆုပန်ထွာ

04:11 PM တို့တွေရှားရှိသည့်အတိုင်း ရန်အောင်၊နေယံ၊မေကဗျာ

03:20 PM Divergent — Fox Movies HD




8:36 PM The Pact — For Cinema



**for CINEMA 2**

02:04 PM မဟာကံထူးရှင် ပြေတီဦး၊ နန္ဒာလှိုင်

04:27 PM တစ်ခန်းရပ်အမုန်း သီဟာတင်စိုး၊ပန်းဖြူ

06:27 PM အတွေ့မှည်းမြိုင်များ နေမျိုးအောင်၊ ချွန်ဂီ

08:11 PM အရိုင်းစံပယ် ကျော်သူ၊ မို့မို့မြင့်အောင်

7:00 PM Cheerful Weather For The Wedding — 4




06:45 PM Saving Sanda — Fox Family Movies




**for CINEMA 2**

02:08 PM အိုးပုတ်ချိုးရှင် မင်းသေွး၊ နဝရတ်

04:15 PM လောဘာဘီလူး ချွန်ဂီ၊မိုးပြည့်ပြည့်မောင်

**5 သုခုမ**

09:19 PM တကယ်ချစ်လို့ ရှုခဲ့သည် (အောင်ရဲလင်း၊မိုးဟေကို)

10:25 PM Interstellar — HBO HD



12:15 PM The Calling — CINEMAX



**for CINEMA 2**

02:04 PM ဓာတ်ဆရာအလိုကျ မြင့်မြတ်၊မို့မို့မြင့်အောင် ထွန်းအိန္ဒြာဗို

05:42 PM နှစ်ဆယ့်တစ်ရာစုပုံတင်သံ ဟိန်းဝေယံ၊ချစ်စနီးဦး

**5 သုခုမ**

06:07 PM အကြွေတော်ပုံ အောင်ရမည် (ခန့်စည်သူ၊အိစ္စာ)

6:25 PM American Heist — Fox Action Movies



5:30 PM ဆန်းကြယ်သော အချစ် — 5 Series




**for CINEMA 2**

05:52 PM အပင်း ထွန်းထွန်း၊ထွန်းအိန္ဒြာဗို

08:01 PM နေကြတ်ချိန် နေတိုး၊ စိုးမြတ်နန္ဒာ

**5 သုခုမ**

10:22 PM ဂွတ်လိုက် ဂွတ်လိုက်ကြစို့ (နိုင်းနိုင်း၊ကောင်းပြည့်မိုးယုစံ)

5:00 PM Jack The Giant Slayer — 4



**For Cinema**

7:05 PM The Christmas Dragon



**5 သုခုမ**

9:18 PM လက်ဖွဲ့ခြင်း သည်းခံပါ



**for CINEMA 2**

12:04 PM ဝေသမွ ထွန်းထွန်း၊ပုလဲဝင်း

01:59 PM ကာရန်အလွဲ ဒွေး၊ ဇာဂနာ၊ စိုးမြတ်သူဇာ၊ နန္ဒာလှိုင်

**5 သုခုမ**

03:53 PM အောင်ဘီအခါဖိုးကာ (ခန့်စည်သူ၊မိုးဟေကို)

www.facebook.com/4tvmyanmar ဆက်သွယ်ရန် : 01- 2306166

4TV ၏ ဓာတ်ပတ်ကောကြည့်ရှုရာအစီအစဉ်ကောင်းများ (၁၉-၁၂-၂၀၁၅ မှ ၂၅-၁၂-၂၀၁၅ အထိ)




Star Chinese Movies HD သည် အကောင်းဆုံးသော တရုတ်ဇာတ်ကားများကို ၂၄ နာရီ ပြသပေးနေသော ရုပ်သံလိုင်းဖြစ်ပါသည်။ အာရှတွင် ပထမဦးဆုံး ပြသနေသော အကောင်းဆုံး တရုတ်ဇာတ်ကားများ၊ ဂီတနှင့် ရုပ်ရှင်ဆုပေးပွဲများနှင့် Documentary အစီအစဉ်များကို အင်္ဂလိပ်စာတန်းထိုး၊ တရုတ်စာတန်းထိုးဖြင့် ပြသလျက်ရှိပါသည်။




NAT GEO PEOPLE HD နှင့် STAR CHINESE MOVIES HD ရုပ်သံလိုင်းများသာ
4TV Receiver

## Bagan Fight

(6:30 PM, December 25 , FRI)




ပရိသတ်တွေ ကို ဒီတစ်ပတ်မိတ်ဆက်ပေးချင်တဲ့ အစီအစဉ်ကတော့ မြန်မာတို့ရဲ့ ရိုးရာအားကစား အစီအစဉ်ပဲဖြစ်ပါတယ်။ နိုဝင်ဘာလ ၂၆ ရက်နေ့က ပုဂံမှာ ကျင်းပခဲ့တဲ့ Bagan Fight မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲကြီးမှ မျိုးဆက်သစ် လက်ဝှေ့ကစားသမားတွေရဲ့ တွဲဆိုင်းတွေကို လာမဲ့ ဒီဇင်ဘာလ ၂၅ ရက်နေ့ ညနေ ၆း၃၀ တွင် for Sports ရုပ်သံလိုင်းတွင် ကြည့်ရှုနိုင်ပါတယ်။

BUNDESLIGA
LIVE on FOX SPORTS

## BUNDESLIGA 2015–2016 MATCHDAY (17)

LIVE ON FOX

Dec 19 /01:50 AM
Schalke vs Hoffenheim

Dec 19 /08:50 PM
Ingolstadt vs Leverkusen

Dec 19 /11:50 PM
Stuttgart vs Wolfsburg

LIVE ON FOX FOX 3HD

Dec 19 /08:50 PM
Köln vs Dortmund

FOREVER BEC-TERO

LIVE ON Channel 7 HD

## Miss World

## Miss World 2015

## မြန်မာနိုင်ငံကာခင်ရတနာသိန်းဖြင့်ဝင်ရောက်ယှဉ်ပြိုင်

7:00 PM, 19.DEC LIVE

၆၅ ကြိမ်မြောက် Miss World 2015 ပြိုင်ပွဲကြီးကို ဒီဇင်ဘာ ၁၉ ရက်နေ့မှာ တရုတ်နိုင်ငံ ဟိုင်နန်ကျွန်း Sanya မြို့မှာ ကျင်းပပြုလုပ်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံကိုယ်စားပြုအနေနဲ့ သွားရောက်ယှဉ်ပြိုင်တဲ့ ခင်ရတနာသိန်းမြင့်ရဲ့ မယ်ကမ္ဘာပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မှုများကို ဒီဇင်ဘာလ ၁၉ ရက်နေ့မှာ Channel 7 ရုပ်သံလိုင်းမှာ ည ၇ နာရီအချိန် တိုက်ရိုက်ထုတ်လွှင့် ပြသသွားမှာ ဖြစ်ပါတယ်။




အထူးကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်ခြင်း
ခရီးသည်ပို့ဆောင်ရေးမှ
ငြိမ့်ညောင်းသက်သာ လုံခြုံစိတ်ချမှုကို ဦးစားပေး ထုတ်လုပ်ထားသော
ဆွီဒင်နိုင်ငံထုတ် Scania Touring 1+1
အဆင့်မြင့် ဇိမ်ခံဘတ်စ်ကားသစ်ကြီးများဖြင့်
ခရီးသွားလာမှုအဆင့်ကို နိုင်ငံတကာအဆင့်မီ မြှင့်တင်နိုင်ခြင်းအတွက်
အထူးပင်လှိုက်လှဲစွာဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း...
SCANIA
Scania Alco Interlock
Adaptive Cruise Control (ACC)
Exclusive Luxury
SCANIA


မြန်မာ့လက်ဖက်ရည်ရသာစစ်
Royal
Myanmar Teamix
ညှော်ဝတ်ပျူငှာ တို့ မြန်မာ
ရွှေကျီးသာရင် ရွှေညည့် သည်တွေလာတယ်လို့
ယုံကြည်တတ်တာက မြန်မာလူမျိုးများရဲ့ ဓလေ့ပါ။
ညှော်သည်လာရင် ညှော်ဝတ်ကျေတတ်တာလည်း
မြန်မာ့ဓလေ့တစ်ခုပါပဲ။
ကျွန်မတို့ရဲ့ ညှော်ကောင်းဆောင်ကောင်းတွေကို
မြန်မာ့လက်ဖက်ရည် ရသာစစ်
Royal Myanmar Tea Mix နဲ့ ညှော်ခံလိုက်ပါ။
www.facebook.com/RoyalMyanmarTea


Since 1986
KMD Institute
UNIVERSITY of GREENWICH
SQA
ISO
နိုင်ငံတကာအသိအမှတ်ပြု နည်းပညာဆိုင်ရာ Diploma, Degree ရယူလိုသူများအတွက်
HND Foundation
2 Year HND Diploma
Final Year IT Degree
Higher National Diploma to Information Technology Degree
ENROLL NOW
14 January 2016
10AM-2PM
တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများတက်ရောက်နိုင်ပါသည်။
HND Diploma ရရှိပြီးပါက Software Engineer | Database Administrator တစ်ဦးအဖြစ်လုပ်နိုင်ပါသည်။
KMD တွင် Project Supervisor တစ်ဦးအနေဖြင့် အလုပ်လုပ်နိုင်ရန် စီစဉ်ပေးထားပါသည်။
အလုပ်လုပ်နေစဉ် နောက်ဆုံးနှစ် ကို ဆက်လက်တက်ရောက်နိုင်ရန် အတွက်အလုပ်ချိန်ကို စီစဉ်ပေးပါသည်။
HotLine 01-700895
KMD (Myaynigone): 331, Pyay Road, Myaynigone, Sanchaung Township, Yangon.
01- 381776, 381035, 502233, 527436, 220555
www.facebook.com/kmdncc


Forever Gems by
ရွှေနန်းတော်
ရွှေနန်းတော်စိန်ရွှေရတနာဆိုင် (၄) ဆိုင်၏
နှစ်သစ်အကြိုအထူးအစီအစဉ်
သိန်းပေါင်း (2000) ကျော်ချီးမြှင့်ပေးမည့် Lucky Draw Program
GRAND LUCKY DRAW PROGRAM
MAZDA3
Brand New ကား (၂) စီး
၅ကျပ်သား ရွှေဆွဲကြိုး (၄) ကုံး ၊ iphone (၂၀) လုံး
Samsung Note 5 (၁၅) လုံး ၊ ipad (၁၅) လုံး
Customers အတွက် Silver Card/Gold Card/Diamond Card အကျိုးခံစားခွင့်
WOW! 5-25% off
၃၁-၁၀-၂၀၁၅ မှ ၃၁-၁-၂၀၁၆ အထိ
အများဆုံးဝယ်ယူသူ (၁၀) ဦးအတွက်ထပ်ဆင့်အထူးလက်ဆောင်မွန်
ဆုမဲနှိုက်လှောင်ပွဲ ... ပေးနေပါပြီ
Myanmar Plaza ရှိ Forever Gems By ရွှေနန်းတော် အတွက်သာ
ရွှေ (၁၀)ကျပ်သား (၁) ဆု ၊ ရွှေ (၇)ကျပ်သား (၁) ဆု
ရွှေ (၅)ကျပ်သား (၁) ဆု ၊ ရွှေ (၃)ကျပ်သား (၂) ဆု
ရွှေ (၂)ကျပ်သား (၂) ဆု ၊ ရွှေ (၁)ကျပ်သား (၃) ဆု
Myanmar Plaza (HAGL, Near Sedona Hotel), Ph: 09-2653 99966, 09-2653 99977, 09-2653 99988

ကြော်ငြာ

အာရှနဂါး
Asia Dragon
Ph:01 707062, 09 799100100
01 703790, 09 797100100

ထက်အောင်လင်း 09-73040151
H.A.L TRAVELS
ချောင်းသာ (သီးသန့်)
09-49215713,09-258135556

GOLDEN STAR Travels & Tours
◆ တောင်ကြီး-အင်းလေး-ပင်းတယ-ကလော Dec-24,Jan-1
ကျိုက်ထီးရိုး၊ ချောင်းသာ၊ ငွေဆောင် (နေ့စဉ်)
Ph;01-703448, 209200, 09-5081580, 09-5036640

ရခိုင်ပြည်ဘုရားဖူးခရီး 25-12-15ထွက်
ကျောက်တော်မဟာမြတ်မုနိဘုရား၊ မြောက်ဦးရှိမာန်ငါးပါးနှင့်ဘုရားပုထိုးများ၊ ... Air-con ... (၄၁)ဦးသာ။ ... (၅) ညအိပ် (၆) ရက်ခရီး
180000/- Ph:09 448003431 0949660481 09 798860461

## ဖိတ်ကြားအပ်ပါသည်

၁၉၉၆အင်းစိန် G.T.I မြို့ပြအင်ဂျင်နီယာ ကျောင်းသား/ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကျောင်းသား/ကျောင်းသူဟောင်းများ တက်ရောက်ပူဇော်နိုင်ရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် ။ ။ ၂၇-၁၂-၂၀၁၅ရက် (တနင်္ဂနွေနေ့)
အချိန် ။ ။ ညနေ ၅ နာရီ
နေရာ ။ ။ (၉)မိုင် ဂေါက်ကွင်းခန်းမ

ဆက်သွယ်ရန် ဖုန်းနံပါတ်- သန်းရွှေ (၀၉-၅၄၁၂၄၄၇)၊ အပါလွင် (၀၉-၂၅၀၅၆၆၇၅)၊ သိန်းဝင်းဌေး(၀၉-၅၁၉၄၆၄၉)၊ ညဏ်လင်းထွန်း (၀၉-၅၁၈၆၀၁၈)၊ မျိုးညွန့်စိုး(၀၉-၅၁၅၆၀၃၆)၊ ခိုင်ခိုင်အေး(၀၉-၅၀၅၇၅၇၂)၊ သန္တာလှိုင်(၀၉-၅၀၉၅၄၀၆)၊ အေးမြငြိမ်း(၀၉-၇၉၁၃၀၄၅၉၄)

## တအောင်းနှစ်သစ်ကူးဖိတ်ကြားလွှာ

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၂၀ရက်တွင် ကျရောက်မည့် တအောင်းလူမျိုးများ၏ (၂၇၀၇) နှစ်ပြည့် တအောင်းနှစ်သစ်ဦးပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲများကို ကျင်းပသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျက်သရေမင်္ဂလာအဖြာဖြာနှင့်ပြည့်စုံသော တအောင်းနှစ်သစ်ကူးနေ့တွင် ရန်ကုန်ရောက် တအောင်းမိသားစုများအားလုံး နှစ်သစ်ကူးပွဲတော်သို့ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၀-၁၂-၂၀၁၅ရက်(တနင်္ဂနွေနေ့)
အချိန် - မွန်းလွဲ ၂း၀၀ နာရီမှ ညနေ ၆း၀၀ နာရီထိ
နေရာ - ပြည်လုံးချမ်းသာနမ့်ဆန်ကျောင်း၊ ဝဲပုံတိုက်၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်။

တအောင်းစာပေနှင့်ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)
တအောင်းလူငယ်မောင်မယ်များအဖွဲ့

**စာပေသင်တန်းတက်ရောက်နေသည့်သင်တန်းသားများကို ဆုချပေးမည့်အစီအစဉ်ရှိပါကြောင်း။**

EL DORADO TRAVEL
Ph:09 972447645, 09 799652510,09 259256647
https://www.facebook.com/eldoradotravelandtours

| | | | |
|---|---|---|---|
| ချင်းပြည်နယ်-နတ်မတောင် | (4N/5D) | Dec 29 | 240000/- |
| ပုဂံ-ညောင်ဦး-ပုပ္ပါး-မန္တလေး | (4N/5D) Scania | Dec 24 | 190000/- |
| တောင်ကြီး-အင်းလေး-ကလော-ပင်းတယ(4N/5D) | | Jan 1 | 165000/- |
| မွန်လေး(ကျောက်စိမ်း)-မြင်းဦးလှိုင်-ချေပြာအိုင်(3N/4D) | | Dec 24 | 120000/- |
| | (3N/4D) | Jan 1 | 130000/- |
| | | Dec 19,24,25, Jan 2,3 | 35000/- |
| | | Dec 25, Jan 2,3 | 35000/- |

## ပြင်ဆင်ဖြည့်စွက်ခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ၁၁-၁၂-၂၀၁၅ရက်စွဲဖြင့် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာများတွင်ထည့်သွင်းကြေညာခဲ့သော လစ်လပ်လျက်ရှိသည့် ဒု-ကြီးကြပ်ရေးမှူး(အစားအသောက်)(၃၀)နေရာ၊ ဆေးဘက်ကျွမ်းကျင်-၂(ဆေးဝါး) (၂၈)နေရာ၊ ဓာတ်ခွဲကျွမ်းကျင်-၂(၁၉)နေရာ၊ ဓာတ်ခွဲကျွမ်းကျင်-၃(၂၂)နေရာနှင့် ဓာတ်ခွဲကျွမ်းကျင်-၄(၂၁)နေရာတို့တွင် ဖြည့်စွက်ခန့်ထားရန် လျှောက်လွှာခေါ်ယူခဲ့သည့် ကြော်ငြာစာတွင် အမှတ်စဉ်(၈)ကို အောက်ပါအတိုင်း ဖြည့်စွက်လိုက်သည်။

အမှတ်စဉ် ၁(ဃ)ပါ ဓာတ်ခွဲကျွမ်းကျင်-၃(လစာနှုန်း-၁၆၅၀၀၀ိ-၂၀၀၀-၁၇၅၀၀၀ိ)နှင့် အမှတ်စဉ် ၁(င)ပါ ဓာတ်ခွဲကျွမ်းကျင်-၄(လစာနှုန်း ၁၅၀၀၀၀ိ-၂၀၀၀-၁၆၀၀၀၀ိ)ရာထူးနေရာများသို့ လျှောက်ထားသူများအား ၎င်းရာထူးနေရာများကို ကျော်ထောက်နောက်ခံပြု၍(လစာနှုန်း-၁၃၅၀၀၀ိ-၂၀၀၀-၁၄၅၀၀၀ိ)ရာထူးနေရာတွင် အလုပ်သင်အဖြစ် စတင်ခန့်ထားမည်ဖြစ်ပါသည်။

**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**

We must work together! We must build our Nation!
MYANMAR'S LAND
SUCCESS MOTIVATION AND MANAGEMENT INSTITUTE
www.facebook.com/mlinstitute
လူငယ်မန်နေဂျာသင်တန်း
YOUNG MANAGER TRAINING

စီးပွားရေးစီမံခန့်ခွဲမှုပညာကို စိတ်ဝင်စားသူ လူငယ်တိုင်းအတွက် . . .
● အခြေခံစီးပွားရေးစီမံခန့်ခွဲမှုပညာ (Basic Business Management)
● Marketing, HR, Operation အခြေခံ အသိသုတများ၊
● Business Plan, Business Model ရေးဆွဲနည်း၊
● ခေါင်းဆောင်မှုပညာ (Leadership Skill)
● အပြုသဘောရှုမြင်မှု၊ စကားပြောဆိုမှုပညာ
● Problem Solving Skill, How to get idea ?
၂၆-၁၂-၂၀၁၅ ဖွင့်မည်။ သင်တန်းကာလ (၂-လ) Sat-Sun 5:30 pm to 7:30
Guest Speaker
Campus 1 - 209(B), Shwegonedine Road, Kominkochin Quartar, Bahan Township, Yangon. Campus 2 - Taw Win Centre (3rd Floor)
Contact : 548500,09259290273,09259290274,0932350785,095010014 website : www.lynnthaiknyunt.com

## ဒလသဘော်ကျင်း A/E များ

ဒလသဘော်ကျင်းမှ ပညာသင်အင်ဂျင်နီယာအားလုံး နှစ်ပတ်လည် မိတ်ဆုံစားပွဲ ကျင်းပမည်ဖြစ်ပါ၍ တက်ရောက်သူတိုင်း မိမိ၏ဓာတ်ပုံတစ်ပုံစီ ယူဆောင်လာပါရန်။

၁။ ဦးမျိုးထွန်း ၀၉-၇၃၀၈၅၀၀၂
၂။ ဦးကျော်မြင့်(တိတ်ကီ) ၀၉-၅၀၁၄၇၄၈
၃။ ဦးမင်းရှိ ၀၉-၂၅၀၂၆၉၀၃၁

ကျင်းပမည့်ရက် - ၂၄-၁၂-၂၀၁၅ရက်(ကြာသပတေးနေ့)
နေရာ - ပန်ဒါစားတော်ဆက်
- အမှတ်(၂၀၅)၊ ဝါးတန်းလမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်
အချိန် - ညနေ ၆ နာရီ

BANGKOK AIRWAYS
PILOT ROAD SHOW
Bangkok Airways

Session for
✓ Pilot



Landing on December 23,2015
Register 8.00 – 9.30 a.m.
❖ 9.30- 11.00 a.m. Bangkok Airways present
❖ 11.00 a.m. Start interview
Grand Ballroom3, Chartrium Hotel Royal Lake Yangon, Yangon

For more information please contact PG recruitment at +66 02-2655889
E-mail: pattakarn.jin@bangkokair.com, pankwan@bangkokair.com

# မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ
ဦးစိုးဝင်း (အင်ဂျင်နီယာချုပ်) (ငြိမ်း) (ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်ပပဝင်းတင် (အလယ်တန်းပြ-ငြိမ်း)တို့၏တူသား
ဦးရဲထွန်းနိုင်-ဒေါ်စန္ဒာဝင်းတင်တို့၏ တစ်ဦးတည်းသောသား

**မောင်ဇင်မင်းဦး**

**Junior Engineer (Myanmar Mercantile Marine College)**
**MTM Ship Management Co.,Ltd.**

နှင့်

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ
(ဦးနွေဦးလွင်)-ဒေါ်ခင်မမချိုတို့၏ တစ်ဦးတည်းသောသမီး
မောင်တင့်လွင်ဦး(ခ)နန္ဒ (Playlist Supervisor & Audio Engineer)
(Cherry FM Radio Station) ၏အစ်မ

**မဆွေသန္တာဦး**

**B.Sc (Zoology)**
**Eternal Co.,Ltd.**

တို့၏ ၆-၁၂-၂၀၁၅ ရက်တွင် Summit Parkview Hotel (Ballroom)၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဦးစိုးမရ (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ သတ္တုတွင်းဝန်ကြီးဌာန)နှင့် ဇနီး ဒေါ်ရင်အောင်၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ဦးသန့်ဇင် (Chief Operation Officer- Eternal Co.,Ltd.) နှင့် ဇနီးဒေါ်ဖြူဖြူခင်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးဝင်းတင်၊ မင်္ဂလာပန်းကြဲပေးပါသော မစိမ်းလဲ့နန္ဒာ၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မအိမ့်ခြူးခင်၊ မင်္ဂလာသတို့သားအရံ မောင်နေထွန်းသူရနှင့် မင်္ဂလာသတို့သမီးအရံ မထက်ထက်ဇော်ဝင်းတို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံနှင့် လက်ဝတ်ရတနာများဆင်မြန်းပေးပါသော Wedding Palace One Stop Wedding Services Co.,Ltd နှင့် သီတဂူ(မင်္ဂလာဝတ်စုံ)ဆိုင်တို့အားလည်းကောင်း၊ မိတ်ကပ် ကိုဘိတ်နှင့်အဖွဲ့၊ ပန်းအလှဆင်ပေးပါသော သားကိုဆွေ (Wedding Palace)၊ မင်္ဂလာအခါတော်ပေး သီဆိုပေးပါသော ထပ်ဆင့်အကယ်ဒမီဒေါ်ချိုပြုံး၊ မင်္ဂလာတေးသံသာများဖြင့် သီဆိုဖျော်ဖြေပေးပါသော The Aces တေးဂီတအဖွဲ့နှင့် တေးသံရှင်များအားလည်းကောင်း၊ Pre Wedding ဓာတ်ပုံ၊ မင်္ဂလာမှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော ကိုမိုးကိုဦးနှင့်အဖွဲ့ (Wedding Palace One Stop Wedding Services Co.,Ltd) မင်္ဂလာဖိတ်စာနှင့် မင်္ဂလာလက်ကမ်းပြုလုပ်ပေးပါသော Lovey Dovey အားလည်းကောင်း၊ Summit Parkview Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော Eternal Co.,Ltd မှ လုပ်ဖော်ကိုင်ဖက်များ၊ ချစ်သူငယ်ချင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ဇင်မင်းဦး-မဆွေသန္တာဦး**

# လက်ထပ်ပြီးစီးခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နေ
(ဦးထွန်းပေါ-ဒေါ်စိန်ရှု)၊ (ဦးမော်-ဒေါ်လှစိန်)တို့၏မြေး၊
ဦးမြသိန်း(ဥက္ကဋ္ဌ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး)-ဒေါ်ခင်မာကြည်တို့၏တူ၊
ဦးပေါက်ကျိုင်းဆန်း(A.E လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)-
ဒေါ်မြတ်စပယ်သူ (ကထိက၊ နည်းပညာတက္ကသိုလ်-ဘားအံ)တို့၏ညီ၊
ဒေါက်တာပြည့်ဝဆန်း(လ/ထ ဆရာဝန်၊ ကျောက်ဆည်ဆေးရုံကြီး)၏အစ်ကို၊
မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ (ယ-၃) ရပ်နေ
ဦးမြင့်ဆန်း(ဒု-ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး)-ဒေါ်ခင်စန်းတင့်တို့၏
ဒုတိယသား

**ဒေါက်တာချမ်းမြဆန်း (M.B.,B.S, Mdy)**
**(လက်ထောက်ဆရာဝန်၊ ဗန်းမော်ပြည်သူ့ဆေးရုံကြီး)**

နှင့်

ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ မင်းကျောင်းကုန်းရပ်နေ
ဦးလှမြင့်-ဒေါ်သန်းသန်းဌေးတို့၏တစ်ဦးတည်းသောသမီး

**ဒေါက်တာဟေမာမြင့် (M.B.,B.S, Mdy)**
**(လက်ထောက်ဆရာဝန်၊ ဗန်းမော်ပြည်သူ့ဆေးရုံကြီး)**

တို့သည် ၁၈-၁၂-၂၀၁၅ ရက်တွင် ဗန်းမော်မြို့ Friendship Hotel မင်္ဂလာခန်းမ၌ နှစ်ဖက်သော မိဘများနှင့် ဆွေမျိုးမိတ်သင်္ဂဟတို့ရှေ့မှောက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဒေါက်တာချမ်းမြဆန်း-ဒေါက်တာဟေမာမြင့်**

## အမြန်ရောင်းမည်

ကျော်သူ(၂၁)လမ်း၊ တောင်ဥက္ကလာ (၉)ရပ်ကွက်၊ ဝေဇယန္တာလမ်းမကြီးအနီး၊ ပေ(၂၀×၆၀)မြေကွက်၊ ရေ/မီးပါ၊ မီတာ (၂)လုံး၊ ဆောက်လုပ်ခွင့်ကျပြီး၊ ဂရန်မြေ။
ဖုန်း ၀၉-၄၄၈၀၄၆၀၄၈၊ ၀၉-၂၅၃၀၉၄၆၅၄

## အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့်စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V OCEAN BLUE V.324 သင်္ဘောသည် ၂၀-၁၂-၂၀၁၅ရက်ခန့်တွင် ရန်ကုန် ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

၂၀၁၆ - ခုနှစ် အဋ္ဌမတန်းစာမေးပွဲကြီးဖြေရတော့မယ်
အောင်ပွဲဝင်ရန် လေ့လာထားရမည့်
မေးခွန်းပုံစံ နှင့် အမေးပုံစံများ သိထားဖို့
၂၀၁၅ - ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး (၁၇) ခုတွင် မေးခဲ့သည့်
လက်ဆောင်သစ်
Reg. 3616/2010
ထွက်နေပြီ
မေးခွန်း (၁၇)စုံ ဘာသာစုံ မေးခွန်းပေါင်းချုပ်
အမေးကိုအမှတ်ပေးစည်းမျဉ်းနှင့်အညီဖြေတတ်ဖို့
ကျောင်းသားအများဆောင်
ရွှေလက်ဆောင်
Reg. 3123/2003
မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ သမိုင်း၊ အထွေထွေသိပ္ပံ
မေးခွန်း (၁၇)စုံနှင့် စံပြအဖြေများ
တစ်ဘာသာ တစ်အုပ်ချင်း

ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-730 97123
09-450026077

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၂န-၂၃၂၈၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊**
**သန်လျင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၂စက်မှု၊ မြေကွက်အမှတ်-၁၀၈/က မြေကွက်တည်နေရာ-၁၀၈/က၊ စက်မှု(၇)လမ်း၊ ရွှေပြည်သာ ဦးရွှေ(ခ)အင်ကီတပ်[၁၂/လသန(နိုင်)၀၁၅၃၉၁]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးရွှေ(ခ) အင်ကီတပ်[၁၂/လသန(နိုင်)၀၁၅၃၉၁]နှင့် အမည်ပေါက်၏ ဇနီးကွယ်လွန်သဖြင့် သား၊ သမီးများဖြစ်ကြသော ဦးအောင်ကျော်ဦး[၁၂/လသန(နိုင်)၀၁၅၃၄၅]၊ ဒေါ်တင်တင်မွေး[၁၂/လသန(နိုင်)၀၁၅၃၄၄]၊ ဒေါ်ယဉ်ယဉ်မွေး[၁၂/လသန(နိုင်)၀၀၅၃၃၅]၊ ဦးကျော်လင်း[၁၂/လသန(နိုင်)၀၀၅၂၃၇]၊ ဦးအောင်ကျော်ဝင်း[၁၂/လသန(နိုင်)၀၀၅၃၃၄]တို့မှ မိဘနှစ်ပါး၏ သေစာရင်း မိတ္တူ၊ သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာတို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထား လာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ယာယီမြေရှင်အဖြစ်ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သောတိုက်ရှိ ကန်ထရိုက်တာအကျိုးအမြတ်ရရှိသော တိုက်ခန်းအား ကန်ထရိုက်တာထံမှ ဝယ်ယူပြီး အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲ၍ စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဦးကျော်ကျော်ဦး(LC-392) (Sky may Construction Co.,Ltd.) | မြန်မာနိုင်ငံသားများဘဏ်လီမိတက် ပုဇွန်တောင်ဘဏ်ခွဲ (ကစ)ဦးအောင်ကျော်လှိုင် [၁၂/မဘန(နိုင်)၁၁၄၁၀၇] အထွေထွေမန်နေဂျာ | တိုက်အမှတ်(၃၁/၃၇)၊ အခန်းအမှတ်(ဒုတိယထပ်-ပ/ဝဲ၊ ဒု/ဝဲ၊ တ/ဝဲနှင့် တတိယထပ်-ဒု/ဝဲ၊ တ/ဝဲ) အနော်ရထာလမ်း၊ ပုဇွန်တောင်မြို့နယ် |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/အနော်မာ၊ မြေကွက်အမှတ်(၅၃၀/က)၊ မြေကွက်တည်နေရာအမှတ်(၅၃၀/က)၊ အနော်မာ (၁၂)လမ်း၊ (၁၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးအော်ဆီရာမက် (AK-၀၈၁၂၈၄) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအော်ဆီရာမက်(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်ဟာဘာမေး[၁၂/သကတ(နိုင်)၁၃၉၁၀၀]ထံမှ အထွေထွေကိုယ်စားလှယ်စာအမှတ်-၃၂၂၁/၂၀၁၄ ရသူ ဦးဟန်ရွှေ[၁၂/သကတ(နိုင်)၁၃၅၀၄၅]မှ သေစာရင်း၊ ကျမ်းကျိန်လွှာနှင့် ဒေါ်ဟာဘာမေးတွင် သားသမီး(၄)ဦးရှိသည့်အနက် သမီးတစ်ဦးဖြစ်သူ ဒေါ်ရီရီသန့် အပျိုကြီးဘဝဖြင့် ကွယ်လွန်ကြောင်း သေစာရင်းနှင့် ကျန်သားသမီးများဖြစ်သော ၁။ ဦးမောင်မောင်[၁၂/သကတ(နိုင်)၁၃၉၁၀၁]၊ ၂။ ဦးလှရွှေ(TKA-092110)၊ ၃။ ဒေါ်လှလှခင် [၁၂/သကတ(နိုင်)၀၂၄၆၅၂]တို့မှ မိခင် ဒေါ်ဟာဘာမေး ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားခြင်းအား ကန့်ကွက်ရန်မရှိ သဘောတူညီကြောင်း ဝန်ခံကတိနှင့် ကတိသစ္စာပြုလွှာတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၈)၊ မြေကွက်အမှတ် (၉၉၃)၊ မြေကွက်တည်နေရာအမှတ်(၉၉၃)၊ မြတ်လေးလမ်း(၁၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် (ဦးလှဒင်)အမည်ပေါက် ပါမစ်မြေအား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဦးစိုးမြင့်[၁၂/လမန(နိုင်)၁၂၆၉၉၂]မှ တင်ပြပါမစ်မူရင်း၊ မိသားစုတွင် ဓာတ်ပုံနှင့် ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်တင်ပြ၍ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခြင်းခံရသူများ၏ မှီခိုနေထိုင်သူများ စာရင်းတင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်မစုံဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ပန်းချီဆရာကြီးဦးစန်းလှိုင်(ဖျာပုံ)**
**လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)**
**မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)နာယကကြီး**
**ရေဆေးအကြည်လှုပ်ရှားမှုအသင်း(မြန်မာ)နာယကကြီး**
**အသက်(၉၃)နှစ်**

ပန်းချီဆရာကြီးဦးစန်းလှိုင်(ဖျာပုံ)သည် ၁၅-၁၂-၂၀၁၅ (အင်္ဂါနေ့)ည ၇ နာရီတွင် ဗဟိုစည်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရပါ၍ မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲကြရပါသည်။

**ပန်းချီဆရာကြီးဦးသက်ညွန့် မိသားစု**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ပန်းချီဆရာကြီးဦးစန်းလှိုင်(ဖျာပုံ)**
**လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)**
**မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)နာယကကြီး**
**ရေဆေးအကြည်လှုပ်ရှားမှုအသင်း(မြန်မာ)နာယကကြီး**
**အသက်(၉၃)နှစ်**

ပန်းချီဆရာကြီးဦးစန်းလှိုင်(ဖျာပုံ)သည် ၁၅-၁၂-၂၀၁၅ (အင်္ဂါနေ့)ည ၇ နာရီတွင် ဗဟိုစည်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲကြရပါသည်။

**ပန်းချီဆရာကြီး စတားဦးမြသန်း မိသားစု**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ပန်းချီဆရာကြီးဦးစန်းလှိုင်(ဖျာပုံ)**
**လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)**
**မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)နာယကကြီး**
**ရေဆေးအကြည်လှုပ်ရှားမှုအသင်း(မြန်မာ)နာယကကြီး**
**အသက်(၉၃)နှစ်**

ရိုသေလေးစားရပါသော ပန်းချီဆရာကြီးဦးစန်းလှိုင်(ဖျာပုံ)သည် ၁၅-၁၂-၂၀၁၅ (အင်္ဂါနေ့)ည ၇ နာရီတွင် ဗဟိုစည်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲကြရပါသည်။

**ပန်းချီဦးလှတင်ထွန်း မိသားစု**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ပန်းချီဆရာကြီးဦးစန်းလှိုင်(ဖျာပုံ)**
**လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)**
**မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)နာယကကြီး**
**ရေဆေးအကြည်လှုပ်ရှားမှုအသင်း(မြန်မာ)နာယကကြီး**
**အသက်(၉၃)နှစ်**

ရိုသေလေးစားရပါသော ဂန္ထဝင် ပန်းချီဆရာကြီးဦးစန်းလှိုင်(ဖျာပုံ)သည် ၁၅-၁၂-၂၀၁၅ (အင်္ဂါနေ့)ည ၇ နာရီတွင် ဗဟိုစည်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲကြရပါသည်။

**ပန်းချီဦးစောလှိုင် မိသားစု**
**(ရောဝတီ ပန်းချီပြခန်း)**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ပန်းချီဆရာကြီးဦးစန်းလှိုင်(ဖျာပုံ)**
**လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)**
**မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)နာယကကြီး**
**ရေဆေးအကြည်လှုပ်ရှားမှုအသင်း(မြန်မာ)နာယကကြီး**
**အသက်(၉၃)နှစ်**

ရိုသေလေးစားရပါသော ဂန္ထဝင်ပန်းချီဆရာကြီး ဦးစန်းလှိုင်(ဖျာပုံ)သည် ၁၅-၁၂-၂၀၁၅ (အင်္ဂါနေ့)ည ၇ နာရီတွင် ဗဟိုစည်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲကြရပါသည်။

**ပန်းချီ ဦးကျော်ညွန့် မိသားစု**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ပန်းချီဆရာကြီးဦးစန်းလှိုင်(ဖျာပုံ)**
**လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)**
**မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)နာယကကြီး**
**ရေဆေးအကြည်လှုပ်ရှားမှုအသင်း(မြန်မာ)နာယကကြီး**
**အသက်(၉၃)နှစ်**

ရိုသေလေးစားရပါသော ပန်းချီဆရာကြီးဦးစန်းလှိုင်(ဖျာပုံ)သည် ၁၅-၁၂-၂၀၁၅ (အင်္ဂါနေ့)ည ၇ နာရီတွင် ဗဟိုစည်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲကြရပါသည်။

**ပန်းချီမောင်မောင်သိမ်း (ပုသိမ်) မိသားစု**

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်တင်စီ**
**အသက်(၇၇)နှစ်**

TTC(1979)မှသူငယ်ချင်း(လှမြင့်)၏ မိခင်ကြီး ဒေါ်တင်စီ(၇၇)နှစ်သည် ၁၅-၁၂-၂၀၁၅(အင်္ဂါနေ့)တွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းမိပါသည်။

**TTC (1979)မှသူငယ်ချင်းများ**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄ အီး၊ မြေကွက်အမှတ်(၁၁၃)၊ မြေကွက်တည်နေရာအမှတ်(၇၇)၊ (၁၆၄)လမ်း၊ တာမွေကြီး (၁)ရပ်ကွက် မောင်ထွန်းနီ၊ ဒေါ်တင်တင်နီ၊ မောင်မျိုးနီ(အရွယ်မရောက်သေးသူများအတွက်) အုပ်ထိန်းသူ ဒေါ်သော်တင် အမည်ပေါက် နှစ်(၉၀)ဂရန်မြေအား အမည်ပေါက်များ မောင်ထွန်းနီ၊ ဒေါ်တင်တင်နီ၊ မောင်မျိုးနီ တို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ်-၈၄၆၉/၂၀၁၄(၂-၁၂-၂၀၁၄)အရ ပိုင်ဆိုင်သူ ဦးကျော်တင့်(ခ) ဦးတင့်လှိုင်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်တင်တင်အေး[၁၂/ရကန(နိုင်)၀၂၆၀၃၉] မှ ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြပြီး ၎င်းထံမှ G.P၂၈၅၅/၁၃(၂၈-၁၀-၂၀၁၃)ရရှိသူ ဒေါ်ခင်ထွေး(ခ)ဒေါ်ရွှေထွေး [၁၂/တမန(နိုင်)၀၇၆၉၄၁]မှတင်ပြ၍ ပိုင်ဆိုင်+အရောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပန်းချီဆရာကြီး ဦးစန်းလှိုင်(ဖျာပုံ)

**လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)**
**မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)နာယကကြီး**
**ရေဆေးအကြည်လှုပ်ရှားမှုအသင်း(မြန်မာ)နာယကကြီး**
**အသက်(၉၃)နှစ်**

ဖျာပုံမြို့နေ (ဦးခန့်-ဒေါ်တင့်)တို့၏သား၊ (ဒေါ်တင်အောင်)၏ခင်ပွန်း၊စာရေးဆရာ ကဗျာဆရာ မြေချစ်သူ (ဦးမြင့်သန်း)-ဒေါ်အေးအေးသောင်း၊ ဒေါ်တင်တင်ဝင်း၊ ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်အေး၊ (ဦးနေအောင်)၊ (ဦးအေးအောင်)၊ (ဦးမောင်မောင်ဝင်း)၊ (ဦးမောင်မောင်နိုင်)၊ ဦးကိုကိုလွင်-ဒေါ်သက်သက်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ ဦးမျိုးသော်၊ ဦးကျော်ဇေယျ၊ ဒေါ်ဆုအေးမွန်၊ ဒေါ်သရဖီကို၊ ဒေါ်သီရိကို၊ ဦးရဲနန္ဒ၊ ဒေါ်သဥ္ဇာကိုတို့၏ချစ်လှစွာသောအဘိုး ပန်းချီဆရာကြီး ဦးစန်းလှိုင်သည် ၁၅-၁၂-၂၀၁၅(အင်္ဂါနေ့) ည ၇ နာရီတွင် ဗဟိုရ်စည်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၅(စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [အမှတ်(၅၅)၊ ဗိုလ်ကလေးဈေးလမ်း(အောက်လမ်း)၊ ဗိုလ်တထောင်မြို့နယ် နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၂-၂၀၁၅ (တနင်္လာနေ့)တွင် အထက်ပါ နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်နိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

**(၆)လပြည့်လွမ်းဆွတ်သတိရခြင်း**
**ရုပ်ရှင်နှင့်ဗီဒီယိုဒါရိုက်တာ MG ဒေါနု(ခ)ဦးရဲတင့်**
**(၁၉-၆-၂၀၁၅)မှ (၁၉-၁၂-၂၀၁၅)**
**ခရီးရှည်ဝေးတစ်နေရာသို့ လွမ်းဆွတ်သတိရခြင်းနှင့် မေတ္တာပို့သခြင်း**

သက်ရှိသက်မဲ့အရာအားလုံး မတည်မြဲတဲ့တရားသဘောတွေနဲ့ နေဝင်မိုးချုပ် သုတ်သုတ်နှင်ကာ လက်တွဲဖြုတ်ကာ နုတ်မဆက်နိုင်ဘဲ မပြန်လမ်းကို ထွက်ခွာသွားတဲ့ ချစ်ရတဲ့ ကိုဒေါရေ . . နေ့စဉ် အသက်ရှူတိုင်း သတိရလွမ်းဆွတ်လျက်ပါ။ အသက်ရှူရပ်သည်အထိ ရင်နှင့်အမျှ တမ်းတသတိရလျက် ရှင်သန်နေထိုင်သွားမှာပါ။ ဘယ်ဘုံ ဘယ်ဘဝကို ရောက်ရှိနေသည်ဖြစ်စေ နေ့စဉ် ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးဆက်ကပ် လှူဒါန်းပြီးတိုင်း အမျှပေးဝေလျက်ပါ။ လစဉ်၊ နှစ်စဉ် (၁၉)ရက်နေ့ရောက်တိုင်း ကောင်းမှုကုသိုလ်တစ်ခုခု ပြုလုပ်ပြီး ကိုဒေါ နရဲ့သံသရာခရီးလမ်း ဖြောင့်ဖြူးစေဖို့ **ကိုဒေါနရေ အမျှ . . . အမျှ . . . အမျှ . . .**

**ကျန်ရစ်သူ ချစ်ဇနီး-ဒေါ်စန်းစန်းဝင်း၊ ချစ်သမီး-ရွှေအိမ်စည်၊ တူမ-ချစ်ပိုးရှုပါ**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ပန်းချီဆရာကြီးဦးစန်းလှိုင်(ဖျာပုံ)**
**လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)**
**မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)နာယကကြီး**
**ရေဆေးအကြည်လှုပ်ရှားမှုအသင်း(မြန်မာ)နာယကကြီး**
**အသက်(၉၃)နှစ်**

အထူးရိုသေလေးစားရပါသော ပန်းချီဆရာကြီးဦးစန်းလှိုင်(ဖျာပုံ)သည် ၁၅-၁၂-၂၀၁၅ (အင်္ဂါနေ့)ည ၇ နာရီတွင် ဗဟိုစည်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲကြရပါသည်။

**ပန်းချီဦးတင်လှဝင်းထင် မိသားစု**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ပန်းချီဆရာကြီးဦးစန်းလှိုင်(ဖျာပုံ)**
**လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)**
**မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)နာယကကြီး**
**ရေဆေးအကြည်လှုပ်ရှားမှုအသင်း(မြန်မာ)နာယကကြီး**
**အသက်(၉၃)နှစ်**

အထူးရိုသေလေးစားရပါသော အဘပန်းချီဆရာကြီးဦးစန်းလှိုင်(ဖျာပုံ)သည် ၁၅-၁၂-၂၀၁၅ (အင်္ဂါနေ့)ည ၇ နာရီတွင် ဗဟိုစည်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲကြရပါသည်။

**ပန်းချီ ဦးငွေအောင်-ဒေါ်သန်းသန်းဦး မိသားစု**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ပန်းချီဆရာကြီးဦးစန်းလှိုင် (ဖျာပုံ)**
**လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)**
**မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး (ဗဟို) နာယကကြီး**
**ရေဆေးအကြည်လှုပ်ရှားမှုအသင်း (မြန်မာ) နာယကကြီး**
**အသက် (၉၃) နှစ်**

ချစ်ခင်ရိုသေလေးစားရပါသော ဂန္ထဝင်ပန်းချီဆရာကြီးဦးစန်းလှိုင် (ဖျာပုံ) သည် ၁၅-၁၂-၂၀၁၅ (အင်္ဂါနေ့) ည ၇ နာရီတွင် ဗဟိုစည်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲကြရပါသည်။

**ဒါရိုက်တာပန်းချီစိုးမိုး-ဒေါ်တင်တင်ညိုမိသားစု**

**ဝမ်းနည်းကြေကွဲခြင်း**
**ဦးကျော်ရွှေ (ခ) ဂျိုး (ရေဦး) B.Ag (၁၉၇၃)**
**ဒုပြည်နယ်မန်နေဂျာ (ငြိမ်း)၊ စိုက်ပျိုးရေး (ရှမ်း/မြောက်)**
**အသက် (၆၇) နှစ်**

စိုက်ပျိုးရေးတက္ကသိုလ် (မန္တလေး)၌ ၅ နှစ်တာအတူတကွပညာသင်ကြားခဲ့သော ချစ်သူငယ်ချင်း "ဂျိုး" (ခ) ဦးကျော်ရွှေသည် ၁၅-၁၂-၂၀၁၅ ရက်တွင် စစ်တွေခရိုင်၊ ကျောက်တော်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**B.Ag (၁၉၇၃) သူငယ်ချင်းများ**

## သိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း၊ အမှတ်(၁၆)၊ မြေညီထပ်၏ အိမ်ခန်းပိုင်ရှင် ဦးတင်မြင့်(ဘ)ဦးစိန်ဝင်း[၁၂/ပဘတ(နိုင်)၀၂၃၈၀၄]မှ မြေပိုင်ရှင် ဦးမူဆာ[၁၂/လသန(နိုင်)၀၁၃၅၄၆]အား ယခင်အတိုင်း အိမ်လခပေးသွင်းရန် အဆင်သင့်ရှိနေသော်လည်း မြေပိုင်ရှင်က လာရောက်ကောက်ခံခြင်းမရှိပါသဖြင့် လာရောက်ကောက်ခံပါရန် အသိပေးကြေညာအပ်ပါသည်။

**ဦးတင်မြင့်[၁၂/ပဘတ(နိုင်)၀၂၃၈၀၄]**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ပန်းချီဆရာကြီးဦးစန်းလှိုင်(ဖျာပုံ)**
**လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)**
**မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)နာယကကြီး**
**ရေဆေးအကြည်လှုပ်ရှားမှုအသင်း(မြန်မာ)နာယကကြီး**
**အသက်(၉၃)နှစ်**

ပန်းချီဆရာကြီးဦးစန်းလှိုင်(ဖျာပုံ)သည် ၁၅-၁၂-၂၀၁၅ (အင်္ဂါနေ့)ည ၇ နာရီတွင် ဗဟိုစည်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲကြရပါသည်။

**ပန်းချီဆရာကြီး ဦးမြဟန် မိသားစု**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ပန်းချီဆရာကြီးဦးစန်းလှိုင်(ဖျာပုံ)**
**လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)**
**မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)နာယကကြီး**
**ရေဆေးအကြည်လှုပ်ရှားမှုအသင်း(မြန်မာ)နာယကကြီး**
**အသက်(၉၃)နှစ်**

လေးစားရပါသော ပန်းချီဆရာကြီးဦးစန်းလှိုင်(ဖျာပုံ)သည် ၁၅-၁၂-၂၀၁၅ (အင်္ဂါနေ့)ည ၇ နာရီတွင် ဗဟိုစည်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲကြရပါကြောင်း။

**ပန်းချီမင်းဝေအောင်-မသန်းသန်းမော် မိသားစု**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ တန်ဆောင်းဒါယိကာမကြီး**
**ဒေါ်ခင်နုနု**
**အသက်(၉၂)နှစ်**

မမ အိအိစိုး (Feel Group) ၏မိခင်ဖြစ်သူ ဒေါ်ခင်နုနုသည် ၁၂-၁၂-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မမနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်မောင်ဦး၊ ဒေါ်သန္တာလွင်**
**သမီး-ဟေမာလွင်ဦး**
**(စင်ကာပူ)**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးစံရွှေ**
**အသက်(၈၃)နှစ်**
**ရုံးအဖွဲ့မှူး(ငြိမ်း)**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

ရန်ကုန်မြို့နေ ဒေါ်သန်းသန်းယဉ်(အထပြ-ငြိမ်း၊ အထက-၅၊ ဗိုလ်တထောင်)၏ ခင်ပွန်း ဦးစံရွှေ (ရုံးအဖွဲ့မှူး-ငြိမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)သည် ၁၅-၁၂-၂၀၁၅ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အငြိမ်းစားအင်ဂျင်နီယာကြီးများ**
**မဂ်လာနံနက်ခင်း (M-3)**

## တစ်လပြည့်အလွမ်း
## ရှကီလာဘီ(ခ)လွမ်းနွေနွေကျော်

**အသက်(၃၁)နှစ်**
**B.A(Psychology), LCCI**

၁၉-၁၁-၂၀၁၅ရက်နေ့ နံနက် ၁၀း၁၀ နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ အလ္လာဟ်သျှင်မြတ်အမိန့်ခံယူသွားသော မိဘဆွေမျိုးမိသားစုအပေါ် လိမ္မာသိတတ်လွန်းပြီး အစားထိုးမရနိုင်တဲ့ သမီးလေးရေ မထင်မှတ်ဘဲ ခွဲခွာသွားတဲ့ သမီးလေးကို အချိန်နဲ့အမျှ မိသားစုအားလုံးရဲ့ရင်ထဲမှာ ထာဝရရှိနေဆဲပါ။ သမီးလေးရဲ့သဏ္ဌာန်၊ သမီးလေးရဲ့ ဟန်ပန်နဲ့၊ သမီးလေးရဲ့ ရယ်မောသံတွေကြားယောင်ဆဲ၊ မြင်ယောင်ဆဲမို့ လွမ်းရမြဲပဲ သမီးလေးရယ်။ သမီးလေးအတွက် ရည်စူး၍ နေ့စဉ်အလ္လာဟ်သျှင်မြတ်ထံ ရွတ်ဖတ်ဆုတောင်းဒိုအာပြုလျက် ရှိကြပါတယ်။ သမီးလေးဂျန္နတ် သုခဘုံကို ရောက်ရှိနိုင်ပါစေ။ (အာမင်း)

**ပါပါး** - **ဟာဂျီဦးကျော်မြင့်**
**မာမား** - **ဒေါ်ဂျာနူး(ခ)ဒေါ်ညိုညိုခိုင်**
**မောင်လေး** - **ရှားအာလမ်(ခ)ရဲရင့်ကျော်**
- **ရှာဂျဟမ်း(ခ)ဇွဲမာန်ကျော်**

**ဦးလေး၊ အဒေါ်နှင့်ဆွေမျိုးများ**

Hot Line No-0930500100

# ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့အခမ်းအနား ကျင်းပ လူသားဆန်၍ လုံခြုံစိတ်ချရပြီး စနစ်တကျရှိသောရွှေ့ပြောင်းသွားလာမှုကို စီမံဆောင်ရွက်

နေပြည်တော်　　ဒီဇင်ဘာ　　၁၈

**၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။**

စာမျက်နှာ ၅ ကော်လံ ၁ သို့ ○

## ကန်ပိုက်တီးနယ်စပ်ဒေသသို့ ဝင်ရောက်လာသည့် ယာဉ်ယန္တရားများနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း

**နေပြည်တော်　　ဒီဇင်ဘာ　　၁၈**

ကချင်ပြည်နယ် ကန်ပိုက်တီးနယ်စပ်ဒေသတွင် တစ်ဖက်နိုင်ငံမှ ယာဉ်နှင့်ယန္တရားများ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်ဒေသမှတစ်ဆင့် ဝင်ရောက်လာခြင်းနှင့်စပ်လျဉ်း၍ ဖြစ်စဉ်အမှန်ပေါ်ပေါက်စေရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင်လေးဦးပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့အား ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီးတာဝန် ပူးတွဲထမ်းဆောင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၂၃/၂၀၁၅)
၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်
(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

**ပြည်ထောင်စုဝန်ကြီးတာဝန် ပူးတွဲထမ်းဆောင်စေခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၂ တို့ပါ ပြဋ္ဌာန်းချက်များအရ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီအား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ တာဝန်ကိုပါ ယနေ့မှစ၍ ပူးတွဲထမ်းဆောင်စေလိုက်သည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၇) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား ကျင်းပ

## "စေတနာ၊ အကြင်နာ၊ ဘေးကင်းကွာ"ဆိုသည့် တပ်ဖွဲ့၏ဆောင်ပုဒ်များနှင့်အညီ လက်တွေ့ကျင့်ကြံလုပ်ဆောင်



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင် အောင်စစ်သည်ဆုနှင့် လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းပြည့်ဖြိုးအောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။**　(မြဝတီ)

**နေပြည်တော်　　ဒီဇင်ဘာ　　၁၈**

နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ပြည့်ဝစွာ ထမ်းဆောင်နိုင်စေရန် တပ်မတော်ကို စွမ်းဆောင်ရည်ရှိသည့် ခေတ်မီတပ်မတော် (Standard Army)အဖြစ် တည်ဆောက်နေသကဲ့သို့ တစ်ဖက်တွင်လည်း နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးစီးပွားကို ကာကွယ်ဖော်ဆောင်မြှင့်တင်ပေးနိုင်ရန် ကြိုးပမ်းနေကြောင်း၊ ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် တပ်မတော်နှင့် ပြည်သူကို အလုပ်အကျွေးပြုရာတွင် "ကျန်းမာ၊ ကြံ့ခိုင်၊ တိုက်နိုင်ရန်"၊ "စေတနာ၊ အကြင်နာ၊ ဘေးကင်းကွာ"ဆိုသည့် တပ်ဖွဲ့၏ဆောင်ပုဒ်များနှင့်အညီ လက်တွေ့ကျင့်ကြံလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်က ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ကျင်းပသည့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၇) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ထည့်သွင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တိုင်းမှူးများ၊ ရန်ကုန်မြို့တော်ဝန်၊ တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ရန်ကုန်တပ်နယ်မှ အရာရှိကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်တန်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်က ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းပိုင်စိုးဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။**　(မြဝတီ)






themirror.npt@gmail.com
www.facebook.com/themirrordaily

